# ရတနာပုံ


yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၉) ရက် ၊ သောကြာနေ့ ၊ (11-10-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၆၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။


၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေးသို့ တက်ရောက်မည့် အာဆီယံရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ လာရောက်ဂါရဝပြုတွေ့ဆုံ

### မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးမှုကို လိုလားပြီး အာဆီယံအဖွဲ့အတွင်း အာဆီယံစိတ်ဓာတ်အပြည့်ဖြင့် အာဆီယံပဋိညာဉ်များနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သည့် (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး(18th ASEAN Navy Chief's Meeting)သို့ တက်ရောက်ကြမည့် အာဆီယံရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သည့် (၁၈)ကြိမ်မြောက် အာဆီယံ ရေတပ်ဦးစီးချုပ်များအစည်းအဝေး (18th ASEAN Navy Chief's Meeting)သို့ တက်ရောက်ကြမည့် အာဆီယံရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များက ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။


**စာမျက်နှာ ၁၆ ကော်လံ ၁**





ရတနာပုံ
၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၁ ရက်
အယ်ဒီတာ့အာဘော်

# တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး

နိုင်ငံတစ်နိုင်ငံအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်ရာတွင် အစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူတို့က အဓိကဖြစ်သည်။ ထို့ကြောင့် အစိုးရအနေဖြင့် နိုင်ငံ့ဝင်ငွေတိုးတက်ရရှိရေး၊ အကောက်အခွန်နှင့်ရသင့်ရထိုက်သည့် အခွန်အခများဆုံးရှုံးမှုမရှိစေရေး၊ ပြည်သူများအတွက် ဘေးကင်းစိတ်ချရသည့် ကုန်စည်များအာမခံချက်ပေးနိုင်ရေးအတွက် တရားမဝင်ကုန်သွယ်မှုကို လုံးဝကင်းစင်ပပျောက်သည်ထိ တိုက်ဖျက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပေသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံ့ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာတွင် တရားမဝင်ကုန်သွယ်မှုများသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်စေသည့်အတွက် တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာတိုက်ဖျက်နေပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသော တရားမဝင်ကုန်သွယ်မှုများကို တိုးမြှင့်ဖမ်းဆီးရရှိရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။

တရားမဝင်ကုန်ပစ္စည်းများသည် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နှောင့်နှေးစေသည့်အပြင် အရည်အသွေးအာမခံချက်မရှိသော စားသောက်ကုန်နှင့်ဆေးဝါးများကြောင့် စားသုံးသူပြည်သူများကိုလည်း အန္တရာယ်ဖြစ်စေသည်။ ထို့ပြင် ပေါက်ကွဲစေတတ်သော ပစ္စည်းများ၊ ဓာတုကုန်ကြမ်းပစ္စည်းများနှင့် မူးယစ်ဆေးဝါးများကလည်း ပြည်သူများအတွက် ကြီးမားသောအန္တရာယ်ဖြစ်စေသောကြောင့် နိုင်ငံတော်အနေဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်လျက်ရှိပေရာ ဖမ်းဆီးရရှိမှုများအနေဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ် ဩဂုတ်လထိ နှစ်နှစ်နှင့်ရှစ်လအတွင်း အမှုတွဲ ၁၄၆၅၉ မှုတွင် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀ ဒသမ ၀၂၈ ဘီလီယံ ဖမ်းဆီးရမိခဲ့သည်။

တရားမဝင်ကုန်ပစ္စည်းများကြောင့် တရားဝင်ပို့ကုန်ပမာဏကျဆင်းပြီး နိုင်ငံခြားသုံးငွေဝင်ရောက်မှု ကျဆင်းခြင်း၊ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ငွေပေးချေမှုများပြုလုပ်နေခြင်းကြောင့် မှောင်ခိုငွေကြေးဈေးကွက်ဖြစ်ပေါ်စေခြင်း၊ နိုင်ငံတော်၏ ရငွေ၊ သုံးငွေစာရင်းအမှန်များ တွက်ချက်ရန်အခက်အခဲများဖြစ်စေခြင်းနှင့် အကျိုးဆက်အားဖြင့် မှန်ကန်သည့်ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာမူဝါဒများ ချမှတ်နိုင်ရေးအပေါ် အဟန့်အတားအနှောင့်အယှက်ဖြစ်စေခြင်းတို့ကို ဖြစ်စေပါသည်။

တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေပြီး အဟန့်အတားဖြစ်စေသည့်အပြင် အခွန်အခများဆုံးရှုံးခြင်းတို့ကိုဖြစ်စေသည်။ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍများအပြင် ပြည်သူအားလုံးကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းများကြီးကြပ်ရေး လုပ်ငန်းကော်မတီဝင်ရွေးချယ်ခြင်းအခမ်းအနား ကျင်းပ



**မန္တလေး အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းများကြီးကြပ်ရေး လုပ်ငန်းကော်မတီ၏ ကော်မတီဝင်ရွေးချယ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အဆိုပါကော်မတီရုံး ရွှေမန္တလေး ခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ တိုင်းဒေသကြီး ပို့ဆောင်ရေးစီမံကိန်းဦးစီးမှူးဦးတင်စိုးနှင့် တာဝန်ရှိသူများ၊သက်ဆိုင်ရာယာဉ်ရပ်နားစခန်းကွင်းများအလိုက် ကိုယ်စားလှယ်လောင်း ၁၈ ဦး တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပို့ဆောင်ရေးစီမံကိန်း ဦးစီးမှူးက ကော်မတီဝင် ရွေးချယ်ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကော်မတီဝင်ရွေးချယ်ပွဲကို ဆက်လက်ကျင်းပရာ ကိုယ်စားလှယ်လောင်း ၁၈ ဦး အမည်စာရင်းများကို ကြေညာခဲ့သည်။

ထို့နောက် ကိုယ်စားလှယ်လောင်း ၁၈ ဦးအနက် ကော်မတီဝင် ခုနစ်ဦးရွေးချယ်ပြီး အဆိုပါ ကော်မတီဝင် ခုနစ်ဦးတွင် ဥက္ကဋ္ဌ တစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦးတို့ကိုလည်းကောင်း၊ ကော်မတီဝင်(၁)၊ ကော်မတီဝင်(၂)၊ ကော်မတီဝင်(၃)နှင့် ကော်မတီဝင်(၄)တို့ကိုလည်းကောင်း အစီအစဉ်အတိုင်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျရွေးချယ်ကာ သဘာပတိက အတည်ပြုကြေညာခြင်း၊ လုပ်ငန်း တာဝန်ခွဲဝေသတ်မှတ် အတည်ပြု ကြေညာခြင်းများကို ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဆန္ဒမဲပေးရွေးချယ်တင်မြှောက်ခြင်း ခံရသော ဦးအောင်ကျော်လင်းက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

မျိုးကျော်

# မအူပင်မြို့နယ်မှထွက်ရှိသည့် ဒေသထွက် ထောပတ်ပဲဖြူများ အရောင်းအဝယ်ကောင်းမွန်နေ

**မအူပင် အောက်တိုဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ဈေးကွက်တွင် ထောပတ်ပဲဖြူ (အပြားကြီး) များ ဝယ်ယူမှု အားကောင်းလာခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း မအူပင်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဝင်းက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် အောက်တိုဘာ ၁ ရက်မှ ယနေ့ထိ ထောပတ်ပဲဖြူ (အပြားကြီး) များ ဝယ်ယူမှုများပြားနေခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

''အခုဒေသ ဈေးကွက်မှာ အခြားပဲတွေထက် ထောပတ်ပဲဖြူ ဝယ်လိုအားကောင်းလာပါတယ်။ အောက်တိုဘာလ ပထမပတ်ကနေ အဝယ်လိုက်လာတာ ဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက်ကထောပတ်ပဲဖြူတွေ အရောင်းအဝယ်ကောင်းမွန်နေခြင်းကြောင့် အရောင်းကောင်းလာတာပါ။ ပြည်တွင်း ဈေးကွက်အပြင် ပြည်ပဈေးကွက်ကိုလဲ ပြန်တင်ပို့နေလို့ အခုလိုဝယ်ယူမှု ကောင်းလာခဲ့တာဖြစ်ပါတယ်။ မကြာခင်လဲ ဒေသထွက် ထောပတ်ပဲဖြူအသစ်တွေ ထွက်ရှိတော့မှာပါ''ဟု မအူပင်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဝင်းက ပြောပြသည်။

မအူပင်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် အရောင်းအဝယ်ကောင်းနေသည့် ထောပတ်ပဲဖြူ ၁၆ ပြည်ဝင် တစ်အိတ်လျှင်ငွေကျပ် ၈၇၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါထောပတ်ပဲဖြူများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်၊ ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းရရှိလျက်ရှိကြောင်း မအူပင်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဝင်းထံမှ သိရသည်။**ကျော်ကျော်လင်း**

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး အောက်တိုဘာ ၁၀**

ကားဈေးကွက်တွင် ကားဈေးနှုန်းများ အမြင့်ဈေးတန်းတွင်သာရှိနေဆဲဖြစ်ပြီး အောက်တိုဘာလဆန်းပိုင်းမှစ၍ ပြည်တွင်းရွှေဈေး၊ ဒေါ်လာဈေး ကျဆင်းလာသော်လည်း ပြည်တွင်းကားဈေးနှုန်းများ သိသိသာသာကျဆင်းလာခြင်းမရှိသေးကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ကားဈေးများ အမြင့်ဈေးတန်းတွင် ရှိနေသော်လည်း ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီ ပစ်ကပ်ကားလေးများ အရောင်းအဝယ် အနည်းငယ်ရှိနေသေးကြောင်း၊ ပွိုင့်သရီးကားအမျိုးအစားများမှ ဟွန်ဒါဖစ်၊ တိုယိုတာဝစ်ရှ်၊ တိုယိုတာဗစ်ဇ်၊ တိုယိုတာရက်တစ်ဇ်၊ တိုယိုတာဘယ်လ်တာကားအမျိုးအစားများ အရောင်းအဝယ်ရှိကြောင်း သိရသည်။

"လက်ရှိ ရွှေဈေး၊ ဒေါ်လာဈေးတွေကျလာပေမဲ့ ကားဈေးတွေကတော့ ကျမလာသေးပါဘူး။ အမြင့်ဈေးတန်းမှာပဲ ရှိနေသေးတယ်။ အရင်လို ဖရီးပါမစ်ပေးတာတို့၊ ဂျပန် တစ်ပတ်ရစ်ကားလေးတွေ ပြန်သွင်းဖို့ခွင့်ပြုတာတို့ လုပ်ပေးမယ်ဆိုရင် ပြည်တွင်းကားဈေးက သိသာတဲ့ အပြောင်းအလဲတွေ ရှိလာနိုင်ပါတယ်"ဟု ကားဝယ်ရောင်းပြုလုပ်သူ ဦးဇော်ကြီးက ပြောပြသည်။

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင်လည်း ဆိုင်ကယ်အရောင်းအဝယ်များ အေးနေမှုကြောင့် ဈေးတန်းမြင့် တစ်ပတ်ရစ်ဘီးများပါ ဈေးလျှော့ရောင်းချနေရသကဲ့သို့ အရောင်းအဝယ်အေးနေမှုသည် လာမည့်လအနည်းငယ်ထိ ဆက်လက်ဖြစ်နေနိုင်ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

တစ်ပတ်ရစ်ဆိုင်ကယ်အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ဘီးကြောကောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တရုတ်ဘီးများဖြစ်သော ကန်ဒါ၊ ဆိုင်ကလုန်း၊ ဖောင်ချမ်းအမျိုးအစားများမှာ ပို၍အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် အော်တိုဂီယာနောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၄၅ သိန်းမှ ၇၅ သိန်းခန့်၊ အနိမ့်ဘီး Click များမှာ ငွေကျပ် သိန်း ၂၀ မှ ၃၅ သိန်းခန့်ဈေးရှိကြောင်း၊ ထိုင်းနိုင်ငံထုတ် Scoopyi နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် သိန်း ၂၀ မှ ၃၃ သိန်းခန့်ဈေးရှိကြောင်း ဆိုင်ကယ်ဝယ်ရောင်းလုပ်သူ ဦးမင်းနိုင်က ပြောပြ၍ သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တတ်ချင်ရင် သင်၊ မြင်ချင်ရင် ကြည့်၊ သိချင်ရင် မေး၊ ရေးချင်ရင် ဖတ်

''သူငယ်ချင်းရေ မင်းတို့မြန်မာနိုင်ငံစာရေးဆရာအသင်းက **စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ်(၁၁)**ကို နိုဝင်ဘာလ ၄ ရက်ကနေ ၂၈ ရက်နေ့ထိ တစ်လတိတိ မင်းတို့ရုံးမှာ ဖွင့်လှစ်တော့မဲ့အကြောင်း သတင်းစာတွေထဲမှာရော ဖေ့စ်ဘွတ်ခ်မှာပါ တွေ့နေရပါလားကွ''

''အေးလေ ဘာဖြစ်လို့လဲ''

''သြော် အမှတ်စဉ်(၁၁)ဖွင့်လှစ်တော့မယ်ဆိုတော့ အရင်က ၁၀ ကြိမ်တောင် ဖွင့်လှစ်နိုင်ခဲ့တဲ့သဘောပေါ့ကွာ။ ငါသိချင်တာက ဘယ်အချိန်မှာ ဘယ်လိုဖွင့်ခဲ့တယ်ဆိုတာကို သိချင်လို့ပါကွာ''

''မင်း စိတ်ဝင်စားရင် ငါ ရှင်းပြပါ့မယ်။ ဒီလိုကွ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့သက်တမ်းကာလကတည်းက တစ်နှစ်မှာ တစ်ကြိမ်ဖွင့်လှစ်ခဲ့တာကွ။ **စာပေရေးသားကြဖို့၊ ဝါသနာပါကြသူတွေကို စာရေးသားနည်းအခြေခံသဘောတရားတွေ သင်ကြားပေးခြင်းအားဖြင့် စာပေလောကသားမျိုးဆက်သစ်တွေတိုးပွားများပြားလာပြီး စာပေလောကဖွံ့ဖြိုးတိုးတက်စေဖို့** ရည်ရွယ်ချက်နဲ့ တစ်နှစ်တစ်ကြိမ်ဖွင့်လှစ်ပေးခဲ့တာ ၁၀ ကြိမ်တိတိ ရှိခဲ့ပြီပေါ့ကွာ''

**စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ် (၁)** ကို ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂၇ ရက်ထိလည်းကောင်း၊ အမှတ်စဉ်(၂)ကို ၂၀၁၁ ခုနှစ် မေ ၂၅ ရက်မှ ဇွန် ၂၅ ရက်ထိလည်းကောင်း၊ အမှတ်စဉ်(၃)ကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၆ ရက်မှ ဒီဇင်ဘာ ၈ ရက်ထိလည်းကောင်း၊ အမှတ်စဉ်(၄)ကို ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှ အောက်တိုဘာ ၁၇ ရက်ထိလည်းကောင်း၊ အမှတ်စဉ်(၅)ကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိလည်းကောင်း၊ အမှတ်စဉ်(၆)ကို ၂၀၁၅ ခုနှစ် ဩဂုတ် ၁ ရက်မှ စက်တင်ဘာ ၉ ၇ ရက်ထိလည်းကောင်း၊ အမှတ်စဉ်(၇)ကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်လည်းကောင်း၊ အမှတ်စဉ်(၈)ကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိလည်းကောင်း၊ အမှတ်စဉ်(၉)ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၁ ရက်ထိလည်းကောင်း၊ အမှတ်စဉ်(၁၀) ကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၂၈ ရက်ထိလည်းကောင်း အသီးသီးဖွင့်လှစ်နိုင်ခဲ့ပါတယ်။

အဆိုပါ သင်တန်းအမှတ်စဉ်အသီးသီးမှာ သံဃာတော်များနှင့်သီလရှင်များအပါအဝင် သင်တန်းသူ၊ သင်တန်းသားများ အများအပြားတက်ရောက်ခဲ့ပြီး သင်တန်းဆင်းအမှတ်တရစာအုပ်များကိုလဲ အသီးသီးထုတ်ဝေနိုင်ခဲ့ပါတယ်။

''ငါမရှင်းလို့ မေးပါရစေ။ စာရေးဆရာ၊ ဆရာမဖြစ်ဖို့ သင်တန်းပို့ချပေးလို့ ရသလားကွ။ ဥပမာပြောရရင် မင်းတို့စာရေးဆရာဖြစ်လာတာဟာ ဘာသင်တန်းမှ မတက်ရဘဲ စာရေးဆရာဖြစ်လာတာမဟုတ်လား''

''မင်းမေးထိုက်ပါတယ်။ ငါ နှစ်ပိုင်းခွဲခြားပြီး ရှင်းပြမယ်။ တို့ငယ်စဉ်က စာရေးနည်းသင်တန်းမရှိခဲ့ဘူး။ ဒါပေမဲ့ တို့က စာပေဝါသနာပါလို့ စာရူးပေရူးလေးတွေဖြစ်ခဲ့ကြတယ်။ စာသင်ခန်းထဲမှာ စကားပြေ၊ ကဗျာ၊ စာစီစာကုံး အရေးအသားတွေကိုလဲ ကြိုးစားလေ့ကျင့်ခဲ့ကြတယ်။ **''တတ်ချင်ရင် သင်၊ မြင်ချင်ရင် ကြည့်၊ သိချင်ရင် မေး၊ ရေးချင်ရင် ဖတ်''** လို့ တို့ရဲ့ မြန်မာစာပြဆရာကြီး ဦးရွှေဝိုင်းက သင်ကြားပြသခဲ့တယ်။ ဆရာကြီးဦးရွှေဝိုင်းဆိုတာက ဒဂုံမဂ္ဂဇင်းခေတ်ကတည်းက ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ တေးထပ်၊ ရတုတွေကို ရေးသားခဲ့တဲ့ စာရေးဆရာကြီး ရွှေငယ်ဝိုင်း(ကြို့ပင်ကောက်)ပဲကွ။ တို့စာရေးဆရာအသင်းက နှစ်စဉ်ကန်တော့နေခဲ့ရတဲ့ သက်ကြီးစာပေပညာရှင်ကြီးကွ။ အသက် ၉၃ နှစ်အရွယ် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်နေ့မှာ ကွယ်လွန်သွားရှာပြီကွ။ ဆရာကြီးဦးရွှေဝိုင်းရဲ့ ပြုစုပျိုးထောင်ပေးမှုကြောင့် သက်နိုင်(ကြို့ပင်ကောက်)၊ ချောသန့်စင်၊ မောင်စိန်ဝင်း (ပုတီးကုန်း) နဲ့ ငါအပါအဝင် ဦးမြင့်ဝေ (ကြို့ပင်ကောက်)၊ ကြို့ပင်ကောက်တင်မောင်ဦး၊ ငယ်လေးမောင်(သပြေရုံ)တို့ စာရေးဆရာတွေ ဖြစ်လာတာပေါ့ကွာ။ တို့စာရေးဆရာအသင်းက ကျင်းပခဲ့တဲ့စာပေပြိုင်ပွဲမှာ ဆောင်းပါးပထမဆုရခဲ့တယ်။

> ❖ တို့ကျောင်းသားဘဝက ဆရာသူရိယကန္တိ၊ ဆရာတက္ကသိုလ်နန္ဒမိတ်၊ ဆရာသော်တာဆွေ၊ ဆရာရန်ကုန်ဘဆွေ၊ ဆရာမောင်ထင်တို့က စာရေးနည်းအခြေခံတွေကို လမ်းညွှန်ရေးသားခဲ့ကြတယ်။ အဲဒီစာအုပ်တွေဟာ တို့ရဲ့သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေပဲကွ။ ဖတ်ပါများတော့ စုမိ၊ စုမိရာကကြာတော့ စာရေးဆရာဖြစ်လာရတော့တာပေါ့ကွာ။ ဒီနေရာမှာ မင်းရှင်းအောင်၊ မင်းနားလည်အောင် ငါပြောပြမယ်။ စာရေးသားနည်းကို သင်ပေးလို့မရဘူးဆိုတာထက် လွယ်လင့်တကူ သင်ပေးလို့မရဘူးဆိုတာက ပိုမှန်တယ် ဘယ်ပညာရပ်မဆို ဆရာမပြနည်းမကျတဲ့ကွ ❖

''ဆရာကြီး ဦးရွှေဝိုင်းက ''ဘာပဲလုပ်ချင်လုပ်ချင်၊ တတ်အောင်လုပ်ရတယ်။ ဒါပေမဲ့ တကယ်လုပ်ချင်တဲ့ စိတ်ရင်းအမှန် ဖွဲ၊ ဝီရိယရှိကြဖို့လိုတယ်။ ကောက်ရိုးမီးလို ကျင့်လို့မရဘူး။ ရှားမီးလိုကျင့်ရမယ်။ စာရေးဆရာ၊ သတင်းစာဆရာဖြစ်ချင်သလား။ စာများများဖတ်ကြပါ။ မှတ်သားကြပါ။ အချက်အလက်၊ အကိုးအကား၊ အထောက်အထားတွေကို ရသမျှ ''စု'' ထားကြပါ။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေနဲ့ ရေးနည်းရေးဟန်တွေကို အတုယူထားကြပါ။ ပြုစုရေးသားကြပါ။ အချုပ်ကိုပြောရရင်တော့ **''တတ်ချင်ရင် သင်၊ မြင်ချင်ရင် ကြည့်၊ သိချင်ရင် မေး၊ ရေးချင်ရင် ဖတ်''** ကြပါ။ **စု၊ တု၊ ပြု** နည်းလမ်းကို လေ့ကျင့်ကြပါ''လို့ ညွှန်ကြားလှုံ့ဆော်ပေးလေ့ရှိခဲ့တယ်ကွ။ ငါတို့ ၁၀ တန်းမှာ ပြဋ္ဌာန်းခဲ့တဲ့ သိပ္ပံမောင်ဝရဲ့ ဝတ္ထုဆောင်းပါးတွေနဲ့ ဦးပုညဝတ္ထု လေးပုဒ်ကို သင်ကြားခွင့်ရတာကလည်း စာရေးချင်စိတ်ကို ပြင်းပြစေတယ်ကွ''

တို့ကျောင်းသားဘဝက ဆရာသူရိယကန္တိ၊ ဆရာတက္ကသိုလ်နန္ဒမိတ်၊ ဆရာသော်တာဆွေ၊ ဆရာရန်ကုန်ဘဆွေ၊ ဆရာမောင်ထင်တို့က စာရေးနည်းအခြေခံတွေကို ရေးသားခဲ့ကြတယ်။ အဲဒီစာအုပ်တွေဟာ တို့ရဲ့သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေပဲကွ။ ဖတ်ပါများတော့၊ စုမိ၊ စုမိရာက ကြာတော့ စာရေးဆရာဖြစ်လာရတော့တာပေါ့ကွာ။ ဒီနေရာမှာ မင်းရှင်းအောင်၊ မင်းနားလည်အောင် ငါပြောပြမယ်။ **စာရေးသားနည်းကို သင်ပေးလို့မရဘူးဆိုတာထက် လွယ်လင့်တကူ သင်ပေးလို့မရဘူးဆိုတာက ပိုမှန်တယ်** ဘယ်ပညာရပ်မဆို၊ ဆရာမပြနည်းမကျတဲ့ကွ။ ဆရာပြမှ နည်းကျတာ။ ဥပမာပြောရရင်ကွာ၊ **''ဆရာသိပ္ပံမောင်ဝ''** က ''မင်္ဂလာဆောင်တွင်ဖတ်ရမဲ့ဩဘာစာကို ဝါကျတိုတိုတောင်းတောင်းကလေးများနှင့် ရေးသားမည်ဆိုလျှင် လူရယ်စရာဖြစ်နေပေလိမ့်မည်။ တစ်ယောက်နှင့်တစ်ယောက် အချင်းဖြစ်ပွားသောအကြောင်း၊ မီးလောင်၍ ပြေးလွှားရသောအကြောင်းများကို ရေးသောအခါ မင်္ဂလာဆောင်ဩဘာစာကဲ့သို့ ရေးသားနေမည်ဆိုလျှင် လူရယ်စရာဖြစ်သွားမည်ကို သတိထားသင့်လှသည်''လို့ ညွှန်ပြသတိပေးခဲ့တယ်။ **''ဆရာမောင်ထင်''** ကလဲ ''စာရေးကောင်းသည့် လက္ခဏာမှာ မိမိဆိုလိုရင်းကို သူတစ်ပါး ချက်ချင်းနားလည်အောင် ရေးနိုင်ခြင်းပင်ဖြစ်သည်။ ခက်ခဲနက်နဲသောအချက်အလက်များကိုပင် သူတစ်ပါးရှင်းရှင်းလင်းလင်း သိလွယ်အောင်ရေးနိုင်လျှင် စာကောင်းသည်ဟု ဆိုရပေမည်''လို့ ညွှန်ပြခဲ့တယ်။ ''ဆရာဇဝန'' ကတော့ သတင်းစာသုံးမြန်မာစာသည် တိုတောင်းရသည်။ ''သူတစ်ပါး၏ပစ္စည်းဥစ္စာကို ခိုးယူခြင်းမပြုရ'' ဟူသော အရေးအသားသည် ကျမ်းစာသုံးဖြစ်၏။ သတင်းစာ၌မသုံးရ။ သတင်းစာသုံးမှာ **''သူ့ဥစ္စာကို မခိုးရ''** ဟု ရေးရ၏။ တိုရမည်။ ရှင်းလင်းပြတ်သားရမည်''လို့ သတင်းရေးသားနည်းကို လမ်းညွှန်ခဲ့သလို ''အလွမ်း၊ အသော၊ သည်းထိတ်ရင်ဖို ခံစားချက်များဖြင့် ထုံမွမ်းပေးခြင်းဖြင့် သတင်းစာဆောင်းပါးဖြစ်လင့်ကစား ရသ၊ စာပေဝင်ကာ ဂုဏ်မြောက်စေပါသည်''လို့ သတင်းစာဆောင်းပါးရေးသားနည်းကို မီးမောင်းထိုးပြခဲ့တယ်။

''ဆရာကြီးရွှေဥဒေါင်း'' ကတော့ ခွန်အားရှိသောစာ (Force Language) ရေးတတ်ရန် (၁) ရေးလိုသောအကြောင်းအရာကို ကောင်းစွာနားလည်ခြင်း၊ (၂) အချက်ကျကျရေးတတ်ခြင်း (တစ်နည်းအားဖြင့်) သင့်တော်သောစကားလုံးကို ရွေးချယ်တတ်ခြင်းနှင့် (၃) ကြံ့ခိုင်ကျစ်လျစ်သော ဝါကျမျိုးတည်ဆောက်တတ်ခြင်းနှင့် ပြည့်စုံရန်လိုသည်'' လို့ လမ်းညွှန်ခဲ့တယ်။ ''ဆရာသော်တာဆွေ''ကတော့ ''ဘာအကြောင်းအရာပဲရေးရေး၊ ဖတ်လိုက်တာနဲ့ လက်ကမချနိုင်အောင် စာဖတ်သူကို ဆွဲခေါ်သွားနိုင်အောင်၊ ဆွဲဆောင်ပြီးရေးသင့်တယ်။ ဖတ်သူစိတ်ဝင်စားအောင်၊ ရင်းရင်းနှီးနှီးနဲ့အသက်ဝင်အောင်၊ ဖတ်ချင်စဖွယ်ဖြစ်အောင် ရေးရမယ်'' လို့ တွန်းအားပေးလှုံ့ဆော်ခဲ့တယ်။ ''ဆရာဒဂုန်ရွှေမျှား'' က ''သတင်းဆောင်းပါးက အချိန်မီဖြစ်ခြင်း၊ စာဖတ်သူတို့ မျှော်လင့်ချိန်ဖြစ်ခြင်းများ ရေးသားရတယ်။ မဂ္ဂဇင်းဆောင်းပါးက ကျယ်ပြန့်ခိုင်ခံ့ရေရှည်အသုံးပြုနိုင်ရမယ်။ အစီအစဉ်ကျနရမယ်။ မဂ္ဂဇင်းအင်္ဂါရပ်တွေရှိရမယ်။ **ဝတ္ထုဟာ စားဆေးနဲ့တူပြီး ဆောင်းပါးဟာ ထိုးဆေးနဲ့တူတယ်။** ဝတ္ထုဟာ စိတ်ကူးကပေါ်ထွက်လာပြီး ဆောင်းပါးဟာ အကျိုးအကြောင်း အချက်အလက်တိကျမှုရှိရမယ်'' လို့ ရှင်းလင်းညွှန်ပြခဲ့တယ်။

''စာရေးတတ်သွားကြလို့ စာရေးဆရာဖြစ်လာကြသူတွေထဲက စာပေတာဝန်မကျေပွန်သူတွေနဲ့ ပတ်သက်လို့ **''ဆရာကြီးဇေယျ''**က စာဝလေ့စာအုပ်ထဲမှာ **''ကလောင်သွားနဲ့မုန့်ဟင်းခါး''** ဆိုပြီး သတိပေးရေးသားခဲ့တယ်။ ''ကိုယ့်တာဝန်ကိုယ်မသိ။ ရေးရလျှင် ပြီးရော၊ ပိုက်ဆံရလျှင်ပြီးရော၊ နာမည်ကြီးလျှင်ပြီးရော၊ တာဝန်ကင်းသဘောထားကြလျှင် လက်ထဲက ကလောင်လေးကို လမ်းဘေးအမှိုက်ပုံထဲ ပစ်ထည့်၍ ဈေးတောင်းခေါင်းရွက် မုန့်ဟင်းခါး တစ်ထမ်းနှင့် လမ်းတကာလည်၍ရောင်းခြင်းက ပို၍သင့်မြတ်ပေလိမ့်မည်'' လို့ ရှုတ်ချသတိပေးခဲ့တယ်။ ''ဆရာတက္ကသိုလ်ဘုန်းနိုင်'' ကတော့ ''အရေးလှတယ်ဆိုတာ၊ အတွေးလှခြင်းကလာတယ်။ အတွေးလှတယ်ဆိုတာကလည်း မြင်တတ်ရှုတတ်ပြီး ဆင်ခြင်တတ်လို့ပဲပေါ့''လို့ လမ်းညွှန်ခဲ့တယ်။ **''ဆရာဦးသိန်းဖေမြင့်''** ကတော့ **''အတွေးသက်သက်ဖြင့် မရှာနှင့်၊ လူထုကြီးထံ ချဉ်းကပ်ရှာဖွေဖို့လိုသည် (ပြည်သူကြားမှာ အမှန်ရှာပါ)''** လို့ တပ်လှန့်နှိုးဆော်ခဲ့တယ်။ **''ဆရာကြီးဦးရန်အောင်''** ကတော့ **''ဝမ်းတွင်မပါ၊ စိတ်မှာမထင်၊ ယင်းကြောင်းအင်ကို၊ စာတင် ရေးသား၊ သင်ရှောင်ရှားလော့''** လို့ သတိပေးခဲ့တယ်ကွ။

''ရှေးက စာပေပညာရှင်ကြီးတွေရဲ့ စာပေရေးသားနည်းအဆိုအမိန့်တွေကို ဖော်ပြရရင် ကုန်မှာမဟုတ်ဘူး။ အဲ့ဒီရေးသားနည်းတွေကို နည်းယူပြီး ဝါသနာလည်းပါ၊ ဖွဲလည်းရှိရှိနဲ့ ကြိုးစားကြရင်တော့ စာရေးဆရာဖြစ်လာမှာ သေချာတယ်။ စာရေးနည်းသင်တန်းတက်ထားကြရင်တော့ စာဖတ်အားမှတ်အားထက် လက်တွေ့အရေးအသား၊ အယူအဆတွေကို ပိုပြီးနားလည်လာကြတယ်။ ဘယ်စာကို ဘယ်လို ရေးသားပြီး ဘယ်လိုအသိတရားမျိုးပေးနိုင်တယ်ဆိုတာကို ပိုမိုသိရှိလာကြတယ်ကွ။ အတွေ့အကြုံရှိကြတဲ့ သမ္ဘာရင့်စာပေပညာရှင်ကြီးတွေရဲ့ ကိုယ်တွေ့တွေကို ခဏလေးနဲ့ရယူနိုင်ကြတယ်။ ယူတတ်ရင်ရတယ်ကွ။

''နောက်တစ်ပိုင်းက မှုခင်းသတင်းနဲ့ မှုခင်းဆောင်းပါးရေးသားနည်းကိုတော့ ဖတ်မှတ်အားထက်၊ လက်တွေ့သင်ကြားနိုင်ရင် ပိုကောင်းတယ်။ ဘာကြောင့်လဲဆိုရင် တခြားသုတရသစာပေတွေနဲ့ မတူဘဲ တော်တော်အန္တရာယ်ရှိလို့ပဲကွ။ သတင်းဆိုကတည်းက ''ဘ'' ခြောက်လုံးကို သိထားကြဖို့လိုသလို၊ အရပ်လေးမျက်နှာကရတာတွေဟာ သတင်းဖြစ်တယ်ဆိုတဲ့ သတင်းရဲ့ဇာစ်မြစ်ကိုလည်း သိထားကြဖို့လိုတယ်။ ''သတင်းရေးရန် ''ဘယ်သူ့'' ထံ၊ တွေးကြံသိထားကြ။ ''ဘယ်သူကစ'' ''ဘယ်တုန်း'' က ''ဘယ်မှာ'' ''ဘာကြောင့်'' ဗျ။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၃၈၇၅၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပုသိမ် အောက်တိုဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၃၈၇၅၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၃၉၈၈ ဧကကို ယခုနှစ် ဇူလိုင်လ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးစပါး ၁၃၈၇၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စပါးများရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့် သက်ဆိုင်ရာဌာနများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

"အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန်ကြီးထောင့်မြို့နယ်မှာ စပါး ဧက ၁၄၃၀၀၀ ထိ လျာထား စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ လက်ရှိစပါးတွေ လျာထားဧကအားလုံး အခက်အခဲမရှိရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေကို နည်းပညာနဲ့ အခြားပံ့ပိုးပေးစရာတွေကို ကြိုတင်စီမံဆောင်ရွက်ပေးထားပါတယ်။ စပါးမျိုးတွေကိုလဲ မျိုးကောင်းမျိုးသန့်စပါးမျိုးတွေကို ဝယ်ယူဆောင်ရွက်ပေးခဲ့ပါတယ်။ လိုအပ်တဲ့နည်းပညာနဲ့ စိုက်နည်းစနစ်တွေကိုလဲ စနစ်တကျ ပံ့ပိုးဆောင်ရွက်ပေးထားပါတယ်''ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

➤စာမျက်နှာ ၄ မှအဆက်

''ဘယ်နည်း၊ ဘယ်ပုံ'' ''ဘာဖြစ်တုံ'' အကုန်ရေးဖော်ပြ၊ အတည်ပြုရန် ''ဘယ်သူ့ထံ'' မေးရန်သိထားကြ (၁) ဘယ်သူ (၂) ဘယ်တုန်းက (၃) ဘယ်မှာ (၄) ဘာကြောင့် (၅) ဘယ်နည်းဘယ်ပုံ (၆) ဘာဖြစ်တုံ ''ဘ'' ခြောက်လုံးနဲ့အညီသာ သတင်းရေးသားရင် ပြဿနာတွေနဲ့ ကင်းဝေးတယ်။ ''ဘ'' ခြောက်လုံးနဲ့မညီလို့ တချို့မီဒီယာသမားတွေ၊ တရားစွဲခံနေကြရသလို ထောင်ချခံနေကြရတယ်။

''ဘ ခြောက်လုံးနဲ့ညီပေမယ့် ဖော်ပြသင့်တဲ့ သတင်း၊ မဖော်ပြသင့်တဲ့ သတင်းရှိသေးတယ်။ တချို့နိုင်ငံတော်ရဲ့ လျှို့ဝှက်ချက်သတင်းမျိုး၊ ပုဂ္ဂိုလ်ရေးအကျိုးစီးပွားထိခိုက်နိုင်တဲ့ သတင်းမျိုးတွေကို ရှောင်ကြဉ်ကြရတယ်။ မှုခင်းသတင်းတွေ ရေးသားတဲ့နေရာမှာ ကြားသတင်းကို လုံးဝမရေးသားရဘူး။ ရဲစခန်းမှာ အမှုဖွင့်ထားပြီး ပထမသတင်းပေးတိုင်ကြားချက် (ပ) နံပါတ်ပါတဲ့ အမှုကိုပဲ ရေးသားဖော်ပြကြရတယ်။ အသက် (၁၆) နှစ်မပြည့်သေးတဲ့ ကလေးသူငယ်တွေရဲ့အမှုမှာ ဓာတ်ပုံ မဖော်ပြရဘူး။ ပြည့်တန်ဆာတွေရဲ့အမှုမှာ မျက်နှာတွေကို ဖုံးအုပ်ထားကြရမယ်။ ရက်စက်မှုအနိဋ္ဌာရုံ ဓာတ်ပုံတွေကို မဖော်ပြရဘူး။ ဘာသတင်းပဲရေးရေး ကိုယ့်အယူအဆကို မထည့်ရဘူး။ ဆောင်းပါးနဲ့ သတင်းဟာ မတူဘူး။ ဆောင်းပါးမှာ ကိုယ့်ထင်မြင်ယူဆချက် ထည့်ရေးမိလို့ အသရေပျက်မှု၊ တရားရုံးများ မထီမဲ့မြင်မှုတွေနဲ့ ရင်ဆိုင်ဖြေရှင်းခဲ့ကြရတယ်ကွ"

''အခုဖွင့်လှစ်မယ့် သင်တန်းအမှတ်စဉ်(၁၁)မှာ သတင်းမှား၊ သတင်းတုတွေနဲ့ပတ်သက်လို့ ပို့ချသင်ကြားပေးမဲ့ ဆရာကြီးကတော့ တစ်သက်တာစာပေဆုရ အလင်္ကာကျော်စွာတက္ကသိုလ်မြတ်သူပါလာသလို၊ တစ်သက်တာစာပေဆုရ ဆရာကြီးဒေါက်တာထွန်းတင့်၊ ဆရာလယ်တွင်းသားစောချစ်၊ ဆရာမောင်ခင်မင်(ဓနုဖြူ)၊ ဆရာသူရဇော်၊ ဆရာမကြီးကြူကြူသင်း၊ ဆရာမ မစန္ဒာနဲ့ ဆရာမြင်းမူမောင်နိုင်မိုးတို့လဲ ပါလာကြတယ်ကွ။ ဒေါက်တာခင်သန်းဦး(မမိုးမြေ)၊ မနှင်းဖွေးနဲ့ တို့အမျိုးသားစာပေဆုရ စာရေးဆရာတွေလဲပါတယ်ကွ။ ဆရာ၊ ဆရာမ ၁၆ ယောက်ပို့ချသင်ကြားပေးကြမှာကွ။ အခြေအနေပေးရင် စာရေးသားချင်ကြသူတွေ တက်ရောက်လေ့လာပညာယူသင့်ကြတယ်ကွ''

''မင်းပြောတာ သဘာဝကျပြီး လက်တွေ့အမှန်တရားဆိုတာ ငါ ယုံကြည်ပါတယ်သူငယ်ချင်းရာ။ အခြေအနေပေးရင် စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းတွေ ဆက်လက်ဖွင့်လှစ်ပေးနိုင်ပါစေလို့ ဆုတောင်းနေပါ့မယ်ကွာ''

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

## မိုးတိမ်လွှာထဲမှာ

- ကျွမ်းချစ်တွယ်ငင် သံယောဇဉ်ဖြင့်
ရေစင်တိုက်ကျွေး သီးချိုပေးလျက်
အရေးတယူ မြတ်နိုးသူကို
ပြုံးစူမျက်ထား မုန်းမာန်ပွား၍
စိမ်းကားပြိုငြင်ခဲ့ပြီးမှ။

- ၄က်ခတ်သမား လေးနှင့်မြားဝယ်
တိမ်းပါးမည်ကြောင့် သောကထောင့်၍
စောင့်ရှောက်နွေးထွေး ရင်ငွေ့ပေးလည်း
အရေးမဟုတ် အရေးလုပ်ကာ
နှောင်ချုပ်ပိတ်ပင် လှောင်ချိုင့်ရှင်ဟု
ပြစ်တင် ယိုးစွပ်ခဲ့ပြီးမှ။

- မြေမှာမပျော် မိုးမှာပျော်သည်
မိုးပျော်၄က်ချင်း ဖော်ပေါင်းသင်းမှ
ကောင်းခြင်းဖြာလျက် ဂုဏ်သိန်တက်ဟု
တောင်လက်ဖြန့်ကာ တမ်းမွတ်စွာလျှင်
အာကာပြင်ထဲ မိုးမြင့်ထဲ၌
ဝဲလည် ပျံသန်းခဲ့ပြီးမှ။

- သစ်ရွက်အကြွေ ပန်းတေလေသာ
ဖူးဝေပွင့်သော မြိုင်ညိုတော၌
ပျော်မောခုံမင် မနေချင်ဟု
ရင်ကိုခွဲကာ မိုးတိမ်လွှာကို
တွယ်တာစုံမက် မျှော်လင့်ချက်ဖြင့်
နှုတ်ဆက် ခွဲခွာခဲ့ပြီးမှ။

- ၄က်ကလေးရယ်
လွမ်းတေး မဆိုပါနဲ့ကွယ်။ ။

**မြင်းမူမောင်နိုင်မိုး**

# နိုင်ငံတကာ သတင်းများ

## တောင်ကိုရီးယားသမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ တွေ့ဆုံဆွေးနွေး

**ဗီယင်ကျန်း အောက်တိုဘာ ၁၀**

တောင်ကိုရီးယား သမ္မတ ယွန်ဆွတ်ယိုးနှင့် ဂျပန်ဝန်ကြီးချုပ် အီရှီဘာတို့သည် ယနေ့တွင်၎င်းတို့၏ ပထမဆုံးထိပ်သီးဆွေးနွေးပွဲကို လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယား သမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့သည် ဗီယင်ကျန်းမြို့၌ ကျင်းပနေသည့် အာဆီယံထိပ်သီးညီလာခံ ကာလအတွင်း သီးခြားတွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

တောင်ကိုရီးယားနှင့်ဂျပန်နိုင်ငံတို့သည် နှစ်နိုင်ငံကြားလုံခြုံရေးနှင့် စီးပွားရေးအရ ဆက်ဆံမှုများမြှင့်တင်ရန်ကြိုးပမ်းလျက်ရှိသည်။

ဝန်ကြီးချုပ် အီရှီဘာဦးဆောင်သော ဂျပန်အစိုးရအဖွဲ့သစ်လက်ထက်တွင် နှစ်နိုင်ငံဆက်ဆံရေးဆက်လက်မြှင့်တင်ရန် တောင်ကိုရီးယားသမ္မတယွန်ဆွတ်ယိုးက မျှော်လင့်ထားသည်။

ယနေ့ထိပ်သီးဆွေးနွေးပွဲတွင် ဂျပန်ဝန်ကြီးချုပ်နှင့် တောင်ကိုရီးယားသမ္မတတို့သည် နှစ်နိုင်ငံသံတမန် ဆက်ဆံရေးစတင်မှုနှစ် ၆၀ပြည့်ကာလဖြစ်သော ၂၀၂၅ ခုနှစ်တွင် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုမြှင့်တင်ရန် သဘောတူခဲ့ကြကြောင်း သိရသည်။

ဂျပန် ကာကွယ်ရေးဝန်ကြီးဟောင်း အီရှီဘာသည် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင်ရွေးချယ်ပွဲ၌ အနိုင်ရခဲ့ပြီးနောက် အောက်တိုဘာ ၁ ရက်တွင် ဂျပန်ဝန်ကြီးချုပ်ရာထူး စတင်ရယူခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



## ပင်လယ်နီဒေသ၌ လိုက်ဘေးရီးယား ရေနံတင်သင်္ဘောတစ်စီး ဒုံးကျည်ထိမှန်

**လန်ဒန် အောက်တိုဘာ ၁၀**

ပင်လယ်နီဒေသ၌ လိုက်ဘေးရီးယား ရေနံတင်သင်္ဘောတစ်စီး ဒုံးကျည်ထိမှန်ခဲ့ကြောင်း ဗြိတိန်အခြေစိုက် ပင်လယ်ရေကြောင်းလုံခြုံရေးအေဂျင်စီများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ရေနံတင်သင်္ဘောသည် ဒုံးကျည်ထိမှန်ခံခဲ့ရသော်လည်း အနည်းငယ်သာ ထိခိုက်ပျက်စီးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူမရှိခဲ့ကြောင်း သိရသည်။

၎င်း ရေနံတင်သင်္ဘောသည် ယီမင်နိုင်ငံ ဟိုင်ဒိုင်ဒါဆိပ်ကမ်းမြို့အနောက်တောင်ပိုင်း ရေမိုင် ၇၃ မိုင်ခန့်အကွာတွင် ဒုံးကျည်ထိမှန်ခံခဲ့ရခြင်းဖြစ်သည်။

အဆိုပါရေနံတင်သင်္ဘောသည် ဆော်ဒီအာရေဗျနိုင်ငံ ဂျက်ဒါးမြို့မှ အိုမင်နိုင်ငံ မက်စကတ်မြို့သို့ ဦးတည်ခုတ်မောင်းနေစဉ် ဒုံးကျည်ထိမှန်ခံခဲ့ရခြင်းဖြစ်ကြောင်း ဗြိတိန်ပင်လယ်ရေကြောင်း လုံခြုံရေးအေဂျင်စီများက ပြောကြားခဲ့သည်။

ယီမင်အခြေစိုက် ဟူသီသူပုန်အုပ်စုသည် ဂါဇာကမ်းမြောင်စစ်ပွဲ စတင်ဖြစ်ပွားခဲ့ပြီးနောက် ပင်လယ်နီရေပြင်အတွင်းသွားလာနေသည့် ကုန်တင်သင်္ဘောများကို စတင်တိုက်ခိုက်ခဲ့သည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစ၍ ပင်လယ်နီရေလမ်းကြောင်းများကို အကြိမ်ပေါင်း၁၀၀နီးပါး တိုက်ခိုက်ခဲ့ရာ သင်္ဘောနှစ်စီးထိ နစ်မြုပ်ခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ပြည်လုံးကျွတ်လူဦးရေအပြောင်းအလဲစစ်တမ်းကောက်ခံမှု တရုတ်နိုင်ငံစတင်



**ပေကျင်း အောက်တိုဘာ ၁၀**

လူဦးရေ အပြောင်းအလဲများကို စောင့်ကြည့်နိုင်ရေးနှင့် ပိုမိုသင့်မြတ်လျော်ကန်သော လူမှုရေးနှင့်စီးပွားရေးမူဝါဒများရေးဆွဲနိုင်ရေးတို့အတွက် ပြည်လုံးကျွတ်လူဦးရေ အပြောင်းအလဲစစ်တမ်းကောက်ခံမှုကို တရုတ်အစိုးရအမျိုးသား စာရင်းအင်းဗျူရိုက ယနေ့တွင်စတင်နေပြီဖြစ်ကြောင်း သိရသည်။

ပြည်တွင်းကလေး မွေးဖွားမှုနှုန်းကျဆင်းမှုပြဿနာ၊ သက်ကြီးလူဦးရေမြင့်တက်လာမှုပြဿနာတို့ကိုဖြေရှင်းရေးအတွက် တရုတ်အစိုးရ ကြိုးစားနေရချိန်တွင် လူဦးရေအပြောင်းအလဲ စစ်တမ်းကောက်ခံမှုကို တရုတ်နိုင်ငံက စတင်နေခြင်းဖြစ်သည်။

လူဦးရေ အပြောင်းအလဲဆိုင်ရာ ပြည်လုံးကျွတ်စစ်တမ်းကောက်ခံမှုလုပ်ငန်းစဉ်သည် ယခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ပြီးဆုံးမည်ဖြစ်ကြောင်း တရုတ်အမျိုးသားစာရင်းအင်းဗျူရိုက သတင်းထုတ်ပြန်ထားသည်။

တရုတ်အမျိုးသားစာရင်းအင်းဗျူရိုသည် ၂၀၂၃ခုနှစ်ကလည်း လူဦးရေ အပြောင်းအလဲဆိုင်ရာ ပြည်လုံးကျွတ်စစ်တမ်း ကောက်ခံမှုတစ်ရပ်ပြုလုပ်ခဲ့ပြီးဖြစ်သည်။

တရုတ်နိုင်ငံ၏ သက်ကြီးလူဦးရေနှုန်းမှာ ၂၀၃၅ ခုနှစ်တွင် အနည်းဆုံး ၄၀ ရာခိုင်နှုန်းမြင့်တက်လာနိုင်ပြီး သန်း ၄၀၀ကျော်ထိရှိလာနိုင်သည်ဟု ကျွမ်းကျင်သူများက ပြောကြားထားကြောင်း သိရသည်။

၂၀၃၅ ခုနှစ်တွင် ရှိလာနိုင်သော တရုတ်နိုင်ငံ၏သက်ကြီးလူဦးရေစုစုပေါင်းသည် ဗြိတိန်နှင့် အမေရိကန်နှစ်နိုင်ငံပေါင်းလူဦးရေစုစုပေါင်းနှင့် ညီမျှလိမ့်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## တူကီယဲလေကြောင်းလိုင်းပိုင် ခရီးသည်တင်လေယာဉ် အစ္စတန်ဘူလ်သို့ပျံသန်းနေစဉ် လေယာဉ်မှူးသေဆုံး

**အင်ကာရာ အောက်တိုဘာ ၁၀**

တူကီယဲလေကြောင်းလိုင်းပိုင် ခရီးသည်တင် လေယာဉ်တစ်စင်းသည် အောက်တိုဘာ ၉ ရက်က အမေရိကန်နိုင်ငံ ဆီယက်တဲလ်မြို့မှ အစ္စတန်ဘူလ်သို့ ပျံသန်းနေစဉ် လေယာဉ်မှူး သတိလစ်မေ့မြော၍ သေဆုံးခဲ့ရကြောင်း သိရသည်။

လေယာဉ် ပျံသန်းနေစဉ် လေယာဉ်မှူး သတိလစ်မေ့မြောခဲ့ရပြီးနောက် ဒုတိယလေယာဉ်မှူးနှင့် တွဲဖက်လေယာဉ်မှူးတို့က လေယာဉ်ကိုထိန်းကျောင်း၍ နယူးယောက်မြို့ ဂျွန်အက်ဖ်ကနေဒီလေဆိပ်၌ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း တူကီယဲမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

သတိလစ် မေ့မြောခဲ့ရသည့် အသက် ၅၉ နှစ်အရွယ် အီစီဟင်ပီလီဗင်အမည်ရှိ လေယာဉ်မှူးမှာ ဂျွန်အက်ဖ်ကနေဒီလေဆိပ်သို့ လေယာဉ် မဆင်းသက်မီမှာပင် ကွယ်လွန်ခဲ့ကြောင်း တူကီယဲမီဒီယာများ၏အဆိုအရ သိရသည်။

အဲဘတ်စ်အေ ၃၅၀ အမျိုးအစား အဆိုပါ ခရီးသည်တင်လေယာဉ်သည် ဆီယက်တဲလ်လေဆိပ်မှ စတင်ပျံသန်းထွက်ခွာခဲ့ပြီးရှစ်နာရီအကြာတွင် နယူးယောက်လေဆိပ်၌ အရေးပေါ်ပြန်လည်ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။

ကွယ်လွန်သူ လေယာဉ်မှူး အီစီဟင်ပီလီဗင်သည် ယခုနှစ်မတ်လတွင် ကျန်းမာရေးစစ်ဆေးမှုခံယူထားသူဖြစ်ပြီး ၎င်းသေဆုံးခဲ့ရခြင်းအကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

နိုင်ငံတကာလေကြောင်းလိုင်းများမှ လေယာဉ်မှူးများသည် အနည်းဆုံး ၁၂လလျှင် တစ်ကြိမ် ကျန်းမာရေးစစ်ဆေးမှုရယူရပြီး အသက် ၄၀ နှင့်အထက်လေယာဉ်မှူးများဆိုလျှင် ခြောက်လတစ်ကြိမ် ကျန်းမာရေးထောက်ခံချက်ရယူရန် လိုအပ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောနှစ်စီးတည်ဆောက်ရန် အိန္ဒိယနိုင်ငံစီစဉ်

**ဒေလီ အောက်တိုဘာ ၁၀**

နျူကလီးယား စွမ်းအင်သုံး ရေငုပ်သင်္ဘော အမျိုးအစားသစ်နှစ်စီးတည်ဆောက်ရေးအစီအစဉ်ကို အိန္ဒိယအစိုးရက ယနေ့တွင် အတည်ပြုပေးခဲ့သည်။

အဆိုပါ ရေငုပ်သင်္ဘောသစ်နှစ်စီးတည်ဆောက်ရေးအတွက် စုစုပေါင်းကုန်ကျငွေမှာ အိန္ဒိယရူပီးငွေဘီလီယံ၄၅၀(အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံ)ထိရှိနိုင်ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားခဲ့သည်။



အိန္ဒိယတပ်မတော် အနေဖြင့် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောအမျိုးအစားသစ် ခြောက်စီးတည်ဆောက်ရန် စီစဉ်ထားရာ ပထမဆုံးနှစ်စီး စတင်တည်ဆောက်ရေးအတွက် ဝန်ကြီးချုပ်မိုဒီဦးဆောင်သောအစိုးရအဖွဲ့က အတည်ပြုပေးခဲ့ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားခဲ့သည်။

သမားရိုးကျဒီဇယ်အင်ဂျင်သုံး ရေငုပ်သင်္ဘောများထက် စက်သံတိတ်ဆိတ်၍ ပိုမြန်ဆန်ပြီး ရေအောက်၌ အချိန်ကြာမြင့်စွာနေနိုင်သော နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောများကို အမေရိကန်၊ ရုရှား၊ တရုတ်နှင့် ပြင်သစ်ကဲ့သို့ နိုင်ငံအနည်းငယ်ကသာ တည်ဆောက်ထားနိုင်သည်။

အိန္ဒိယသမုဒ္ဒရာဒေသ၌ တရုတ်နိုင်ငံက စစ်ရေးအရ ပို၍နေရာယူလာချိန်တွင် အိန္ဒိယနိုင်ငံသည် အိန္ဒိယ လက်နက်ကိုင်တပ်များခေတ်မီရေးအစီအစဉ်ကို အကောင်အထည်ဖော်လျက်ရှိသည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် ကမ္ဘာ့စစ်သင်္ဘောအစီးရေ ၃၇၀ကျော်ထိရှိသော ကမ္ဘာ့အင်အားအကြီးဆုံး ရေတပ်ကို ပိုင်ဆိုင်ထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## အာကာသယာဉ်တစ်စင်းဖြင့်ဝင်တိုက်ခဲ့မှုကြောင့် လမျက်နှာပြင်ပေါ်တွင် ဖြစ်ပေါ်ခဲ့သည့် ဥက္ကာချိုင့်ဝှမ်းနေရာကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိခဲ့



**ဝါရှင်တန် အောက်တိုဘာ ၁၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က အာကာသယာဉ်တစ်စင်းဖြင့် ဝင်တိုက်ခဲ့မှုကြောင့် လမျက်နှာပြင်ပေါ်တွင်ဖြစ်ပေါ်ခဲ့သည့် ဥက္ကာချိုင့်ဝှမ်းနေရာကို ၁၅ နှစ်အကြာ၌ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း အောက်တိုဘာ ၉ ရက် သတင်းများအရ သိရသည်။

နာဆာအဖွဲ့သည် ၂၀၀၉ ခုနှစ်တွင် လပေါ်ရှိ ရေခဲများနှင့်အခြားအငွေ့ပြန်လွယ်သော တွင်းထွက်ဓာတ်များကို ဖော်ထုတ်လေ့လာရေးအတွက် လမျက်နှာပြင်ကို LCROSS အမည်ရှိ အာကာသယာဉ်ဖြင့် ဝင်တိုက်ခဲ့သည်။

သို့ရာတွင် နာဆာသည် LCROSS မစ်ရှင်ကို လကမ္ဘာ၏ အမြဲတမ်းအရိပ်ထိုးနေသောနေရာ၌ ပြုလုပ်ခဲ့ခြင်းဖြစ်ရာ ကမ္ဘာပေါ်ရှိ သိပ္ပံပညာရှင်များအတွက် LCROSS ဥက္ကာချိုင့်ဝှမ်းမှာ ပျောက်ကွယ်နေခဲ့ရသည်။

သို့သော် နာဆာ၏လကမ္ဘာကင်းထောက် အာကာသယာဉ် (LRO)ကင်မရာစနစ်မှ ရရှိသည့် သတင်း အချက်အလက်များကို သုံး၍ အမေရိကန် သိပ္ပံပညာရှင်များက ၁၅ နှစ်ကြာ ပျောက်ဆုံးနေသည့် LCROSS ဥက္ကာချိုင့်ဝှမ်းကို ပြန်လည်ရှာတွေ့ထားကြောင်း သိရသည်။

နာဆာအာကာသယာဉ် ဝင်တိုက်မှုကြောင့် ပေါ်ထွက်လာသည့် LCROSS ဥက္ကာချိုင့်ဝှမ်းသည် အရွယ်အစားအားဖြင့် အချင်း နှစ်မီတာခန့်ရှိကြောင်း သိရသည်။

သိပ္ပံပညာရှင်များ၏ အဆိုအရ LCROSS ဥက္ကာချိုင့်ဝှမ်းတည်ရှိရာနေရာသည် လွန်ခဲ့သောနှစ်ပေါင်း သန်း ၉၀၀ ခန့်တွင် အမြဲတမ်းအရိပ်ကျနယ်မြေအဖြစ် ပြောင်းလဲခဲ့ကြောင်းလည်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Xinhua News

Trs : KKO


## သက်တမ်းရှေးအကျဆုံးကြယ်စုများထဲတွင် မွှတ်မွှတ်လည်နေသော ချပ်ဝန်းလွှာကြယ်စုတစ်ခုကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

**အမ်စတာဒမ် အောက်တိုဘာ ၁၀**

သက်တမ်းရှေးအကျဆုံး ကြယ်စုများထဲတွင် မွှတ်မွှတ်လည်နေသော ချပ်ဝန်းလွှာကြယ်စုတစ်ခုကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း အောက်တိုဘာ ၉ ရက် သတင်းများအရ သိရသည်။

REBEI-25 ဟူ၍ အမည်ပေးထားသည့် ၎င်းကြယ်စုကို နယ်သာလန် သိပ္ပံပညာရှင်များက ချီလီနိုင်ငံမြောက်ပိုင်း အခြေစိုက် အယ်လ်မာရေဒီယိုတယ်လီစကုပ်ဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နယ်သာလန် သိပ္ပံပညာရှင်များ၏ အဆိုအရ REBEL-25 ကြယ်စုသည် စကြဝဠာ၏သက်တမ်း နှစ်သန်းပေါင်း ၇၀၀ အကြာတွင်ပေါ်ထွက်ခဲ့ရာ သက်တမ်းအရ ရှေးအကျဆုံး၊ ကမ္ဘာဂြိုဟ်နှင့် အဝေးဆုံး ကြယ်စုဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



ထို့ပြင် REBEI-25 ကြယ်စုသည် ရှာဖွေတွေ့ရှိခဲ့ဖူးသမျှ မွှတ်လည်နှုန်း အားအကောင်းဆုံး ကြယ်စုတစ်ခုလည်း ဖြစ်ကြောင်း နယ်သာလန် သိပ္ပံပညာရှင်များက ပြောကြားသည်။

REBEI-25 ကြယ်စုသည် နဂါးငွေ့တန်းကြယ်စုကဲ့သို့ပင် ခရုပတ်ခွေလက်တံများ ပိုင်ဆိုင်ထားနိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

လက်ရှိ ရှေးအကျဆုံးခရုပတ်ကြယ်စုမှာ နာဆာ၏ဂျိမ်းစ်ဝက်ဘ်အာကာသ ရေဒီယိုတယ်လီစကုပ်က တွေ့ရှိထားသော Cheers-2112 ကြယ်စုဖြစ်ပြီး စကြဝဠာသက်တမ်း နှစ်ပေါင်း ၂ ဒသမ ၁ ဘီလီယံတွင် ပေါ်ထွက်လာသည့် ခရုပတ်ခွေကြယ်စုဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ခရီတေးစီးယပ်စ်ဘူမိခေတ်မှ ကမ္ဘာဦးငှက်မျိုးစိတ်နှစ်ခု၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို မွန်တားနားပြည်နယ်၌ ရှာဖွေတွေ့ရှိ

**ဝါရှင်တန် အောက်တိုဘာ ၁၀**

ခရီတေးစီးယပ်စ်ဘူမိခေတ်မှ ကမ္ဘာဦး ငှက်မျိုးစိတ်နှစ်ခု၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို အမေရိကန်နိုင်ငံ မွန်တားနားပြည်နယ်၌ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း အောက်တိုဘာ ၉ ရက် သတင်းများအရ သိရသည်။

အဆိုပါ ကမ္ဘာဦးငှက်မျိုးစိတ်သစ် ကျောက်ဖြစ်ရုပ်ကြွင်းများ၏ သက်တမ်းမှာ နှစ်ပေါင်း ၆၇ သန်းထိရှိပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံ ချီကာဂိုတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ကမ္ဘာဦးငှက်မျိုးစိတ်သစ်နှစ်မျိုးအနက် တစ်မျိုးကို Avisaurs Darwini ဟူ၍အမည်ပေးထားပြီး ကျန်တစ်မျိုးကိုအမည်နာမ မပေးရသေးပေ။

၎င်းကမ္ဘာဦး ငှက်မျိုးစိတ်များသည် ခရီတေးစီးယပ်စ်ဘူမိခေတ်နှောင်းပိုင်းတွင် တိုင်ရန်နိုဆောရပ်စ်ဒိုင်နိုဆောများနှင့်အတူ ရှင်သန်ကျက်စားခဲ့သော အသားစားငှက်များဖြစ်ကြကြောင်း သိရသည်။

အဆိုပါ ကမ္ဘာဦးငှက်ကျောက်ဖြစ်ရုပ်ကြွင်းများကို မွန်တားနားပြည်နယ်ကျောက်လွှာနယ်မြေတစ်ခု၌ တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဟဲလ်ခရိစ်အမည်ရှိ အဆိုပါ ကျောက်လွှာနယ်မြေ၌ ခရီတေးစီးယပ်စ်ဘူမိခေတ် ကျောက်ဖြစ်ရုပ်ကြွင်းများတွေ့ရတတ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## ရင်သားကင်ဆာရောဂါကုထုံးမှန်သမျှက လူနာ၏ဆဲလ်များ သက်တမ်းအိုမင်းမှုပိုမြန်နိုင်

**နယူးယောက် အောက်တိုဘာ ၁၀**

ရင်သားကင်ဆာရောဂါကုထုံးပုံစံမှန်သမျှသည် လူနာ၏ဆဲလ်များ ဇီဝသက်တမ်းအိုမင်းမှုအရှိန်ကို ပို၍မြန်စေနိုင်ဖွယ်ရှိကြောင်း သုတေသန ပညာရှင်များက အောက်တိုဘာ ၉ ရက်တွင် ပြောကြားသည်။

ဓာတုကုထုံး ခံယူထားသည့် ရင်သားကင်ဆာ လူနာများ၌ တွေ့ရတတ်သော ဆဲလ်များအိုမင်းမှုပိုမြန်လာသည့် လက္ခဏာများကို ဓာတ်ရောင်ခြည်ကုထုံးနှင့် ခွဲစိတ်မှုခံယူထားသူ ရင်သားကင်ဆာလူနာများတွင်လည်း တွေ့လာရကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ရင်သားကင်ဆာရောဂါကုထုံးများ ရယူနေသည့် အမျိုးသမီးလူနာများ၏ သွေးဆဲလ်များမှ မျိုးဗီဇလက္ခဏာများကို စောင့်ကြည့်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အထက်ပါ ရင်သားကင်ဆာလူနာများ၌ မည်သည့်ကုထုံးမျိုးရယူထားသည်ဖြစ်စေ ဆဲလ်များ၏ ဇီဝသက်တမ်းအိုမင်းမှု ပို၍မြန်ဆန်နေကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

ရင်သားကင်ဆာ ရောဂါလက္ခဏာများသည် မူလကပင် ဆဲလ်များ ဇီဝသက်တမ်းအိုမင်းမှုနှင့် ဆက်စပ်နေသည့် ရောဂါလက္ခဏာများ ဖြစ်ကြကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## အသက် ၆၅ နှစ်ကျော်လာချိန်၌ ငါးနှင့်အသား စားသုံးခြင်းဖြင့် ကျန်းမာရေးကို အထောက်အကူပြုနိုင်

**နယူးယောက် အောက်တိုဘာ ၁၀**

အသက် ၆၅ နှစ်ကျော်လာချိန်၌ ဓာတ်စာများတွင် ငါးနှင့်အသားကို ထည့်သွင်းစားသုံးခြင်းဖြင့် ကျန်းမာရေးကိုအထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များက အောက်တိုဘာ ၉ ရက်တွင် ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ ဟင်းသီးဟင်းရွက်ဓာတ်စာအများစုသည် သက်လတ်ပိုင်းအရွယ်ရှိသူများ၌ ရောဂါအမျိုးမျိုးဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

သို့ရာတွင် အသက် ၆၅ နှစ်အထက်ရှိသော ဟင်းသီးဟင်းရွက်ဓာတ်စာစားသုံးသူများတွင်မူ လေဖြတ်နိုင်ခြေ၊ ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ပေါ်လာနိုင်ခြေနှင့်ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေများ သိသိသာသာ မြင့်တက်လာသည်ကို တွေ့ရကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

သို့သော် အသက် ၆၅ နှစ်အထက်ရှိသူများအနေဖြင့် ၎င်းတို့၏ဓာတ်စာ၌ ငါးနှင့်အသား ထည့်သွင်းစားသုံးပါက အထက်ပါရောဂါများဖြစ်နိုင်ခြေ ကျဆင်းသွားသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဟင်းသီးဟင်းရွက် ဓာတ်စာများသည် သက်လတ်ပိုင်းများ၏ ကျန်းမာရေးကို အထောက်အကူပြုနိုင်သော်လည်း အသက် ၆၅ နှစ်အထက်ရှိသူများ၌ အထက်ပါ အကျိုးသက်ရောက်မှုမျိုး မရှိကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# နိုင်ငံတကာခြေစမ်းပွဲစဉ်တွင် မြန်မာ့လက်ရွေးစင်အသင်းက သီရိလင်္ကာအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ



**ရန်ကုန် အောက်တိုဘာ ၁၀**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အသိအမှတ်ပြု နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မြန်မာ့လက်ရွေးစင်အသင်းနှင့် သီရိလင်္ကာအသင်းတို့ကစားခဲ့ရာ မြန်မာ့လက်ရွေးစင်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်းက ဟိန်းဖြိုးဝင်း၊ သက်ဟိန်းစိုး၊ စိုးမိုးကျော်၊ နန္ဒကျော်၊ ကျော်မင်းဦး၊ လွင်မိုးအောင်၊သန်းပိုင်၊ မောင်မောင်လွင်၊ ပြည့်ဖြိုးသူ၊ ဟိန်းထက်အောင်၊ ဇော်ဝင်းသိန်း အစရှိသည့်ကစားသမား အစုံအလင်ဖြင့်ပွဲထွက်လာခဲ့သည်။

အဆိုပါပွဲစဉ်တွင် မြန်မာ့လက်ရွေးစင်အသင်းက ပွဲစကတည်းက ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၁၆ မိနစ်တွင် လွင်မိုးအောင်က မြန်မာ့လက်ရွေးစင်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သောကြောင့် ပထမပိုင်းပြီးဆုံးချိန်တွင် မြန်မာ့လက်ရွေးစင် အသင်းက တစ်ဂိုးဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း အိမ်ရှင်မြန်မာ့လက်ရွေးစင်အသင်းက အကောင်းဆုံးဖိအားပေးကစားနိုင်ခဲ့ကာ သီရိလင်္ကာအသင်း ခက်ခက်ခဲခဲ ထိန်းချုပ်ကစားခဲ့ရပြီး ပွဲချိန် ၅၃ မိနစ်တွင် မောင်မောင်လွင်က မြန်မာ့လက်ရွေးစင် အသင်းအတွက် ဦးဆောင်ဂိုးထပ်မံ သွင်းယူနိုင်ခဲ့ကာ လက်ကျန်ပွဲချိန်များတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် မြန်မာ့လက်ရွေးစင်အသင်းက သီရိလင်္ကာအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် သီရိလင်္ကာအသင်းတို့သည် ဒုတိယခြောက်ခြေစမ်းပွဲစဉ်အဖြစ် အောက်တိုဘာ ၁၃ရက်၌ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# Buick LPGA Shanghaiပြိုင်ပွဲ အမှတ်ပေးဇယားကို ကင်မ်စီယန်း ဦးဆောင်

**ရှန်ဟိုင်း အောက်တိုဘာ ၁၀**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ကျင်းပနေသည့် Buick LPGA Shanghai ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် တောင်ကိုရီးယားဂေါက်သီးရိုက်မယ် ကင်မ်စီယန်းက သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာအမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပြင်သစ် ဂေါက်သီးရိုက်မယ် ဘူတီယာက သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်လျက်ရှိနေပြီး အမေရိကန်ဂေါက်သီးရိုက်မယ် လူစီလီက သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

ပြိုင်ပွဲဝင်အများစုသည် ပထမနေ့တွင် ရလဒ်ကောင်းခဲ့ကြပြီး နာမည်ကြီးဂေါက်သီးရိုက်မယ်များဖြစ်ကြသည့် ထိုင်းဂေါက်သီးရိုက်မယ် ဂျူတာနူဂန်၊ ဩစတြေးလျဂေါက်သီးရိုက်မယ် မင်ဂျီလီ၊ အိုင်ယာလန်ဂေါက်သီးရိုက်မယ် မက်ဂွဲယားတို့မှာအမှတ်ပေးဇယားအား ဦးဆောင်နိုင်ခဲ့ခြင်းမရှိသော်လည်း ရလဒ်များကောင်းမွန်ခဲ့ကြသည်။

ကင်မ်စီယန်းက "ပထမနေ့ရဲ့ ပထမ ကိုးကျင်းမှာ ပိုကောင်းတဲ့ စွမ်းဆောင်ရည်တွေကို ပြသနိုင်ခဲ့တယ်။ ကစားရတာ ပိုပြီးတော့လဲ ပျော်စရာကောင်းပါတယ်။ ဒုတိယကိုးကျင်းမှာတော့ ရလဒ်ပိုင်းအနည်းငယ်ကျဆင်းမှုရှိခဲ့ပါတယ်။ တစ်ရက်တာလုံးအတိုင်းအတာနဲ့ဆိုရင်တော့ တော်တော်လေးကောင်းမွန်ခဲ့ပါတယ်။တရုတ်နိုင်ငံမှာကစားရတဲ့ပြိုင်ပွဲတွေမှာဆိုရင် ကျွန်မအနေနဲ့ မွေးရပ်မြေမှာ ကစားနေရသလို ခံစားရပါတယ်။ တရုတ်နိုင်ငံမှာ ကစားတိုင်းလဲ ရလဒ် ကောင်းလေ့ရှိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# ကမ္ဘာ့တန်ကြေးအကြီးဆုံး ကလပ်အသင်း ၁၀ သင်းစာရင်းတွင် ပရီးမီးယားလိဂ်မှ ခြောက်သင်းပါဝင်

**မန်ချက်စတာ အောက်တိုဘာ ၁၀**

ကမ္ဘာ့တန်ကြေး အကြီးဆုံး ကလပ်အသင်း ၁၀ သင်းစာရင်းတွင် ရီးရဲလ်မက်ဒရစ်အသင်းက ထိပ်ဆုံးတွင် ဦးဆောင်နေသော်လည်း ပရီးမီးယားလိဂ်မှ ကလပ်အသင်း ခြောက်သင်းသည်လည်း ပါဝင်လျက်ရှိသည်။

လက်ရှိတွင် CIES က ထုတ်ပြန်ခဲ့သည့် ကလပ်အသင်း ၁၀ သင်းတွင် စပိန်ကလပ် ရီးရဲလ်မက်ဒရစ်အသင်းက စုစုပေါင်းတန်ဖိုး စတာလင်ပေါင် ၁ ဒသမ ၄၅ ဘီလီယံဖြင့် အဆင့်(၁)တွင် လည်းကောင်း၊ မန်စီးတီးအသင်းက စတာလင်ပေါင် ၁ ဒသမ ၂၃ ဘီလီယံဖြင့် အဆင့်(၂)တွင် လည်းကောင်း၊ ချဲလ်ဆီးအသင်းက စတာလင်ပေါင် ၁ ဒသမ ၁၅ ဘီလီယံဖြင့် အဆင့်(၃)တွင်လည်းကောင်း၊ အာဆင်နယ်အသင်းက စတာလင်ပေါင် ၂ ဒသမ ၀၃ ဘီလီယံဖြင့် အဆင့်(၄)တွင်လည်းကောင်း၊ ဘာစီလိုနာအသင်းက စတာလင်ပေါင် ၉၄၁ သန်းဖြင့် အဆင့်(၅)တွင်လည်းကောင်း ရပ်တည်လျက်ရှိသည်။

ထို့ပြင် လီဗာပူးအသင်းက စတာလင်ပေါင် သန်း ၉၂၀ ဖြင့် အဆင့်(၆)တွင် လည်းကောင်း၊ ပီအက်စ်ဂျီအသင်းက စတာလင်ပေါင် ၉၁၁ သန်းဖြင့် အဆင့်(၇)တွင်လည်းကောင်း၊ မန်ယူအသင်းက စတာလင်ပေါင် ၈၂၈ သန်းဖြင့် အဆင့်(၈)တွင်လည်းကောင်း၊ စပါးအသင်းက စတာလင်ပေါင် ၇၄၂ သန်းဖြင့် အဆင့်(၉)တွင်လည်းကောင်း၊ လေဗာကူဆင်အသင်းက စတာလင်ပေါင် ၇၂၂ သန်းဖြင့် အဆင့်(၁၀)တွင် လည်းကောင်း အစဉ်လိုက် ရပ်တည်လျက်ရှိသည်။

တိုက်စစ်မှူး စီရော်နယ်ဒိုကစားနေသည့် ဆော်ဒီကလပ် အယ်နာဆာအသင်းအနေဖြင့် စုစုပေါင်းတန်ဖိုး စတာလင်ပေါင် ၁၀၄ သန်းဖြင့် အဆင့်(၈၇)နေရာ၌ ရပ်တည်လျက်ရှိသော်လည်း ဥရောပကလပ်အသင်းများနည်းတူ တန်ကြေးမြင့်မားလျက်ရှိသည်။

ဂျာမန်ထိပ်သီး ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် တိုက်စစ်မှူး ဟယ်ရီကိန်းကို ပိုင်ဆိုင်ထားသော်လည်း ကလပ်အသင်းတန်ကြေးမှာ စတာလင်ပေါင် သန်း ၆၇၀ သာရှိသောကြောင့် အဆင့်(၁၂)ကျဆင်းခဲ့ရပြီး ပရီးမီးယားလိဂ်ဘာရိုက်တန်အသင်းမှာ ခြေစွမ်းပြကစားသမားများစွာ ထွက်ပေါ်လာခဲ့သဖြင့် ကလပ်အသင်းတန်ကြေး စတာလင်ပေါင် ၆၇၆ သန်းဖြင့် ဘိုင်ယန်မြူးနစ်အသင်းအထက်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

Ref : Daily Mail

Trs : ML

# ယူအီးအက်ဖ်အေနေးရှင်းလိဂ်အုပ်စုပွဲစဉ် ပ-အကျော့ပွဲကြိုသုံးသပ်ချက်

ML

ပိုလန် Vs ပေါ်တူဂီ

ကစားမည့်ရက်/အချိန် (၁၃-၁၀-၂၀၂၄ ည ၁၀:၃၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ပေါ်တူဂီ ၁ - ၁ ပိုလန်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ပိုလန် | - | ဝေး(သရေ) | ဝေး(နိုင်) | ဝေး(ရှုံး) |
| ပေါ်တူဂီ | - | အိမ်(သရေ) | အိမ်(နိုင်) | အိမ်(နိုင်) |

ပိုလန်အသင်းဟာ တိုက်စစ်ကစားပုံကောင်းမွန်လာတာကြောင့် နောက်ဆုံးသုံးပွဲမှာ လေးဂိုးထိသွင်းယူနိုင်ခဲ့ပေမဲ့ ခံစစ်ပိုင်းအားနည်းချက်ရှိနေလို့ အခုပွဲစဉ်မှာ ရှုံးကန်ရဖို့များပါတယ်။ပေါ်တူဂီအသင်းကတော့ ထိပ်တန်းအဆင့်ကစားသမားတွေကို ပိုင်ဆိုင်ထားပြီး နောက်ဆုံးသုံးပွဲဆက်ရှုံးပွဲမရှိသေးပါဘူး။ ဒါကြောင့် အသင်းလိုက်ကစားအားကောင်းနေတဲ့ ပေါ်တူဂီပဲအနိုင်ရမှာပါ။

**ခန့်မှန်းရလဒ် - ပိုလန် ၁ - ၃ ပေါ်တူဂီ**

# အဖျားရောဂါကြောင့် အိုင်ဗရီကို့စ်အသင်း လူစာရင်းမှ ဒီယာလို နုတ်ထွက်

**မန်ချက်စတာ အောက်တိုဘာ ၁၀**

မန်ယူအသင်း တောင်ပံကစားသမား ဒီယာလိုသည် အာဖရိကနေးရှင်းလိဂ်ပြိုင်ပွဲကစားရန် အိုင်ဗရီကို့စ် လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံရသော်လည်း ပြိုင်ပွဲမတိုင်မီအဖျားရောဂါကြောင့်အသင်း လူစာရင်းမှ ထွက်ခွာခဲ့ရသည်။

အသက် ၂၂ နှစ်ရှိ ဒီယာလိုသည် နိုင်ငံအသင်းအတွက် ၂၀၂၂ ခုနှစ်မတ်လကတည်းက ပါဝင်ကစားခွင့်ရခဲ့ပြီး ပြိုင်ပွဲစုံ ငါးပွဲတွင် သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့ကာ ဇမ်ဘီယာအသင်း၊ ချက်အသင်းတို့နှင့် ကစားခဲ့သည့် အာဖရိကနေးရှင်းလိဂ်ပွဲစဉ်များတွင်ပါဝင်၍ အသင်းကိုနိုင်ပွဲရရှိအောင် ပါဝင်ကူညီနိုင်ခဲ့သည်။

လက်ရှိတွင် ၎င်းသည် မန်ယူအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၀ ပွဲထိ ပါဝင်၍ အသင်းတိုက်စစ်ကို အကောင်းဆုံး ပံ့ပိုးနိုင်ခဲ့သဖြင့် နိုင်ငံလက်ရွေးစင် အသင်းတွင် ရွေးချယ်ခံရသော်လည်း ပြိုင်ပွဲမတိုင်မီ အဖျားရောဂါရရှိခဲ့သောကြောင့် အသင်းလူစာရင်းမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်ဟု မန်ယူအသင်း တာဝန်ရှိသူများက တရားဝင်ထုတ်ပြန်ခဲ့သည်။

အိုင်ဗရီကို့စ် အသင်းသည် နေးရှင်းလိဂ် အုပ်စုပွဲစဉ်များအဖြစ် လာမည့် အောက်တိုဘာ ၁၂ ရက်တွင် ဆီရာလီယွန်အသင်းနှင့်အဝေးကွင်းတွင်လည်းကောင်း၊ အောက်တိုဘာ ၁၅ ရက်တွင် ဆီရာလီယွန်အသင်းနှင့် အဝေးကွင်းတွင်လည်း ကောင်း ကစားရမည်ဖြစ်ပြီး နှစ်ပွဲကစားအပြီးတွင် နှစ်ပွဲနိုင် ရမှတ်ခြောက်မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၁)နေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။



Ref : Fotmob

Trs : ML

## အားကစားသတင်းအတိုအထွာများ

- အမျိုးသမီးချန်ပီယံလိဂ် အုပ်စုအဖွင့်ပွဲစဉ်တွင် မန်စီးတီးအသင်းက လက်ရှိချန်ပီယံဘာစီလိုနာအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့သော်လည်း အာဆင်နယ်အသင်းက ဘိုင်ယန်မြူးနစ်အသင်းကို ငါးဂိုးသုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။
- ဆိုစီဒက်ကွင်းလယ်ကစားသမား ဇူဘီမန်ဒီက မန်စီးတီးအသင်း၏ ကမ်းလှမ်းမှုကိုလက်ခံခဲ့ပြီးနောက် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အသင်းပြောင်းရွှေ့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ဂျီနိုအာအသင်းက အသင်းတိုက်စစ်ပိုင်းကို ဖြည့်တင်းရန်အတွက် စီးရီးအေအတွေ့အကြုံကောင်းများရှိသည့် တိုက်စစ်မှူး ဘာလေ့ာတယ်လီကို အလွတ်ပြောင်းရွှေ့ခွင့်နှင့် ခေါ်ယူနိုင်ရန် စီစဉ်လျက်ရှိသည်။

ML

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မိတ်ဖက်စပွန်ဆာများ စာချုပ်ချုပ်ဆိုပွဲအခမ်းအနားကျင်းပ




**ရန်ကုန် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့်မိတ်ဖက်စပွန်ဆာများ စာချုပ်ချုပ်ဆိုပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ နိုဗိုတယ်ရန်ကုန်မက်စ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေနှင့် အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မိတ်ဖက်စပွန်ဆာများဖြစ်သည့် Fresh မှ စီအီးအို ဦးဇေယျာသူရမွန်နှင့် ဦးလှမျိုးသန့် (Head of Finance and Account)၊ AYA Bank အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ စီအီးအို ဒေါ်သဇင်အောင်နှင့်ဦးနေလင်းထွဋ် (Chief Business Officer)၊ Loi Hein Co.,Ltd(Alpine)မှ ဒါရိုက်တာများဖြစ်သည့် ဦးစိုးမိုးလှိုင်နှင့် ဦးဝင်းမြင့်၊ Novotel မှ ဒါရိုက်တာ ဒေါ်အေးသက်ပိုင်နှင့် အထွေထွေမန်နေဂျာ Mr. Jerome Stubert၊ Forever Media Group မှ Chief Operating Officer ဒေါက်တာ ဟိန်းထက်အေးနှင့် မန်နေဂျာ ဦးထက်ဝေယံဝင်း၊ မြန်မာ့လက်ရွေးစင်ကစားသမားများ၊ကလပ်အသင်း တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။

စပွန်ဆာစာချုပ်များ ချုပ်ဆိုရာတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေနှင့် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်တို့က မိတ်ဖက် စပွန်ဆာများဖြစ်သည့် Main Sponsor ရောဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၊ Co Sponsor များဖြစ်သည့် Fresh၊ Alpine၊ Novotel၊ Forever Media Group (Host Broadcaster)တို့နှင့် စာချုပ်ချုပ်ဆိုခဲ့ကြပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြပြီးနောက် အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

STA

# ယခုနှစ်တင်းနစ်ရာသီကုန်လျှင် ကစားသမားဘဝမှ အနားယူတော့မည်ဟု ရာဖေးလ်နာဒယ် ထုတ်ပြန်

**မက်ဒရစ် အောက်တိုဘာ ၁၀**

စပိန် တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် ယခုနှစ်တင်းနစ်ရာသီအကုန်တွင် ကစားသမားဘဝမှ အနားယူမည်ဟု ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

အသက် ၃၈ နှစ်ရှိ ရာဖေးလ်နာဒယ်သည် တင်းနစ်လောကတွင် ဂရန်းစလန်းဆုဖလား ၂၂ လုံးထိရရှိထားပြီး တင်းနစ်လောက၏ဒုတိယမြောက် ဂရန်းစလန်းဆုဖလား အများဆုံး ဆွတ်ခူးထားသည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ထားသည်။

ရာဖေးလ်နာဒယ်သည် တင်းနစ်လောကတွင် ကာလရှည်ကျင်လည်ဖြတ်သန်းသွားရန် ဆုံးဖြတ်ထားသော်လည်း ၂၀၂၃ ခုနှစ် တင်းနစ်ရာသီမှစတင်၍ ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲများနှင့် လွဲချော်ခဲ့ရပြီး ယခုနှစ် တင်းနစ်ရာသီတွင်လည်းပြိုင်ပွဲအနည်းငယ်သာပါဝင်ယှဉ်ပြိုင်နိုင်ခဲ့ပြီး မကြာခဏအနားယူနေရသည့်အတွက် ပုံစံကောင်းပြသနိုင်ရန် ရုန်းကန်ခဲ့ရသည်။

ရာဖေးလ်နာဒယ်သည် နိုဝင်ဘာ ၁၉ ရက်မှ ၂၁ ရက်ထိ ကျင်းပမည့် Davis Cup တင်းနစ်ပြိုင်ပွဲတွင် စပိန်အသင်းအတွက် ပါဝင်ကစားပေးသွားမည်ဖြစ်ပြီး ယင်းပွဲစဉ်သည် ရာဖေးလ်နာဒယ်အတွက် ကစားသမားဘဝနောက်ဆုံးပြိုင်ပွဲဖြစ်လာမည်ဖြစ်သည်။

ရာဖေးလ်နာဒယ်သည် ဆွစ်ဇာလန်တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲရာ၊ ဆားဘီးယားတင်းနစ်ကစားသမားဟောင်း ဂျိုကိုဗစ်၊ ဗြိတိန်တင်းနစ်ကစားသမားအင်ဒီမာရေးတို့နှင့်အတူ တင်းနစ်လောက၏ ကြီးလေးကြီးအဖြစ်ရပ်တည်နိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL



# နေရှင်နယ်လိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၈)တွင် သစ္စာအားမာန်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိ

**ရန်ကုန် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးပြီး ကျင်းပလျက်ရှိသည့် နေရှင်နယ်လိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၈)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ သစ္စာအားမာန်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး မြဝတီအက်ဖ်စီအသင်းနှင့် Junior Lions အသင်း၊ ရှမ်းယူနိုက်တက်အသင်းနှင့် ISPEအသင်းတို့ သရေရလဒ်များ ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

နေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၈)ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ပဒုမ္မာအားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ISPEအသင်းတို့ ကစားခဲ့ရာ အပြန်အလှန် ဂိုးသွင်းခွင့်များရရှိခဲ့ကြသော်လည်း အဆုံးသတ်ပိုင်း မသေချာမှုများကြောင့် ဂိုးမရှိ သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အလားတူ ညနေ ၃ နာရီခွဲက စလင်းအားကစားကွင်းတွင် မြဝတီအက်ဖ်စီအသင်းနှင့် Junior Lions အသင်းတို့ကစားခဲ့ရာ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး မြဝတီအက်ဖ်စီအသင်းအတွက်သွင်းဂိုးကို ပွဲချိန် ၁၁ မိနစ်တွင် ပြည့်စုံအောင်က သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၆၃ မိနစ်တွင် Junior Lionsအသင်းက ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သည့်အတွက် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲက တောင်ဒဂုံအားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ သစ္စာအားမာန်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၉မိနစ်တွင် ဇင်ဖြိုးပိုင်နှင့် ပွဲချိန် မိနစ် ၇၀တွင် ထက်ဇေယျာမင်းတို့ကသွင်းယူပေးနိုင်ခဲ့ကာ ဟံသာဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် မိနစ် ၈၀ တွင် သူရအောင်က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

STA

# MFF Royal-D U-19 Futsal Championship ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် အုပ်စုပွဲစဉ်များ စတင်ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MFF Royal-D U-19 Futsal Championshipပြိုင်ပွဲဖွင့်ပွဲအခမ်းအနားနှင့် အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ MFF Futsal Stadiumတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေ၊ ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်၊ ဒုတိယဥက္ကဋ္ဌ ဦးနိုင်သောင်းထိုက်၊ ဖူဆယ်လိဂ်ကော်မတီ ဥက္ကဋ္ဌ ဦးကြည်မင်းသိန်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်းနှင့်တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ တာဝန်ရှိသူများနှင့် အားကစားသမားများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးထိပ်ခွန်နောင်မြင့်ဝေနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများကို အမှတ်တရဘောလုံးလက်ဆောင်များပေးအပ်ခဲ့ပြီးနောက် အမှတ်တရစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

MFF Royal-D U-19 Futsal Championshipပြိုင်ပွဲ အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ Insein Cityအသင်းက United Phoenix အသင်းကို ၁၁ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ The Underdog FCအသင်းက Team Teenger FCအသင်းကို ရှစ်ဂိုး သုံးဂိုးဖြင့် လည်းကောင်း၊ Generations Youth အသင်းက Power HBIအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ JZ Yangon FCအသင်းက Team Greatest FCကို ၁၀ဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊ Red Eagle FC အသင်းက 16/1 FCအသင်းကို လေးဂိုး သုံးဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ပြီး FCT Youthအသင်းနှင့် Bushido Youthအသင်းတို့ပွဲစဉ်တွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

STA

# တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားပြိုင်ပွဲကို အောက်တိုဘာ ၁၆ ရက်မှ ၁၉ ရက်ထိ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကို အောက်တိုဘာ ၁၆ ရက်မှ ၁၉ ရက်ထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသားအသင်းလိုက် တင်းနစ်ပြိုင်ပွဲ (Three Double)ပြိုင်ပွဲနှင့် အမျိုးသမီးအသင်း လိုက်တင်းနစ်ပြိုင်ပွဲ (Two Single)၊ ပထမတန်း အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ၊ ဒုတိယတန်း အမျိုးသား၊ အမျိုးသမီးတင်းနစ်ပြိုင်ပွဲ၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၅၀ နှစ်အထက် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၆၀ နှစ်အထက် အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ၊ U-12 အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ၊ U-14 အမျိုးသား၊ အမျိုးသမီးတင်းနစ်ပြိုင်ပွဲ၊ U-16 အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

အမျိုးသား အသင်းလိုက် တင်းနစ်ပြိုင်ပွဲ(Three Double) ပြိုင်ပွဲတွင် ကစားသမားအများဆုံး ခုနစ်ဦးထိသာ ပါဝင်နိုင်မည်ဖြစ်ပြီး အမျိုးသမီး အသင်းလိုက်တင်းနစ်ပြိုင်ပွဲ(Two Single)တွင် ကစားသမားအများဆုံး ငါးဦးထိသာပါဝင်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲဝင်ရောက်လိုသူများအနေဖြင့် အသေးစိတ်သိရှိလိုပါက ဦးဇော်မျိုးထွန်း ဖုန်း ၀၉-၅၀၄ ၉၆၄၆၊ ဦးမင်းမင်း ဖုန်း ၀၉-၅၄၁၆၉၁၉၊ ဒေါ်ကြည်မြဇော် ဖုန်း ၀၉-၅၀၈၇၂၁၆၊ ဦးထင်လင်းဆွေ ဖုန်း၀၉-၅၁၉၉၆၄၁ ထံ ဆက်သွယ် မေးမြန်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

STA

**ခရီးသွားဆောင်းပါး**

# လင်းခေး၊ မိုင်းပန်မှတစ်ဆင့် သံလွင်မြစ်ကို ဖြတ်ကျော်၍

ဒီတစ်ခေါက်ထွက်လာခဲ့တဲ့ခရီးက မိုင်အကွာအဝေး ထောင်နှင့်ချီပြီး များပြားရှည်လျားသလို လမ်းခရီးတစ်လျှောက် သင့်တင့်အဆင်ပြေတဲ့မြို့တွေမှာလဲ ဝင်ရောက်နားခိုအိပ်စက်ကြရပါတယ်။ ခရီးစဉ်အရ တောင်ကြီးမြို့မှာ တစ်ညတာအိပ်စက်ခဲ့ရပြီးနောက်ထပ်တစ်မြို့ဖြစ်တဲ့ မိုင်းဆတ်မြို့မှာလဲ ထပ်မံညအိပ်ရပ်နားကြရပါအုံးမယ်။ မိမိတို့ စီးနင်းလိုက်ပါလာတဲ့ ခရီးသည်တင် အဆင့်မြင့်အမြန်ယာဉ်ငယ်ကားလေးတွေက ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ တည်ရှိတဲ့ လင်းခေးမြို့ကို ဖြတ်သန်းကျော်လွန်လာခဲ့ပြီး (၃၁)မိုင်ကွာဝေးနေသေးတဲ့ မိုင်းပန်မြို့ရှိရာကို ဦးတည်မောင်းနှင်နေကြပါပြီ။ လင်းခေးမြို့ရဲ့ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေက (၉၉၆) ပေ၊ မိုင်းပန်မြို့ရဲ့ အမြင့်ပေက (၂၂၂၂) ပေဖြစ်တာကြောင့် မသိမသာကော၊ သိသိသာသာကော မြင့်တက်ကွေ့ကောက်တဲ့လမ်းတွေအတိုင်း မောင်းနေကြရတယ်။

ပင်လယ်ရေမျက်နှာပြင်အထက်ပိုင်းကို မြင့်တက်ရောက်ရှိလာတဲ့အခါ မြေမျက်နှာသွင်ပြင်တွေနဲ့ သဘာဝပေါက်ပင်အခြေအနေတွေက ကွဲပြားခြားနားလာတာကိုလဲ သတိထားတွေ့မြင်နေရတယ်။ လင်းခေးမြို့နဲ့ဝေးကွာလာခဲ့ပြီး မိုင်းပန်မြို့နဲ့နီးကပ်လာတာနဲ့အမျှ တမာပင်၊ ကုက္ကိုပင်၊ ထနောင်းပင်၊ ထန်းပင်တွေ လျော့နည်းပပျောက်လာတယ်။ အညာဒေသရဲ့ အမှတ်သင်္ကေတဖြစ်တဲ့ သစ်ပင်တွေလျော့နည်းလာနေပေမဲ့လဲ တောင်ပေါ်ဒေသရဲ့ အမှတ်သညာဖြစ်တဲ့ ထင်းရှူး၊ ချယ်ရီ စတဲ့အပင်တွေကို မတွေ့မမြင်ရသေးပါဘူး။ ဒါပေမဲ့ရာသီဥတုအခြေအနေကတော့ အနည်းငယ်ပြောင်းလဲလာတယ်။ ဖွင့်ဟထားတဲ့ ကားမှန်ပြတင်းပေါက်ကနေ လေနုအေးလေးတွေ တစ်ချက်တစ်ချက် ဝင်ရောက်လာနေတယ်။ တောင်ပေါ်ဒေသနဲ့ မြေပြန့်ဒေသတွေရဲ့ အသွင်မတူကွဲပြားခြားနားချက်တွေပါ။

လင်းခေး-မိုင်းပန်လမ်းပိုင်းမှာ ရွာစဉ်၊ ရွာတန်းတွေနည်းပါးပြီး သဘာဝသစ်ပင်၊ သစ်တောင်ငယ်လေးတွေနဲ့ တောင်ကုန်း၊ တောင်တန်းလေးတွေသာရှိနေကြတယ်။ ဒါ့ပြင် လမ်းတစ်လျှောက်သွားလာနေကြသူတွေလဲ မရှိသလောက်ရှင်းနေတယ်။ လမ်းရဲ့အခြေအနေက ကတ္တရာခင်းလမ်းကောင်းပါ။ ဒါပေမဲ့ အနည်းငယ်တော့ကျဉ်းတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ချိုင့်တွေ၊ ခွက်တွေ၊ ရွံ့ဗွက်တွေနဲ့ လမ်းအလွန်ဆိုးပြီး မောင်းမရတာမျိုးနဲ့နှိုင်းစာရင် တော်ပါသေးတယ်။

လင်းခေးကနေ မိုင်းပန်ကိုသွားနေစဉ်အတွင်း နေ့လယ်စာထမင်းစားချိန်က ကျော်လွန်နေပြီဖြစ်တာကြောင့် ဗိုက်ဆာလာကြတယ်။ မိုင်းပန်ကိုရောက်ရင် ထမင်းစားနားမယ်ဆိုတဲ့အသိကြောင့်လဲ မြန်မြန်ဆန်ဆန်ရောက်ချင်နေသလို ဗိုက်ကပိုပြီးဆာလောင်လာသလို ခံစားနေရတယ်။ ကားမောင်းချိန်ကြာလာတာနဲ့အမျှ မွန်းလွဲ(၂)နာရီထိုးခါနီးလောက်မှာ မိုင်းပန်ကိုဝင်ရောက်လာတယ်။ ဖြတ်သန်းရောက်ရှိလာခဲ့တဲ့မြို့အဝင်တွေထဲမှာ မိုင်းပန်မြို့အဝင်က ထူးခြားပါတယ်။ အခြားမြို့အဝင်တွေမှာလို ရှိသင့်ရှိထိုက်ထားသင့်ထားထိုက်တဲ့ ဆိုင်းဘုတ်ကြီးတစ်ခုရှိနေတဲ့အပြင် မြို့တံခါးလိုလို၊ ဂိတ်လိုလို အုတ်တံတိုင်းခတ်ဝင်ပေါက်ကြီးတစ်ခုလဲရှိနေသေးတယ်။ ဝင်ပေါက်အုတ်တံတိုင်းတစ်ဖက်တစ်ချက်မှာလဲ မိုင်းပန်မြို့မှ လှိုက်လှဲစွာကြိုဆိုပါ၏ဆိုတဲ့စာသားတွေကို မြန်မာဘာသာ၊ ရှမ်းဘာသာတွေနဲ့ ရေးသားထားတာကို မြင်တွေ့နေရပါတယ်။

မိုင်းပန်မြို့တွင်းကို ဝင်ရောက်လာတဲ့အခါမှာ စည်စည်ကားကားဖြစ်မနေဘဲ တစ်မြို့လုံး တိတ်ဆိတ်ခြောက်ကပ်နေတယ်။ မြို့သမိုင်းအထောက်အထားတွေအရ မိုင်းပန်မြို့ကို မြန်မာဘုရင်ရဲ့တပ်တွေ ယိုးဒယားတိုက်ပွဲကနေ အပြန်ခရီး ခရစ်နှစ် (၁၆၃၇) ခုနှစ်မှာ တည်ထားခဲ့ကြောင်း သိရှိရတာကြောင့် မြို့တည်သက်တမ်းက အချိန်ကြာမြင့်နေပါပြီ။ ဒါပေမဲ့ အခုရောက်ရှိတွေ့မြင်နေရတဲ့အခြေအနေက သာမန်မြို့ငယ်လေးအဆင့်သာရှိနေပါသေးတယ်။ လမ်းတစ်လျှောက်မှာတွေ့မြင်ခဲ့ရတဲ့ မြို့တွေနဲ့ နှိုင်းယှဉ်ရင်လဲ ဖွံ့ဖြိုးမှုအားနည်းနေသေးတယ်လို့ ဆိုရမှာပါ။




ကားဆရာတွေက ကားတွေရပ်၊ ကားတွေပေါ်ကနေဆင်းပြီး နေ့လယ်စာစားသောက်ကြဖို့ စဉ်းစားစီစဉ်နေကြတဲ့အချိန်တိုလေးအတွင်းမှာ မိမိက မလှမ်းမကမ်းမှာတွေ့မြင်နေရတဲ့ အဆောက်အအုံကြီးတစ်ခုရှိရာကို အပြေးအလွှားသွားပြီး မှတ်တမ်းဓာတ်ပုံတွေ ရိုက်ယူနိုင်ခဲ့တယ်။ အဆောက်အအုံကြီးက ခံ့ညားထည်ဝါပြီး ကြီးမားနေသလို "သျှမ်းစာပေနဲ့ ယဉ်ကျေးမှုရုံး၊ မိုင်းပန်မြို့"ဆိုပြီး ရှမ်းဘာသာ၊ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာတွေနဲ့ရေးသားထားတာကို တွေ့မြင်ရတယ်။ ရုံးအတွင်းမှာတော့ လူရိပ်လူယောင်မတွေ့ခဲ့ရသလို ရုံးအောက်ဘေးမှာ ဖွင့်လှစ်ထားတဲ့ဈေးဆိုင်လေးမှာလဲ ဆိုင်ရှင်မတွေ့ခဲ့ရပါဘူး။ မြို့သမိုင်းအထောက်အထားတွေအရလဲ မိုင်းပန်က မြို့ငယ်လေးအဖြစ်နဲ့သာ တည်ရှိနေသေးတာကို သိရှိရပါတယ်။ မြို့အမည်ကတော့ ရှမ်းဘာသာနဲ့ မိုင်းပန်ဖြစ်ပြီး မြန်မာလိုဆိုရင် လည်သောမြို့လို့ အဓိပ္ပါယ်ရနေတယ်။ လည်သောမြို့ဆိုပြီး အမည်ဖြစ်ပေါ်လာတဲ့ အကြောင်းရင်းက မြို့ရဲ့အနောက်တောင်ထောင့်မှာ အင်းကြီးတစ်အင်းရှိနေတယ်လို့ဆိုတယ်။ အဲဒီအင်းကြီးအတွင်းမှာလဲ ကျွန်းကြီးတစ်ကျွန်းရှိနေတယ်။ ရေပတ်လည်ဝိုင်းနေတဲ့ကျွန်းကြီးကို ရေတွေကလှည့်လည်နေတဲ့အတွက် လည်သောမြို့လို့ခေါ်ဆိုတာဖြစ်ကြောင်း မြို့သမိုင်းအရ သိရပါတယ်။

နေ့လယ်စာစားသောက်ကြဖို့အတွက် ကားဆရာတွေ စဉ်းစားတိုင်ပင်ပြီး မိမိကလဲ ဓာတ်ပုံတွေရိုက်ကူးပြီးတာနဲ့ မိုင်းပန်မြို့ကနေ ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ မိုင်းပန်မြို့ကနေ စတင်ထွက်လိုက်တာနဲ့ လမ်းရဲ့အနေအထားက အလွန်ကျဉ်းမြောင်းသွားတာကို သတိထားလိုက်မိတယ်။ ကားဆရာကို မေးမြန်းကြည့်တော့ အခုအချိန်အခါမှာ လမ်းက ကျဉ်းသာကျဉ်းပြီး ကောင်းနေသေးကြောင်း၊ အရင်တုန်းက လမ်းက ကျဉ်းလည်းကျဉ်း၊ ဆိုးလည်းဆိုးကြောင်း ပြောပြတယ်။ လမ်းက ကျဉ်းလည်းကျဉ်းတဲ့အပြင် အဆင်းခရီးဖြစ်နေပြန်တယ်။ ဒါကြောင့် သံလွင်မြစ်ရှိရာကို ဆင်းနေတာဖြစ်ကြောင်းနဲ့ မိုင်းပန်မြို့နဲ့ သံလွင်မြစ်ကြားမှာ မြို့တွေမရှိတော့ကြောင်း ကားဆရာက ထပ်မံဖြည့်စွက်ပြောပြခဲ့တယ်။

မကြာခင်မှာ နေ့လယ်စာ စားကြဖို့အတွက် တုံတစ်ရွာကို ရောက်လာတယ်။ အချိန်က မွန်းလွဲ (၂)နာရီကျော်နေပြီ။ တုံတစ်ရွာရဲ့ တစ်ခုတည်းသောထမင်းဆိုင်လေးက လမ်းအမြင့်ရဲ့အောက်မှာ ရှိနေပြီး ဆိုင်ထဲရောက်ဖို့အတွက် ခုနစ်ထစ်လောက်ရှိတဲ့အုတ်လှေကားလေးအတိုင်း ဆင်းသွားကြရတယ်။ ကားလမ်းပေါ်မှာ မိမိတို့ထက် အရင်ရောက်ရှိနေတဲ့ အခြားယာဉ်လိုင်းက ကားလေးနှစ်စီး ရပ်တန့်ထားသလို ဆိုင်ထဲက စားပွဲဝိုင်းနှစ်ဝိုင်းမှာလဲ စားသောက်နေကြသူအချို့ကို တွေ့ရတယ်။ ကားဆရာအချင်းချင်း ပြောဆိုနှုတ်ဆက်ကြတော့မှ သူတို့လဲ မိုင်းပန်မြို့က ထမင်းဆိုင်ပိတ်ထားတာကြောင့် တုံတစ်ရွာရောက်မှ ထမင်းစားရကြောင်း သိလိုက်ရတယ်။ နောက်တစ်ခါ ဒီခရီးစဉ်ကိုသွားမယ်ဆိုရင် သတိထားရတော့မယ်။ တုံတစ်ထမင်းဆိုင်မှာ မိမိတို့အဖွဲ့က အခြားဟင်းလျာတွေကို မမှာယူတော့ဘဲ ပြီးလွယ်စီးလွယ် လျင်မြန်လွယ်တဲ့ ထမင်းကြော်သုံးပွဲနဲ့ ခေါက်ဆွဲကြော် သုံးပွဲကို မှာယူလိုက်ပြီး မြန်မြန်ဆန်ဆန် စားသောက်လိုက်ကြတယ်။ ကားဆရာတွေကလဲ လျင်မြန်လွယ်ကူတဲ့ ရှမ်းခေါက်ဆွဲလောက်ကိုသာ မှာယူစားသောက်နေကြတာကိုလဲ သတိထား မိလိုက်တယ်။

အားလုံးက ဒီလိုမြန်မြန်ဆန်ဆန် လွယ်လွယ်ကူကူရတဲ့ အစားအသောက်တွေကို ဘာကြောင့်ရွေးချယ်မှာယူ စားသောက်နေကြရတာလဲဆိုတာ အကြောင်းရှိပါတယ်။ မိုင်းပန်မြို့မှာ နေ့လယ်စာထမင်းစားသောက်ကြမယ်ဆိုကတည်းက ကားဆရာက မိမိတို့အဖွဲ့ကို ကြိုတင်မှာကြားထားခဲ့တယ်။ သံလွင်မြစ်ကူးတံတားက ညနေ (၆)နာရီမှာ ပိတ်မှာဖြစ်ကြောင်းနဲ့ မိုင်းဆတ်မြို့အဝင်ဂိတ်ကလဲ ည (၁၀)နာရီမှာပိတ်တာဖြစ်တဲ့အတွက် တံတားတွေ၊ ဂိတ်တွေမပိတ်ခင် အချိန်မီဝင်ရောက်ဖို့လိုအပ်ကြောင်း၊ ဒါကြောင့် အစားအသောက်တွေကို မှာယူစားသောက်ကြတဲ့အခါ အချိန်ကြာနိုင်မဲ့ ဟင်းလျာတွေကို မမှာယူသင့်ကြောင်း၊ မြန်မြန်စား၊ မြန်မြန်ပြန်ထွက်ပြီး ရှေ့ခရီးကို ဆက်ကြရမှာဖြစ်ကြောင်း စတာတွေကို ပြောကြားထားတာကြောင့်ပဲဖြစ်ပါတယ်။ အားလုံးကလဲ တံတားတွေ၊ ဂိတ်တွေရှိရာကို အချိန်မီဝင်ရောက်နိုင်ဖို့အတွက် မြန်ဆန်တာတွေကို မှာယူ၊ မြန်မြန်ဆန်ဆန် စားသောက်ခဲ့ကြပြီး ရှေ့ခရီးကို ဆက်ခဲ့ကြတယ်။ တုံတစ်ရွာ ထမင်းဆိုင်ကနေ ပြန်လည်ထွက်ခွာလာကြတဲ့အခါ ညနေ (၃)နာရီထိုးကာနီးနေပါပြီ။

တုံတစ်ရွာကနေ ထွက်လာပြီးကတည်းက သံလွင်မြစ်ရှိရာကို ဦးတည်မောင်းနှင်နေရတာကြောင့် လမ်းအနေအထားက အဆင်းလမ်းသက်သက်ဖြစ်နေတယ်။ မိုင်းပန်မြို့နဲ့ သံလွင်မြစ်၊ သံလွင်တံတားက (၃၃)မိုင်ဝေးကွာနေပြီး တုံတစ်ရွာနဲ့ဆိုရင် (၃၃)မိုင်မဝေးတော့ပါဘူး။ မိုင် (၃၀)ဝန်းကျင်လောက်ပဲရှိလိမ့်မယ်ထင်တယ်။ လမ်းတစ်လျှောက်လုံးမှာလဲ ကျေးရွာတွေမရှိသလောက်ဖြစ်နေပြီး တောတွေ၊တောင်တွေကိုသာ တွေ့မြင်နေရတယ်။ လမ်းပေါ်မှာ မိမိတို့စီးလာခဲ့တဲ့ကားသုံးစီးသာရှိနေပြီး တစ်လမ်းလုံးရှင်းနေတယ်။ ဒီလိုနဲ့ ညနေ (၄)နာရီကျော်မှာ သံလွင်မြစ်ကူးတံတား တာစန်းကို ရောက်လာခဲ့ကြတယ်။

အရင်တစ်ခေါက် ကွန်ဟိန်း-မိုင်းပြင်း-ကျိုင်းတုံ-မိုင်းဖြတ်-တာချီလိတ်လမ်းကနေ လာခဲ့တုန်းက သံလွင်မြစ်ကူးတံတားကို ဖြတ်သန်းခဲ့ရတဲ့တံတားအမည်က တာကော်ပါ။ အခု မိုးနဲ-လင်းခေး-မိုင်းပန်-မိုင်းတုံ-မိုင်းဆတ်-တာချီလိတ်လမ်းမှာ သံလွင်မြစ်ကူးတံတားရဲ့အမည်က တာစန်းဖြစ်သွားတယ်။ တာစန်းကိုရောက်တော့ သက်ဆိုင်ရာလုံခြုံရေးဂိတ်အသီးသီးမှာ နိုင်ငံသားစိစစ်ရေးကတ်တွေပြပြီး အစစ်ဆေးခံကြရတယ်။ ဒါ့ပြင် တာချီလိတ်မြို့မှာ မိမိတို့သွားရောက်ရမဲ့ အိမ်ရှင်ရဲ့အမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာနဲ့ ဖုန်းနံပါတ်တွေကို စာရင်းပေးသွင်းရပြီး အိမ်ရှင်က ဟုတ်မှန်ကြောင်း ဖုန်းနဲ့ပြန်လည်ဖြေကြားထောက်ခံပေးရတာတွေနဲ့အတူ အထက်ဌာနအသီးသီးရဲ့ သွားလာခွင့်ပြုကြောင်းအမိန့်တွေကိုလဲ ထပ်မံစောင့်ဆိုင်းကြရပြန်တယ်။ ဒီလိုနဲ့ တာစန်းမှာ အချိန်တစ်နာရီကျော် နှစ်နာရီနီးပါးကြာခဲ့ပြီး ခွင့်ပြုချက်တွေရတော့မှ ဆက်လက်ထွက်ခွာလာနိုင်ခဲ့ကြတယ်။ တာစန်းကနေထွက်လာတော့ ညနေ ၆ နာရီထိုးနေပါပြီ။

သံလွင်မြစ်ကူးတံတား တာစန်းပြီးရင် အနီးဆုံးမြို့က မိုင်းတုံပါ။ တာစန်းနဲ့မိုင်းတုံက (၂၇)မိုင်ကွာဝေးနေသလို တာစန်းကိုကျော်လွန်လာတာနဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ထဲကို ဝင်ရောက်လာပါပြီ။ မိုင်းတုံမြို့ရဲ့ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်က (၁၆၄၈)ပေဖြစ်နေတာကြောင့် သံလွင်မြစ်တည်ရှိနေတဲ့နေရာအနိမ့်ပိုင်းကနေ မိုင်းတုံမြို့ကို အတက်ခရီးလမ်းအဖြစ် ဆက်လက်သွားရောက်ရပါအုံးမယ်။ မိမိတွေးထင်ထားတဲ့အတိုင်း သံလွင်မြစ်ကိုဖြတ်ကျော်ပြီးတာနဲ့ အတက်ခရီးလမ်းကို စပါတော့တယ်။ ဒါပေမဲ့ အတက်ကြမ်းကြမ်း၊ တောင်တန်းမြင့်မြင့်တွေမဟုတ်ဘဲ ခပ်ပြေပြေ၊ ခပ်နိမ့်နိမ့်အတက်ကလေးတွေသာဖြစ်နေကြတယ်။ လမ်းဘေးဝဲယာတစ်လျှောက်မှာ မိုင်းပန်နဲ့တာစန်းကြားမှာလို ကျေးရွာတွေမတွေ့ရဘဲ တောတွေ၊ တောင်တွေသာဖြစ်နေတယ်။ ကားဆရာက တာစန်းကိုတော့ အချိန်မီကျော်ဖြတ်နိုင်ခဲ့ပြီးပြီ။ မိုင်းဆတ်ကို အချိန်မီဖို့လိုတယ်ဆိုပြီး ရှင်းနေတဲ့လမ်းမပေါ်မှာ ဂီယာတွေတစ်ခုပြီးတစ်ခု ချိန်းရင်း မြန်မြန်ဆန်ဆန်မောင်းနှင်နေတယ်။

ကားဆရာကို မိမိက တာစန်းနဲ့မိုင်းဆတ်မှာ အချိန်မမီဘဲ နောက်ကျမှဝင်ရောက်ရင် ဘာဖြစ်နိုင်သလဲလို့ သိချင်တာကို မေးမြန်းစုံစမ်းကြည့်တော့ လုံးဝဖြတ်သန်းခွင့်မပေးဘဲ ညအိပ်စောင့်ဆိုင်းရမှာဖြစ်ကြောင်း သိလိုက်ရတယ်။ တကယ်လို့ အချိန်မမီဖြစ်ခဲ့ရင် ကားပေါ်မှာ တစ်ညလုံး ညအိပ်စောင့်ဆိုင်းဖို့ဆိုတာ မလွယ်ကူပါဘူး။ ဒါကြောင့်လဲ မိမိတို့ကိုယ်တိုင်က မိုင်းဆတ်မြို့ကို အချိန်မီဝင်ရောက်နိုင်ပါစေဆိုပြီး ဆုတောင်းနေရတော့တယ်။ ကားလေးတွေကတော့ မိုင်းတုံနဲ့ မိုင်းဆတ်မြို့တွေရှိရာကို အရှိန်ပြင်းပြင်းနဲ့ မောင်းနှင်နေကြပြီဖြစ်သလို သံလွင်မြစ်ကြီးကလဲ တဖြည်းဖြည်းနဲ့ အဝေးတစ်နေရာမှာ ကျန်ရစ်နေခဲ့ပါပြီ။

**သက်နိုင်(ပြင်ဦးလွင်)**

# ကျောက်ဆည်မြို့တွင် ရွှေသာလျောင်းတောင်မြတ်စွာဘုရား သီတင်းကျွတ်ဆင်လှူပွဲတော်နှင့် ဆင်အကအလှပြိုင်ပွဲ ကျင်းပသွားမည်



**ကျောက်ဆည် အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ရွှေသာလျောင်းတောင်မြတ်စွာဘုရား သီတင်းကျွတ်ဆင်လှူပွဲတော်နှင့် ဆင်အကအလှပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ရွှေသာလျောင်းတောင်မြတ်စွာဘုရား သီတင်းကျွတ်ဆင်လှူပွဲတော်နှင့်ဆင်အကအလှပြိုင်ပွဲ ဦးစီးကော်မတီဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းက ပြောပြ၍ သိရသည်။

ရွှေသာလျောင်းတောင် မြတ်စွာဘုရား သီတင်းကျွတ် ဆင်လှူပွဲတော်နှင့် ဆင်အကအလှပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို သီတင်းကျွတ်လဆန်း ၁၄ ရက်တွင် ရွှေသာလျောင်းတောင်ခြေရှိ ဝတ္တက ကွန်းမြေတွင် ပြုလုပ်မည်ဖြစ်ပြီး သီတင်းကျွတ်လပြည့်နေ့တွင် ရွှေသာလျောင်းတောင်ရင်ပြင်တော်၌ ဆွမ်းတော်ကြီးကပ်ပွဲများနှင့် ဆင်လှူဒါန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျောက်ဆည်ဆင်ပွဲကတော့ နှစ်တိုင်းလို စည်ကားပါတယ်။ ပြိုင်ပွဲဝင် ဆင်အဖွဲ့တွေ အားလုံး လိုက်နာရမဲ့ စည်းကမ်းချက်တွေကို စနစ်တကျဆောင်ရွက်ထားရှိပါတယ်။ ဖွင့်ပွဲအခမ်းအနားမှာ နှစ် ၃၀ အထက် မပျက်မကွက်လာရောက် ဖျော်ဖြေပေးတဲ့သက်ကြီးဆင်တွေကို ဖွဲ့ဆုချီးမြှင့်ပေးသွားမယ်။ ဒိုးပတ်၊ နဲ၊ လင်းကွင်း၊ မောင်း၊ ဝါးလက်ခုတ်တွေနဲ့ ရှေးရိုးရာအတိုင်း ကျောက်ဆည်မြို့မ ဈေးကြီးကို ခြေလျင်သုံးပတ် လှည့်လည် ဖျော်ဖြေတဲ့ဆင်အဖွဲ့တွေကိုလဲ ဆုချီးမြှင့်ပေးသွားမှာပါ။ ဒီနှစ်မှာလဲ အရင်နှစ်တွေလိုပဲ ရိုးရာ ဆင်ပြိုင်ပွဲ၊ ဘော်ကြယ်ဆင်ပြိုင်ပွဲနဲ့ ကလေးဆင်ပြိုင်ပွဲတွေကျင်းပသွားမှာဖြစ်ပါတယ်"ဟု ရွှေသာလျောင်းတောင် မြတ်စွာဘုရား သီတင်းကျွတ်ဆင်လှူပွဲတော်နှင့် ဆင်အကအလှပြိုင်ပွဲဦးစီးကော်မတီ ဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းက ပြောပြသည်။

ကျောက်ဆည်မြို့ ဆင်လှူပွဲတော်နှင့် ဆွမ်းတော်ကြီးကပ်လှူပွဲကို အနော်ရထာမင်းကြီးလက်ထက် လွန်ခဲ့သောနှစ်ပေါင်း ၉၀၀ ခန့်ကတည်းက နှစ်စဉ်ရိုးရာမပျက် ပြုလုပ်ခဲ့ကြောင်း၊ စတင်ပူဇော်လှူဒါန်းစဉ်က ဆန်မှုန့်၊ ကောက်ညှင်းမှုန့်တို့ဖြင့်ပြုလုပ်သော မုန့်လုပ်ဆင်များ၊ အရုပ်ဆင်များပြုလုပ်လှူဒါန်းခဲ့ရာ ၁၉၂၅ ခုနှစ်ခန့်တွင် ကျောက်ဆည်မြို့ ညောင်ခြောက်ပင်ရပ်နေ ဆရာယင်မှ လူဝင်၍ကရသော ဆင်ဖွဲ့ဆိုးအမည်ရှိ မြေနင်းဆင်ကို တီထွင်ပွဲထုတ်ခဲ့ရာမှ မျက်မှောက်ခေတ် ဆင်လှူပွဲတော်များ ထိတိုင်အောင် လက်ဆင့်ကမ်း ထိန်းသိမ်းကျင်းပလာခဲ့ကြကြောင်း သိရသည်။ ASH

# Fast and Loose အက်ရှင်ဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်ဘေး ရိုက်ကူးမည်

**နယူးယောက် အောက်တိုဘာ ၁၀**

Netflix ၏ Fast and Loose အမည်ရှိအက်ရှင်ရုပ်ရှင်ဇာတ်ကား သစ်ကို ဒါရိုက်တာ မိုက်ကယ်ဘေးက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း အောက်တိုဘာ ၉ ရက် သတင်းများအရ သိရသည်။


လက်ရှိတွင် ဒါရိုက်တာ မိုက်ကယ်ဘေးသည်အဆိုပါဇာတ်ကား ရိုက်ကူးရေးအတွက် Netflix ကုမ္ပဏီနှင့်ဆွေးနွေးနေသည်။

Fast and Loose ဇာတ်ကားသည် တိုက်ခိုက်မှုတစ်ရပ်နှင့် ရင်ဆိုင်ခဲ့ရပြီးနောက် မှတ်ဉာဏ်ပျောက်ဆုံးသွားသည့် ဒုစရိုက်ခေါင်းဆောင်တစ်ဦး၏ နှစ်ကိုယ်ခွဲဘဝ ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ပြီး အဆိုပါ ဇာတ်ကားတွင် မင်းသား ဝီစမစ်က အဓိကဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

Fast and Loose ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျွန်ဟိုဘား၊ အာရစ်ဟိုဘားနှင့် ခရစ်ဘရမ်နာ တို့က ရေးသားပေးထားသည်။

လက်ရှိတွင် Fast and Loose ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Netflix ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**





# ဖိုးဖိုးကိုချစ်တယ် ရုပ်သံဇာတ်လမ်းကို SKYNET၊ SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်မည်




**ရန်ကုန် အောက်တိုဘာ ၁၀**

ဖိုးဖိုးကိုချစ်တယ် ရုပ်သံဇာတ်လမ်းကို အောက်တိုဘာ ၁၂ ရက်တွင် SKYNET ၊ SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်မည်ဖြစ်ကြောင်း အဆိုပါရုပ်သံဇာတ်လမ်းကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ မြင့်မြင့်ခိုင်က ပြောပြ၍ သိရသည်။

ဖိုးဖိုးကိုချစ်တယ် ရုပ်သံဇာတ်လမ်း၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို တက္ကသိုလ် ယဉ်ယဉ်လဲ့ ရေးသားထားပြီး ဒါရိုက်တာအဖြစ် သရုပ်ဆောင် မြင့်မြင့်ခိုင်က ရိုက်ကူးထားကြောင်း သိရသည်။

"အဘိုးနဲ့ မြေးကြားက ၅၂၈ ချစ်ခြင်းမေတ္တာတရားကို မြင်ရမဲ့ တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းလေးပါ။ သရုပ်ဆောင်သစ်တွေရဲ့ သရုပ်ဆောင်စွမ်းရည်ကို မြင်ရမှာဖြစ်သလို လူကြီးနဲ့ လူငယ်ကြား အတွေးအခေါ်အသိအမြင် ကွာဟမှုလေးတွေကြောင့် အထင်အမြင် လွဲမှားတတ်ပုံကိုလဲ မြင်ရမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာ မြင့်မြင့်ခိုင်က ပြောပြသည်။

ဖိုးဖိုးကိုချစ်တယ် ရုပ်သံဇာတ်လမ်းတွင် သရုပ်ဆောင် ဇော်ဦး၊ မြင့်မြင့်ခိုင်၊ ဟိန်းဖြိုးဇို၊ ဆုသက်ပိုင်မှူး၊ ငြိမ်းထက်ဇော်၊ ယမင်းဥ၊ ချစ်သောခင်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Netflix ၏လျှို့ဝှက်သည်းဖိုဇာတ်ကား၌ မင်းသား ဂျီအင်ဂါအက်ကင်နာဘီ ပါဝင်မည်

**နယူးယောက် အောက်တိုဘာ ၁၀**

Netflix ကုမ္ပဏီ၏လျှို့ဝှက်သည်းဖို ဇာတ်ကားသစ်တွင် မင်းသား ဂျီအင်ဂါအက်ကင်နာဘီ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၉ ရက် သတင်းများအရ သိရသည်။

အမေရိကန် အမျိုးသမီးဒါရိုက်တာ ကတ်သရင်းဘီဂျီလိုး တာဝန်ယူရိုက်ကူးမည့် အဆိုပါဇာတ်ကား၏တရားဝင်ဇာတ်ကားနာမည်နှင့် ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို Netflix ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် အမျိုးသား လုံခြုံရေးပြဿနာတစ်ရပ် ပေါ်ပေါက်နေချိန် အိမ်ဖြူတော် အခြေအနေကို နောက်ခံထား ရိုက်ကူးမည့် ဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားတွင် မင်းသား အက်ကင်နာဘီသည် မင်းသား အိုက်ခရစ်အယ်ဘာ၊ မင်းသမီး ရေဘက်ကာဖာဂူဆန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် ဒါရိုက်တာ ဘီဂျီလိုးအတွက် Detroit (2017) ဇာတ်ကားနောက်ပိုင်း ပထမဆုံးရုပ်ရှင်ဇာတ်ကားဖြစ်ပြီး လက်ရှိတွင် အဆိုပါဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Netflix ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# တေးသံရှင် အောင်ထက်နှင့် အိုင်ရင်းဇင်မာမြင့်တို့ပါဝင်မည့် တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart of Rangoon-THOR ၌ ပြုလုပ်မည်

**ရန်ကုန် အောက်တိုဘာ ၁၀**

တေးသံရှင် အောင်ထက်နှင့် အိုင်ရင်းဇင်မာမြင့်တို့ ပါဝင်မည့် တေးဂီတဖျော်ဖြေပွဲကို အောက်တိုဘာ ၂၄ ရက် ည ၆ နာရီ မိနစ် ၃၀ တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart of Rangoon -THOR ၌ ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် အောင်ထက်က ပြောပြ၍သိရသည်။

အဆိုပါ တေးသံရှင် အောင်ထက်နှင့် အိုင်ရင်းဇင်မာမြင့်တို့ ပါဝင်မည့် တေးဂီတဖျော်ဖြေပွဲတွင် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် လှူဒါန်းမည့်အစီအစဉ်ကိုလည်း ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ နှစ်ယောက်ရဲ့ ဖျော်ဖြေတင်ဆက်မှုတွေအပြင် ရေဘေးသင့်ဒေသတွေ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေတွေကောက်ခံပေးမဲ့ အစီအစဉ်လေး ရှိတာပါ။ ကုသိုလ်ယူချင်တဲ့ပရိသတ်တွေကိုလဲ ပွဲမှာအလှူငွေတွေပါဝင်လှူဒါန်းနိုင်ဖို့ ဒီနေရာကနေ အသိပေးအပ်ပါတယ်"ဟု အဆိုတော် အောင်ထက်က ပြောပြသည်။

တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို Daily Gita Band တေးဂီတအဖွဲ့က ပံ့ပိုးတီးခတ်ပေးမည်ဖြစ်ကြောင်း သိရသည်။ ASH

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing receives ASEAN navy chiefs and leaders of delegations who will attend 18th ASEAN Navy Chief's Meeting

## Myanmar favors close friendship with ASEAN; will forge ASEAN cooperation through full ASEAN spirit in accord with the ASEAN charters



Senior General Min Aung Hlaing receives ASEAN navy chiefs and leaders of delegations who will attend the 18th ASEAN Navy Chief's Meeting.

**Nay Pyi Taw October 10**

ASEAN navy chiefs and leaders of delegations who would attend the 18th ASEAN Navy Chief's Meeting hosted by Myanmar paid a courtesy call on Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing at the hall of Zeyathiri Villa here this morning.

Present at the meeting together with the Senior General were SAC member Chief of General Staff (Army, Navy and Air) General Maung Maung Aye, Commander-in-Chief (Navy) Vice-Admiral Htain Win, Commander-in-Chief (Air) General Tun Aung, and senior military officers from Office of Commander-in-Chief. Navy chiefs and delegation leaders of Brunei, Cambodia, Laos, Vietnam, Thailand, Malaysia, Indonesia, and Philippines, who would attend 18th ASEAN Navy Chief's Meeting, were present.

At the meeting, the Senior General discussed matters relating to Myanmar's cooperation with ASEAN through the best way, cooperation to enforce maritime safety in the ASEAN region, requirement of cooperation in natural disaster prevention drills, sharing of experiences in rescue operations and disaster and rehabilitation, and ASEAN naval cooperation during the time when natural disasters strike.

After a nation-wise individual introduction session, navy chiefs and delegation leaders described Myanmar's hospitality during the meeting and their arrival in Myanmar, and discussed the meeting agenda and further promotion of Myanmar-ASEAN naval cooperation.

The Senior General expressed Myanmar's desire for close friendship with all ASEAN member states, speaking of the need to forge ASEAN cooperation through full ASEAN spirit in accord with the ASEAN charters, further strengthen and maintain friendship constantly. He thanked them for attending the meeting hosted by Myanmar.

After the meeting, the Senior General and high-level officials from Office of Commander-in-Chief and ASEAN navy chiefs and leaders of the delegations posed for documentary photos.

100

---

*From Page 13*

He also stated that everyone attending today's meeting should discuss practical ways to support and connect points for the development of MSMEs, which play a significant role in advancing the country's economy.

Then, the Secretary of the Committee, Deputy Minister of Industry U Yin Maung Nyunt, explained the working conditions and resolutions from the Working Committee meeting (1/2024). After that, Secretary of the Committee and Agency Chairman U Yin Maung Nyunt, along with Daw Than Than Lin, Deputy Minister of Planning and Finance, and U Win Shein, Deputy Minister of the Ministry of Labor, read and presented instructions to be submitted to the Small and Medium Enterprises Development Committee. Continuing, the Vice Chairmen of the Working Committee, Union Minister U Win Shein and Dr. Charlie Than, presented on the implementation of the cotton, fabric, and oil crops industries as directed by the Prime Minister, along with the establishment and implementation of policies for the development of small and medium businesses. Financial information and regulations were also presented, provided in accordance with the policy established by the state. Agriculture, livestock breeding, basic value-added products, and OROP activities were also presented.

Then, the Union Ministers of the Working Committee, the Chairman of the Nay Pyi Taw Council, and Chief Ministers from regions and states, Deputy Ministers, discussed the completion and implementation of the decisions and guidelines from the previous meeting by the relevant sectors. They also discussed the participation of MSME products in foreign trade fairs and the vocational courses being offered and taught. Then, they discussed about domestic and foreign market research and development activities and the progress of small and medium business development and policies.

After that, it was reported that Vice Senior General Soe Win coordinated the briefings, delivered a closing speech, and closed the meeting. 100

---

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win delivers speech at meeting 2/2024 of the MSME Development Work Committee



Vice-Senior General Soe Win addresses the meeting 2/2024 of the MSME Development Work Committee.

**Nay Pyi Taw October 10**

The Micro-, Small- and Medium-sized Enterprises Development Work Committee held its meeting 2/2024 at the meeting hall of the Ministry of Industry in Nay Pyi Taw this afternoon, with an address by Chairman of MSME Development Work Committee Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present at the meeting were Union ministers U Win Shein, Dr Kan Zaw, U Hla Moe, Dr Charlie Than, U Tun Ohn and Dr Myo Thein Kyaw, the Nay Pyi Taw Council chair, deputy ministers,work committee members, and officials of organizations together with chief ministers of regions and states through video conferencing.

In his speech, the Vice-Senior General said that the MSME Development Work Committee meeting 1/2024 was held on 20 March 2024 and it adopted important decisions for development of MSME. Now, these decisions are being implemented through collaborative efforts among relevant ministries, organizations, regional governments and agencies.

The aim of today's meeting 2/2024 of the work committee were aligned with guidance of the Prime Minister to develop services with more operation of manufacturing and industries by improving agriculture and livestock farming tasks, to increase GDP of the State, produce sufficient quality foodstuffs and personal goods at home to reduce import volumes, encourage MSME businesses for their development, improve the whole cotton production chain from cultivation to manufacturing of textile with an emphasis on growing quality long staple cotton strains, and turn out skilled workers for development of human resources. Moreover, it is necessary to give suggestions for implementation of aforesaid projects and provide aid. Additionally, the meeting aimed to implementation of the decisions of the work committee at the meeting through collaborative efforts of relevant ministries, organizations and regional agencies and to adopt future tasks.

Economic is a primary drive of the State to develop the State economy. MSME plays a key role in State economy. As such, all countries are striving for development of State economy through the booming of MSME businesses.

With regard to participation of regional MSMEs in GDP, Southeast Asian countries secured 30-50 per cent of MSME to GDP, ASEAN countries 39 per cent and OECD countries 41.58 per cent. Moreover, he continued that Southeast Asian countries created 66.87 per cent of employment opportunities, ASEAN countries 72.3 per cent and OECD countries 62.25 per cent, according to the press releases.

In Myanmar, the State Administration Council is implementing two political visions: "to strengthen genuine, disciplined multiparty democratic system and to build a Union based on democracy and federalism," and two national visions: "to ensure prosperity of the country and to ensure food security". Implementation of two political visions is based on the five-point Roadmap and two national visions on three economic objectives. Hence, MSME businesses are being encouraged with three factors for development of the State economy: encouraging domestic products, substitution of import goods and increase of export volume.

As it is estimated that Myanmar has some 30 per cent of MSME businesses in the State GDP, MSME agencies in regions and states have to seek proper methods in order to promptly implement the MSME businesses via their OROP under the close leadership of regional and state chief ministers with the aim of increasing ratio of MSME to GDP and creating more employment opportunities.

For any type of economic activity, including MSMEs, the fundamental needs are technology, financial resources, market access, raw materials, machinery, and land. Therefore, for MSME economic activities to be successfully implemented in special economic zones and domestic industrial zones, the Ministry of Commerce is actively working on the issuance of the Myanmar Special Economic Zone Law (2024) and its regulations (2015), along with the Ministry of Industry's Industrial Zone Regulations (2023). These laws and regulations provide important guidance and will be instrumental in helping with land access, financial resources, and market opportunities. They also include pathways to acquire skilled and basic labor, and provide guidance on departments that will assist in fulfilling these needs to ensure smooth operations. The work committee and gencies from various regions and states are encouraged to fill the gaps in these areas.

As of today, when examining the existing factories, workshops, industrial zones, and industrial parks that support MSMEs across the country, we can see that there are 102 state-owned factories and workshops, 47,119 private factories and workshops, 33 industrial zones, 3 special economic zones, and 2 deep-sea ports under implementation. In terms of technology, the Prime Minister has instructed that those who have completed KG+9 education receive vocational training to transition from basic laborers to skilled workers. Practical training will also be provided to those with regular academic backgrounds or those without formal education to become basic or skilled workers, based on industry needs. There are 260 short-term and long-term courses being provided by 10 relevant ministries, and from January 2022 to today, 387 types of courses have been offered, with a total of 5,512 sessions and 117,118 trainees completing the courses. Currently, 875 trainees are still attending courses. These trainings will continue to be provided to support the future growth and development of MSMEs. MSME-related training courses can also be accessed for free via the Ministry of Industry's website through the MSME training link.

Regarding the framework for rapidly supporting the success of MSME businesses, it is necessary for the governing body of the State Administration Council's appointed MSME work committee to operate under an efficient governance model. This includes selective intervention to address actual industry needs and adaptive service provision to solve market and operational challenges.

Although it is generally true to fulfill multiple needs for agencies, the work committee must provide strategic and correct investments in critical areas, considering the limited human and financial resources. Market research and surveys tailored to MSME businesses should also be systematically applied to improve business development and service provision, with relevant agencies offering accurate and adaptive guidance based on these findings.

The key to selective intervention and adaptive service provision is the ability to access and use timely and accurate information. This will be supported by surveys and research divisions under the work committee, as well as monitoring and evaluation units. These units must also be properly trained to improve their capacity and ensure they can meet the demands.

The necessary refresher courses will be provided according to their needs. Additionally, industrial zones and factories currently operating MSME businesses must continuously support human resource development by offering relevant training to both basic and skilled workers.

Additionally, a plan is needed to encourage and promote MSMEs at the Union level by region or state, as discussed in previous working committee meetings. Continuous study of OROP is also essential. Under the leadership of the MSME Committee, committee members should discuss the challenges, weaknesses, and strengths in implementing their work to successfully organize the "Union Level MSME Product Exhibition and Competition" in Nay Pyi Taw. To develop the country's economy, the state is promoting MSME businesses. Relevant ministries, local governments, agencies, and private associations should implement this initiative effectively and make strong efforts to enhance the MSME sector in line with Central Committee policy guidance.

*See Page 12*

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အီရန်နိုင်ငံက ဝေဟင်ခြိမ်းခြောက်မှုများမှကာကွယ်ရန် အဆင့်မြင့်လေဆာလက်နက်စနစ်သစ်ကို တပ်ဖြန့်အသုံးပြု



အီရန်နိုင်ငံသည်ဝေဟင်ခြိမ်းခြောက်မှုများမှကာကွယ်ရန် အဆင့်မြင့်လေဆာကာကွယ်ရေးလက်နက်စနစ်သစ်ကိုတပ်ဖြန့်အသုံးပြုထားကြောင်း ၂၀၂၄ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် Mehdi H အမည်ရ X လူမှုကွန်ရက်အကောင့်၌ တင်ထားသည့်ပုံအရ သိရသည်ဟု Army Recognition သတင်းဌာနက အောက်တိုဘာ ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းလေဆာစနစ်သည် တရုတ်နိုင်ငံထုတ် Shen Nung (Divine Farmer) Shield 3000/5000 Laser Defense System (Silent Hunter ဟုလည်းခေါ်ဝေါ်သုံးနှုန်းလေ့ရှိ) လေဆာကာကွယ်ရေးလက်နက်စနစ်ဖြစ်နိုင်သည်ဟု အဆိုပါသတင်းဌာနက ဆက်လက်ရေးသား အစီရင်ခံ ဖော်ပြထားသည်။ ၎င်းမြင်ကွင်းသည် အီရန်နိုင်ငံအနေဖြင့် အနိမ့်ပျံခြိမ်းခြောက်မှုများကို ခုခံကာကွယ်နိုင်စွမ်း တိုးမြှင့်ရန်အတွက် ခေတ်မီလေဆာနည်းပညာကို ဝယ်ယူထားနိုင်ကြောင်း ဖော်ပြနေသည်။

Low-Altitude Laser Defence System(LASS) စနစ်သည် ဒရုန်းများနှင့် အခြားအနိမ့်ပျံ လေကြောင်းပစ်မှတ်များကို ပစ်မှတ်ထားတိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိသည့် လေဆာအလင်းတန်းလက်နက်စနစ် ဖြစ်သည်။ Silent Hunter ဗားရှင်းသည် တရုတ်နိုင်ငံထုတ် လျှပ်စစ်စွမ်းအင်သုံး Fiber-Optic လေဆာလက်နက်အမျိုးအစားလည်းဖြစ်သည်။ ၎င်းတွင် ပါဝါထွက်ရှိမှု ကီလိုဝပ် ၃၀ နှင့် ကီလိုဝပ် ၁၀၀ ကြားရှိပြီး အကွာအဝေးနှင့် အမြင့်ပေအမျိုးမျိုးမှ ဝင်ရောက်လာမည့် ပစ်မှတ်များကို ထိထိရောက်ရောက် တိုက်ခိုက်နိုင်မည်ဖြစ်သည်။

Silent Hunter ၏ ထူးခြားသောအင်္ဂါရပ်များထဲမှတစ်ခုမှာ အများဆုံးတိုက်ပွဲဝင်နိုင်မှု ထိရောက်အကွာအဝေးဖြစ်ပြီး လေးကီလိုမီတာထိ ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိမည်ဖြစ်သည်။ မီတာ ၈၀၀ အကွာအဝေးတွင် သံချပ်ကာပစ်မှတ်များကို ၁၀ မီလီမီတာဒုထိ ထိုးဖောက် တိုက်ခိုက်နိုင်မည်ဖြစ်သည်။ ၎င်းသို့သော စွမ်းဆောင်ရည်သည် ဒရုန်းအစုအဝေးများကို တန်ပြန်ရန်နှင့် ဝေဟင်ခြိမ်းခြောက်မှုများရန်မှ အရေးကြီးအခြေခံအဆောက်အအုံများကို ကာကွယ်ရန်အတွက် သိသာထင်ရှားသောစွမ်းအားတစ်ရပ် ဖြစ်လာစေခဲ့သည်။

တီဟီရန်မြို့တော်တွင် မကြာသေးမီက တွေ့ရှိခဲ့သည့် တရုတ်နိုင်ငံ၏ Silent Hunter လေဆာကာကွယ်ရေး လက်နက်စနစ်သည် ဖြစ်နိုင်ခြေရှိသောစစ်လက်နက်ပစ္စည်း၊ လွှဲပြောင်းရယူမှုများကို နမူနာအနေဖြင့် ပြသလျက်ရှိသည်။ အနိမ့်ပျံလေကြောင်းခြိမ်းခြောက်မှုများရန်မှ အီရန်နိုင်ငံ ကာကွယ်ရေးအခြေခံအဆောက်အအုံများကို ကာကွယ်ရန်အတွက် နှစ်နိုင်ငံစစ်ရေးပူးပေါင်းဆောင်ရွက်မှုတွင် သိသာထင်ရှားသော ခြေလှမ်းသစ်တစ်ရပ်ကို ဖော်ဆောင်နိုင်ခဲ့ခြင်းဟုလည်း ဆိုနိုင်မည်ဖြစ်သည်။ လေဆာလက်နက် စနစ်များသည် တိုက်ပွဲဝင်ရာတွင် တိကျမှု၊ အမြန်နှုန်းနှင့် စစ်ဆင်ရေး ကုန်ကျစရိတ်နည်းပါးခြင်းကြောင့် ဒရုန်းရန်ခြိမ်းခြောက်မှုများကို ထိရောက်စွာတိုက်ခိုက်ချေမှုန်းနိုင်သည်ကိုနိုင်ငံတကာ တပ်မတော်အသီးသီးက လေ့လာတွေ့ရှိခဲ့ကြသည်။

အီရန်နိုင်ငံ၏ လက်နက်တိုက်ထဲသို့ ထိုကဲ့သို့သော အဆင့်မြင့်လက်နက်စနစ်များ ထပ်မံထည့်သွင်းအသုံးချလာနိုင်ခြင်းသည် ဒေသတွင်းလုံခြုံရေးဆိုင်ရာ အပြောင်းအလဲအပေါ် ကြီးမားသော သက်ရောက်မှုရှိနေနိုင်သည်။ ၎င်းက အီရန်နှင့် တရုတ်နိုင်ငံတို့ကြား စစ်ရေးပူးပေါင်း ဆောင်ရွက်မှုအလားအလာကို ညွှန်ပြနေပြီး နှစ်နိုင်ငံစလုံး၏ မဟာဗျူဟာမြောက် အကျိုးစီးပွားများနှင့် ကိုက်ညီလျက်ရှိသည်။ ထို့ပြင် ခေတ်သစ်ဘက်မညီစစ်ပွဲများတွင် သာမန်အသုံးပြုမှုတစ်ခုဖြစ်လာသည့် ရှုပ်ထွေးဆန်းပြားသော ဒရုန်းကျူးကျော်မှုရန်များမှ အီရန်နိုင်ငံ၏ လေပိုင်နက်ကို ကာကွယ်နိုင်မှုစွမ်းရည် မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်သည်။

**Iran Deploys Now Chinese Laser Weapon System to Protect High-Value Targets Against Aerial Threats ကို ဘာသာပြန်ဆိုထားပါသည်။**

## အစ္စရေးက ဆီးရီးယားနိုင်ငံတွင် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သောကြောင့် အရပ်သားများသေဆုံးခဲ့



အစ္စရေးနိုင်ငံသည် ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့တော်ရှိ လူနေရပ်ကွက်တစ်ခုကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သောကြောင့် အရပ်သား ခုနစ်ဦးသေဆုံးပြီး ၁၁ ဦး ဒဏ်ရာရခဲ့ကြောင်း ဆီးရီးယားနိုင်ငံပိုင် သတင်းမီဒီယာများက ရေးသားဖော်ပြခဲ့ကြသည်ဟု ရုရှားနိုင်ငံပိုင် RT သတင်းဌာနက အောက်တိုဘာ ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဂိုလန်ကုန်းမြင့်ပေါ်မှ အစ္စရေးတိုက်လေယာဉ်များက ပစ်လွှတ်သော ဒုံးကျည်သုံးစင်းသည် Mezzeh ဒေသအနီးရပ်ကွက်တစ်ခုကိုထိမှန်ခဲ့ပြီး ကြီးမားသောပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း စစ်ဘက်သတင်းရင်းမြစ်ကို ကိုးကား၍ ဆီးရီးယားနိုင်ငံပိုင် သတင်းအေဂျင်စီ SANA က ရေးသားဖော်ပြခဲ့သည်။

သေဆုံးသူများထဲတွင် အမျိုးသမီးနှင့် ကလေးငယ်များလည်း ပါဝင်ကြောင်း ဆီးရီးယားအစိုးရပိုင် ရုပ်မြင်သံကြားသတင်းတွင် ထုတ်လွှင့်ဖော်ပြသွားသည်။ ပစ်မှတ်ထား တိုက်ခိုက်ခံခဲ့ရသည့် အဆောက်အအုံသည် ဒမတ်စကတ်မြို့ရှိ အီရန်နိုင်ငံသံရုံးနှင့် မလှမ်းမကမ်းအကွာတွင်ရှိကြောင်းလည်း သိရသည်။ လက်ဘနွန်နိုင်ငံ ရှီအာပြည်သူ့စစ်များကို အီရန်နိုင်ငံထံမှ စစ်လက်နက်များ ပံ့ပိုးပေးနေသူဟု ခေါင်းစဉ်တပ်ခံထားရသည့် အမှတ်(၄၄၀၀) တပ်ဖွဲ့မှ ဟစ်ဇ်ဘိုလာတာဝန်ရှိသူတစ်ဦးကို ဒုံးကျည်များဖြင့် ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်ဟု ဆော်ဒီအာရေဗျနိုင်ငံအခြေစိုက် Al-Hadath သတင်းဌာနက အစ္စရေးသတင်းမီဒီယာများကို ကိုးကား၍ ရေးသားဖော်ပြထားကြောင်း သိရသည်။

အစ္စရေးနိုင်ငံက အဆိုပါလေကြောင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ တရားဝင်မှတ်ချက်ပေးခြင်း မရှိပေ။ ပြီးခဲ့သောနှစ်များအတွင်း အစ္စရေးနိုင်ငံကာကွယ်ရေးတပ်ဖွဲ့များသည် ဆီးရီးယားနိုင်ငံကို လေကြောင်းမှ တိုက်လေယာဉ်များဖြင့်အကြိမ်ကြိမ်တိုက်ခိုက်မှု လုပ်ဆောင်ခဲ့ကြပြီး ဆီးရီးယားနိုင်ငံ အချုပ်အခြာအာဏာကို သိသိသာသာ ချိုးဖောက်ခြင်းဖြစ်သည်ဟု ဆီးရီးယားနိုင်ငံ အာဏာပိုင်များက ရှုတ်ချကန့်ကွက်ခဲ့ကြသည်။

အစ္စရေးနိုင်ငံကတော့ တိုက်ခိုက်မှုများအပေါ် အသိအမှတ်ပြုဝန်ခံပြောကြားလေ့မရှိဘဲ အီရန်နိုင်ငံအပေါ် ကြိုတင်လက်ဦးမှုရယူတိုက်ခိုက်ခြင်းနှင့် အီရန်ကျောထောက်နောက်ခံပြု Proxy (ကြားခံအဖွဲ့အစည်းများ)၏ ခြိမ်းခြောက်မှုများရန်မှ အစ္စရေးနိုင်ငံ၏ ခုခံကာကွယ်နိုင်ခွင့်ကို အခိုင်အမာ ထုတ်ဖော်ပြောကြားခဲ့သည်။ ပြီးခဲ့သောလက လေကြောင်းနှင့်ဒုံးကျည်တိုက်ခိုက်မှုများဖြင့် ဟစ်ဇ်ဘိုလာအဖွဲ့အပေါ် အစ္စရေးနိုင်ငံ မြေပြင်တပ်ဖွဲ့များက မြေပြင်ထိုးစစ်များ လက်ဘနွန်၌ ဆက်လက်လုပ်ဆောင်နေချိန်တွင် ယခုကဲ့သို့ လေကြောင်းတိုက်ခိုက်မှု ထွက်ပေါ်လာခြင်းဖြစ်သည်။ ပြီးခဲ့သည့် အောက်တိုဘာ ၈ ရက်က အီရန်နိုင်ငံသည် အစ္စရေးအပေါ် ဒုံးကျည်များဖြင့် ပစ်လွှတ်တိုက်ခိုက်လာခဲ့သည်။ အီရန်နိုင်ငံဘက်က ဟားမတ်စ်နှင့် ဟစ်ဇ်ဘိုလာခေါင်းဆောင်များကို လုပ်ကြံတိုက်ခိုက်ခဲ့ခြင်းအတွက် လက်တုံ့ပြန်ခဲ့ခြင်းဖြစ်ပြီး တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်လာပါက ပြင်းထန်စွာ လက်တုံ့ပြန်မည်ဟု သတိပေးခဲ့သည်။ အစ္စရေးနိုင်ငံသည် အဆိုပါတိုက်ခိုက်မှုအပေါ် ပြင်းပြင်းထန်ထန် လက်တုံ့ပြန်တိုက်ခိုက်သွားမည်ဟု ခြိမ်းခြောက်ခဲ့သော်လည်း ယခုအချိန်ထိတော့ အခြေအနေ တည်ငြိမ်နေဆဲပင်ဖြစ်ကြောင်း သိရသည်။

**Israeli airstrike kills civilians in Syria-media ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ဘုတလင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၄၉၈၆ ဧက စိုက်ပျိုးပြီးစီး



**ဘုတလင် အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၄၉၈၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဘုတလင်မြို့နယ်တွင် မြေပဲဧက ၃၄၇၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၄၉၈၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ မြေပဲဧက ၃၄၇၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၃၄၉၈၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်၌ မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မြေပဲမျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုး အပါအဝင် နှစ်သိန်းကျော်ကုန်ကျစရိတ်ရှိကြောင်းနှင့် တစ်ဧကလျှင် မြေပဲ တင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် ဘုတလင်မြို့နယ်တွင် မြေပဲစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းနိုင်စေရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်းကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းရယူခြင်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးကြင်း ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း အောက်တိုဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးကြင်းပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးကြင်း ပိဿာချိန် ၆၀၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ငါးကြင်းပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးကြင်းများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများလာခြင်းကြောင့် တင်ပို့အားကောင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရှိ ငါးကြင်းတွေ ရန်ကုန်ဘက်က အဝယ်လိုက်နေတာကြောင့် တင်ပို့ရောင်းချအားကောင်းခဲ့တာပါ။ ရန်ကုန်ဈေးကွက်က ငါးကြင်းတွေကို စက်တင်ဘာလအစကတည်းက အဝယ်လိုက်နေတာပါ။ ရန်ကုန်ဈေးကွက်က ငါးကြင်းအပြင် အခြားငါးတွေလဲ ဝယ်လိုအားများလာတာကြောင့် ရေလုပ်သားတွေနဲ့ ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေနေပါတယ်" ဟု ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။



ညောင်တုန်းမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ရေထွက်ကုန်များကို ဝယ်ယူပြီး ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ရေထွက်ကုန်များကို ရန်ကုန်မြို့မှတစ်ဆင့် အခြားဒေသများသို့ ရောင်းချပေးလျက်ရှိကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်ထံမှ သိရသည်။

ကျော်ကျော်လင်း

# မိုင်းဖြတ်မြို့နယ် ဟွေ့ဟုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**မိုင်းဖြတ် အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဟွေ့ဟုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၉ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ ဟွေ့ဟုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များကို လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်း နှင့်အညီအရည်အသွေးပြည့်မီစေရေး စနစ်တကျ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဟွေ့ဟုန်းကျေးရွာ၌ လမ်းအရှည် ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို VDP စီမံကိန်းပံ့ပိုး ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေ ၁၀ ဒသမ ၉ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဩဂုတ်လ ၃၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်ထံမှ သိရသည်။

ဇင်မာ




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၀-၁၀-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၈၀၀၀/၁၈၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၅၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၅၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၂၇၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၆၃၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၀၃၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၃၀ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

ရှေ့ဖုံးမှအဆက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဝင် ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး (၁၈) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးသို့ တက်ရောက်ကြမည့် ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံအနေ အန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ပူးပေါင်းဆောင်ရွက်သင့်သည့် အခြေအနေများ၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက် အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့်










**အာဆီယံရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက နိုင်ငံအလိုက်တစ်ဦးချင်းဆွေးနွေးပြောကြားစဉ်။**

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ကာကွယ်ရေး ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ တက်ရောက် ဖြင့် အာဆီယံအဖွဲ့အတွင်းအကောင်းဆုံး ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ အာဆီယံဒေသအတွင်းပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ သဘာဝဘေး ပျက်စီးမှုများကို ပြန်လည်ထူထောင်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်း အတွေ့အကြုံများကို အပြန်အလှန်ဖလှယ်နိုင်ရေး ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တွင် အာဆီယံရေတပ်များ အာဆီယံ ရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များက နိုင်ငံအလိုက် တစ်ဦးချင်းမိတ်ဆက်ကြပြီး အစည်းအဝေးလာရောက်စဉ်နှင့် မြန်မာနိုင်ငံသို့ရောက်ရှိနေစဉ်အတွင်း မြန်မာနိုင်ငံ

# နဝင်းချောင်းတံတား(အဆုံ) လေးလမ်းသွားတိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းခွင်နှင့် ဆင်သေချောင်းတံတား(သိုက်ချောင်း) ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၁၀**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ တာဝန်ရှိသူများနှင့်အတူယနေ့တွင် ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၂၄၅/၇)ရှိ နဝင်းချောင်းတံတား(အဆုံ)အား မူလ နှစ်လမ်းသွားမှ လေးလမ်းသွားတံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ခြင်း လုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့သော တံတားထိပ်ခုံနှင့် ချဉ်းကပ်လမ်းနေရာ ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ ကုန်တင်ယာဉ်များ စနစ်တကျ ဖြတ်သန်းသွားလာရန် ခွင့်ပြုထားမှုနှင့် အခိုင်အမာ ပြင်ဆင်တည်ဆောက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေရှည်တည်တံ့ခိုင်မြဲရေး စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန်၊ယခင်မူလအခြေအနေထက် ပိုမိုကောင်းမွန်စေရန်နှင့် ခရီးသည်ယာဉ်၊ ကုန်တင်ယာဉ်ကြီးများ အန္တရာယ်ကင်းစွာ မောင်းနှင်အသုံးပြုနိုင်ရေးထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန် မှာကြား သည်။


ယင်းနောက် ကင်းသာလမ်းဆုံသို့ရောက်ရှိပြီး ရေတိုက်စား၍ ပျက်စီးခဲ့သည့်နေရာများတွင် အမှိုက်သရိုက်များဖယ်ရှားရှင်းလင်းပြီး မြေဖို့ခင်းကြိတ်ဆောင်ရွက်နေမှု၊ လမ်းနယ်နေရာ၌ မြေထိန်းနံရံအနိမ့် (Toe Wall) များအသစ်ဆောင်ရွက်နေမှု၊ ရေမြောင်းများရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားမှုနှင့် လမ်းပခုံးအမာခံရရှိအောင် ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဆင်သေချောင်းတံတား (ပုပ္ပားကုန်း)သို့ရောက်ရှိပြီး ပြင်ဆင်ပေးထားသည့် တံတားထိပ်ခုံနှင့် ချဉ်းကပ်လမ်းကြံ့ခိုင်မှုအခြေအနေ၊ တံတားအောက်၌ ဆင်သေချောင်းရေ ဖြတ်သန်းစီးဆင်းမှုကြောင့် တံတားပျက်စီးမှုမဖြစ်ပေါ်စေရေး ကြိုတင်စီမံဆောင်ရွက်ထားမှုနှင့် တံတားထိပ်ခုံအောက်ခြေအား ရေထပ်မံတိုက်စားခြင်းမရှိစေရေး ကြိုတင်စီမံဆောင်ရွက်ရမည့်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့ကို ဆက်သွယ်ထားသော ပုဗ္ဗသီရိမြို့ပတ်လမ်းပေါ်ရှိ ဆင်သေချောင်းတံတား(သိုက်ချောင်း)သို့ရောက်ရှိပြီး တံတားရေလယ်တိုင် နိမ့်ကျသွားသည့်အပိုင်းကို အဆင့်ဆင့်ပြုပြင်ဆောင်ရွက်နေမှု၊တံတားထိပ်ခုံနှင့် ချဉ်းကပ်လမ်းအား အခိုင်အမာတည်ဆောက်နေမှုအခြေအနေတို့ကိုစစ်ဆေးမေးမြန်းကာ လွှန်းထိုးခြင်း(LaunChing) နည်းစနစ်ဖြင့် ရေလယ်တိုင်နိမ့်ကျသည့်အပိုင်းအားပြန်လည်ပြုပြင်နေမှု၊ အခိုင်အမာချဉ်းကပ်လမ်း တည်ဆောက်ပြီးစီးပါက ယာယီဘေလီတံတားများအား ဖြုတ်သိမ်းမည့်အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီး(လမ်းဟောင်း) သိုက်ချောင်း-အေလာလမ်းအပိုင်း၌ လမ်းမျက်နှာပြင်မညီညာခြင်း၊ လှိုင်းထနေခြင်းများအား အပိုင်းလိုက် စနစ်တကျပြင်ဆင်ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆွေးနွေးပြောကြားစဉ်။

အနေဖြင့် ညှိနှိုင်းဝတ်ကျေပွန်စွာဖြင့် စီစဉ်ဆောင်ရွက်ပေးမှုအခြေအနေများ၊ (၁၈) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးကျင်းပပြုလုပ်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့် အာဆီယံရေတပ်များအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က မြန်မာနိုင်ငံအနေဖြင့် အာဆီယံ နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးမှုကို လိုလားကြောင်း၊ ဆက်လက်၍ အာဆီယံ အဖွဲ့အတွင်း အာဆီယံစိတ်ဓာတ်အပြည့်ဖြင့် အာဆီယံပဋိညာဉ်များနှင့်အညီ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ခိုင်မြဲအောင် တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သည့် (၁၈) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးသို့ တက်ရောက်လာကြသည့်အတွက်လည်း ကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အာဆီယံရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အာဆီယံရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## ၂၀၂၄ ခုနှစ် အောက်တိုဘာလ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၁၀**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင် မုတ်သုံလေသည် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၁ ရက်မှ ၁၅ ရက်အတွင်း မြန်မာနိုင်ငံ တောင်ပိုင်းဒေသများမှ ဆုတ်ခွာသွားဖွယ်ရာရှိသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအနည်းငယ်ရှိနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း နှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇ ရက်မှ ၉ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် သုံးပေမှ ငါးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ငါးပေမှ ခုနစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် လေးပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊ ဂဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

## ၂၀၂၄ ခုနှစ် (၆၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလားတပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပမှုကို တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇေယျာသီရိအားကစားကွင်း၌ ကျင်းပပြုလုပ်မည့် ၂၀၂၄ ခုနှစ် (၆၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပမှုကို အောက်တိုဘာ ၁၁ ရက်**(ယနေ့)**ညနေ ၃ နာရီ ၂၅ မိနစ်မှစ၍ MWD HD Channel၊ MWD Variety HD Channel၊ MWD Education, Knowledge & Sports Channel၊Channel LIGHT၊ MRTV HD Channel၊ MRTV Sports Channel နှင့် MRTV Parliament Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများကို လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ပြည်လုံးကျွတ်သန်းခေါင်စာရင်း ၁၁ ရက်မြောက်နေ့ ကောက်ယူနေပါသည်။

# (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး (18th ASEAN Navy Chief's Meeting) ဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး (18th ASEAN Navy Chief's Meeting) ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကား ပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံက ဒုတိယအကြိမ်အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး (18th ASEAN Navy Chief's Meeting) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery Hotel ၌ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ဘရူနိုင်းနိုင်ငံ ယာယီရေတပ်ဦးစီးချုပ် Captain Haji Mohamad Sarif Pudin Bin Matserudin၊ ကမ္ဘောဒီးယား ဒုတိယရေတပ်ဦးစီးချုပ် Vice Admiral Sam Sokha၊ လာအိုပြည်သူ့တပ်မတော်စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ Major General Vanthong Bout–tavong၊ ဗီယက်နမ်ပြည်သူ့ရေတပ် ဒုတိယရေတပ်ဦးစီးချုပ် Rear Admiral Pham Nhu Xuan၊ ထိုင်းဘုရင့်တပ်မတော်ရေတပ်ထောက်လှမ်းရေးဌာန ညွှန်ကြားရေးမှူးချုပ် Vice Admiral Puchong Pradittheera၊ တော်ဝင်မလေးရှားရေတပ်နိုင်ငံတကာဆက်ဆံရေးဌာနညွှန်ကြားရေးမှူး Captain Mohd Irwan bin Che Mohd Rani RMN၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားစစ်သံမှူး Captain (Navy) Taufiq Darlem,S.T၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်စစ်သံမှူး Colonel Jose P Navarro JR PA(MNSA)နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက အဖွင့်အမှာစကားပြောကြားရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများနှင့်သာမက အိမ်နီးချင်းနိုင်ငံများနှင့်လည်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး၏ ရွေးချယ်ထားသည့်ခေါင်းစဉ်မှာ "ငြိမ်းချမ်းကြွယ်ဝသော ဒေသဆီသို့ တက်ညီလက်ညီ လှော်ခတ်ခြင်း" ဖြစ်ပြီး မိမိတို့၏တူညီသော ရည်မှန်းချက်အမြင်နှင့် စုပေါင်းစိတ်ဓာတ်ကို အကောင်အထည်ဖော်ရန်ဖြစ်သဖြင့် လက်ရှိအခြေအနေများနှင့် အလွန်လိုက်ဖက်ကြောင်း၊ အာဆီယံဒေသရေပြင်သည် အာဆီယံနိုင်ငံများအတွင်း မှီတင်းနေထိုင်သည့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေသည့် ရပ်ဝန်းဖြစ်သည့်အတွက် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် သာယာဝပြောရေးတို့ကို ဦးစားပေးဆောင်ရွက်ပြီး အာဆီယံရေပြင်များအတွင်း အခြားပြင်ပစွက်ဖက်မှုများမရှိစေရေး ပိုမိုသတိထားဆောင်ရွက်သင့်ကြောင်း၊ မိမိတို့အာဆီယံပင်လယ်ပြင်တွင် ဒေသတွင်းရေကြောင်းဘေးကင်းလုံခြုံမှုနှင့် တည်ငြိမ်ရေးတို့အတွက် အာဆီယံရေတပ်များအကြား အတူတကွလက်တွဲပြီး ကျော်ဖြတ်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းက (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး (18th ASEAN Navy Chief's Meeting) ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)သည် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံရေတပ်အကြီးအကဲများ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ထံသို့ အာဆီယံရေတပ်အကြီးအကဲများ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ)က 18th ASEAN Navy Chief's Meeting အထိမ်းအမှတ် အမှတ်တရလက်ဆောင် ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(ဒုတိယ)

# (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး (18th ASEAN Navy Chief's Meeting-18th ANCM)သို့ တက်ရောက်ရန် အာဆီယံနိုင်ငံများမှ ရေတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့များ ရောက်ရှိ





(၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး (18th ASEAN Navy Chief's Meeting – 18th ANCM)သို့ တက်ရောက်ရန် အာဆီယံနိုင်ငံများမှ ရေတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့များကို စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်အေးမင်းထွေး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံက ဒုတိယအကြိမ်လက်ခံကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး (8th ASEAN Navy Chief's Meeting–18th ANCM)သို့ တက်ရောက်ရန် ဘရူနိုင်းနိုင်ငံ ယာယီရေတပ်ဦးစီးချုပ် Captain Haji Mohamad Sarif Pudin Bin Mat–serudin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံဒုတိယရေတပ်ဦးစီးချုပ် Vice Admiral Sam Sokha ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်နိုင်ငံ ဒုတိယရေတပ်ဦးစီးချုပ် Rear Admiral Pham Nhu Xuan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ လာအိုနိုင်ငံတပ်မတော်မှ ဒုတိယကြည်းတပ်ဦးစီးချုပ် Major General Vanthong Bouttavong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ထိုင်းနိုင်ငံရေတပ်မှ Vice Admiral Puchong Pradittheera ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အင်ဒိုနီးရှားနိုင်ငံရေတပ်မှ Captain Tau–fik Darlem ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ မလေးရှားနိုင်ငံရေတပ်မှ Captain Mohd Irwan Bin Che Mohd Rani ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဖိလစ်ပိုင်နိုင်ငံရေတပ်မှ Colonel Jose P Navarro ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် အောက်တိုဘာ ၉ ရက် ညနေပိုင်းတွင် နေပြည်တော်သို့ရောက်ရှိကြရာ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်အေးမင်းထွေး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဒုတိယ)

☆ ကျောဖုံးမှအဆက်

လုပ်ငန်းကော်မတီဝင်များနှင့် အသင်းအဖွဲ့များမှတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး(၁/၂၀၂၄)ကို ၂၀၂၄ ခုနှစ် မတ် ၂၀ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပြီး MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အရေးပါသည့် ဆုံးဖြတ်ချက်များချမှတ်ခဲ့ကာ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အစိုးရအဖွဲ့များနှင့် အေဂျင်စီများ ချိတ်ဆက်ညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ လုပ်ငန်းကော်မတီ၏(၂/၂၀၂၄) ကျင်းပရသည့်ရည်ရွယ်ချက်မှာ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများကို ပိုမိုလည်ပတ်နိုင်ပြီး ထိုမှတစ်ဆင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာစေရန်နှင့် နိုင်ငံ၏ GDP တိုးတက်လာနိုင်ရေး၊ စားသောက်ကုန်များကိုသာမက အခြား လူသုံးကုန်ပစ္စည်းများကိုလည်း အရည်အသွေးပြည့်မီစွာဖြင့် ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ပြီး ပြည်ပမှ တင်သွင်းနေရမှုများကို လျှော့ချနိုင်ရေး၊ ပြည်တွင်းထုတ်လုပ်သည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်သွားနိုင်ရေး၊ အရည်အသွေးမြင့် ချည်မျှင်ရှည်ဝါမျိုးများကို အာရုံစိုက်ပြီး စိုက်ပျိုးမှုမှသည် အဆင့်မီအထည်အလိပ် ထုတ်လုပ်ခြင်းအထိ ဝါတန်ဖိုးကွင်းဆက်တစ်ခုလုံး တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်နိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး စသည်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ပံ့ပိုးဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးနိုင်ရန်၊ လုပ်ငန်းကော်မတီ၏ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အေဂျင်စီများက တွန်းအားပေး လုပ်ဆောင်နိုင်ရန်နှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန်တို့အတွက် ကျင်းပရခြင်းဖြစ်ကြောင်း။

နိုင်ငံ့စီးပွား မြှင့်တင်ရေးအတွက် တိုင်းပြည်၏ အဓိကမောင်းနှင်အားမှာ စီးပွားရေးဖြစ်ကြောင်း၊ စီးပွားရေးတွင် MSME သည် အဓိကအခန်းကဏ္ဍမှပါဝင်ကြောင်း၊ ထို့ကြောင့် MSME စီးပွားရေးလုပ်ငန်းများ အောင်မြင်မှုမှ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာစေရေး နိုင်ငံတိုင်းက ကြိုးပမ်းဆောင်ရွက်နေကြကြောင်း၊ ဒေသအလိုက် MSME စီးပွားရေးလုပ်ငန်း၏ GDP ပါဝင်နှုန်းကို ကြည့်မည်ဆိုပါက အရှေ့တောင်အာရှနိုင်ငံများတွင် ပျမ်းမျှ ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းကြား၊ အာဆီယံနိုင်ငံများ၏ ၃၉ ရာခိုင်နှုန်းနှင့် OECDနိုင်ငံများတွင် ၄၁ ဒသမ ၅၈ ရာခိုင်နှုန်း ပါဝင်ပြီး အလုပ်အကိုင်ရှာဖွေဖော်ထုတ်ပေးနိုင်မှုအနေဖြင့် အရှေ့တောင်အာရှနိုင်ငံများ၌ ၆၆ ဒသမ ၈၇ ရာခိုင်နှုန်း၊ အာဆီယံနိုင်ငံများ၌ ၇၂ ဒသမ ၃ ရာခိုင်နှုန်းနှင့် OECD နိုင်ငံ၌ ၆၂ ဒသမ ၂၅ ရာခိုင်နှုန်း ရှိကြောင်း ထုတ်ပြန်ချက်များအရ သိရှိရကြောင်း။

မိမိတို့နိုင်ငံတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး"၊ အမျိုးသားရေးရည်မှန်းချက် (၂)ရပ်ဖြစ်သည့် "တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ရေ၊ ရိက္ခာဖူလုံရေး"တို့ကို နိုင်ငံတော်၏မျှော်မှန်းချက်များအဖြစ် ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးရည်မှန်းချက်(၂)ရပ်ကို ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် အကောင်အထည်ဖော်လျက်ရှိပြီး အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ကို စီးပွားရေးဦးတည်ချက်(၃)ချက်ဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ထို့ကြောင့် MSME စီးပွားရေးလုပ်ငန်းသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်တွင်းထုတ်ကုန်အားပေးရေး၊ သွင်းကုန်အစားထိုးရေးနှင့် ပို့ကုန်ရရှိရေးဆိုသည့် အချက်သုံးချက်ဖြင့် ရည်ရွယ်ပြီး MSME အားပေးမြှင့်တင်ရေးအစီအစဉ်များ ချိတ်ဆက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် MSME စီးပွားရေးလုပ်ငန်း အကောင်အထည်ဖော်မှုတွင် နိုင်ငံ၏ GDP ပါဝင်နှုန်းမှာ ၃၀ ရာခိုင်နှုန်းအထိသာ ခန့်မှန်းပါဝင်လျက်ရှိနေသေးသဖြင့် GDP ပါဝင်မှုအချိုးတိုးတက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရန် MSME လုပ်ငန်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ MSME အေဂျင်စီများက သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးမှ ဝန်ကြီးချုပ်များ၏ အနီးကပ်ဦးဆောင်လမ်းညွှန်မှုဖြင့် စုပေါင်းဆွေးနွေးပြီး နည်းလမ်းများဖော်ထုတ်၍ မိမိတို့၏ OROP မှတစ်ဆင့် MSME စီးပွားရေးလုပ်ငန်းများ အမြန်ဆုံးအောင်မြင်အောင် အကောင်အထည်ဖော်နေကြရမည်ဖြစ်ကြောင်း။

MSME စီးပွားရေးလုပ်ငန်းအပါအဝင်မည်သည့် စီးပွားရေးလုပ်ငန်းမျိုးမဆို အခြေခံလိုအပ်ချက်မှာ နည်းပညာ၊ ငွေကြေးအရင်းအနှီး၊ ဈေးကွက်ကုန်ကြမ်း၊ စက်ပစ္စည်းနှင့် မြေနေရာလိုအပ်ချက်တို့ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် MSME စီးပွားရေးလုပ်ငန်း အကောင်အထည်ဖော်ရမည့် အထူးစီးပွားရေးဇုန်များ၊ ပြည်တွင်းစက်မှုဇုန်များအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မြန်မာ့အထူးစီးပွားရေးဇုန် ဥပဒေ(၂၀၂၄)နှင့် နည်းဥပဒေ(၂၀၁၅)တို့နှင့် စက်မှုဝန်ကြီးဌာန စက်မှုဇုန်နည်းဥပဒေများ(၂၀၂၃)တို့ကို ထုတ်ပြန်ပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါဥပဒေ၊ နည်းဥပဒေများပါ အချက်အလက်များသည် မြေနေရာ၊ ငွေကြေးအရင်းအနှီးနှင့် ဈေးကွက်ရှာဖွေရရှိမှုတို့အတွက် များစွာ အထောက်အကူပြုစေမည့် လမ်းညွှန်ချက်များ၊ နည်းပညာရရှိရေးနှင့် သင်ယူလေ့လာနိုင်ရန် ကျွမ်းကျင်လုပ်သားများ၊ အခြေခံလုပ်သားများ လိုအပ်ချက်ရရှိရေး ဆောင်ရွက်နိုင်မည့် နည်းလမ်းများပါရှိပြီး ယင်းနည်းလမ်းများရရှိနိုင်ရေး လမ်းညွှန်မှုပေးမည့်ဌာနဆိုင်ရာများကလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိရာ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် လုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အေဂျင်စီများက လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် တိုက်တွန်းလိုကြောင်း။

ယနေ့အထိ နိုင်ငံတစ်ဝန်း MSME များကို အားဖြည့်ပေးနေသည့် စက်ရုံ၊ အလုပ်ရုံနှင့် စက်မှုဇုန်၊ စက်မှုရပ်ကွက်များ တည်ရှိမှုကို ကြည့်မည်ဆိုပါက နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ ၁၀၂ ခု၊ ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံ ၄၇၁၁၉ ခု၊ စက်မှုဇုန်၊ စက်မှုရပ်ကွက် ၃၃ ခု၊ အထူးစီးပွားရေးဇုန် သုံးခုအပါအဝင် ရေနက်ဆိပ်ကမ်းနှစ်ခုလျာထား ဆောင်ရွက်လျက်ရှိသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ နည်းပညာနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က KG+9 အောင်မြင်ပြီးသူများကို Vocational Training ပေးပြီး အခြေခံလုပ်သားဘဝမှ ကျွမ်းကျင်လုပ်သားဖြစ်စေရေး၊ သာမန်အတန်းပညာတတ်မြောက်သူနှင့် လုံးဝစာမတတ်မြောက်သူများကိုလည်း လက်တွေ့နယ်ပယ်အလိုက် အသုံးပြုကြရမည့် အခြေခံလုပ်သား၊ ကျွမ်းကျင်လုပ်သားများဖြစ်စေရေး လေ့ကျင့်ဆောင်ရွက်ပေးရမည်ကို လမ်းညွှန်မှာကြားထားကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန ၁၀ ခုမှ ကာလတို၊ ကာလရှည်သင်တန်း ၂၆၀ ရှိရာ ၂၀၂၂ ခုနှစ်ဇန်နဝါရီလမှ ယနေ့အထိ သင်တန်းအမျိုးအစားပေါင်း ၃၈၇ ခုဖွင့်လှစ်နိုင်ခဲ့ပြီး ဖွင့်လှစ်ပြီးအကြိမ်ရေ ၅၅၁၂ ကြိမ်၊ တက်ရောက်ပြီး သင်တန်းသား၊ သင်တန်းသူစုစုပေါင်း ၁၁၇၁၁၈ ဦး၊ တက်ရောက်ဆဲသင်တန်းသား၊ သင်တန်းသူစုစုပေါင်း ၈၇၅ ဦးရှိပြီးဖြစ်ကြောင်း၊ ယင်းသင်တန်းများကို အနာဂတ်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး စဉ်ဆက်မပြတ် ဖွင့်လှစ် သင်ကြားပေးနေမည်ဖြစ်သကဲ့သို့ စက်မှုဝန်ကြီးဌာန၏ Website တွင်လည်း MSME ခေါင်းစဉ် Link ဖြင့် ဝန်ကြီးဌာနများမှ MSME စီးပွားရေးလုပ်ငန်းအတွက် လေ့ကျင့်သင်ကြားပေးနိုင်သော သင်တန်းများကို အခမဲ့ဝင်ရောက်လေ့လာကြည့်ရှုနိုင်ကြောင်း။

MSME စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာအောင်မြင်ဖြစ်ထွန်းလာစေရေး အားပေးမြှင့်တင်မှု မူဘောင်နှင့်စပ်လျဉ်း၍ MSME စီးပွားရေးလုပ်ငန်းများ လျင်မြင်စွာ အောင်မြင်ဖြစ်ထွန်းလာစေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကိုယ်စား ဖွဲ့စည်းပေးထားသည့် လုပ်ငန်းကော်မတီ၏ယန္တရားသည် မြန်ဆန်မှန်ကန်သော အုပ်ချုပ်မှုပုံစံ (Efficient Governance) ဖြစ်ရန်လိုအပ်ပြီး မြန်ဆန်မှန်ကန်သော အုပ်ချုပ်မှုပုံစံ (E.G)က လက်တွေ့နယ်ပယ် လိုအပ်ချက်များကိုအခြေခံပြီး စနစ်တကျ ရွေးချယ် အထောက်အကူပြုဆောင်ရွက်ပေးခြင်း (Selective Intervention)နှင့် ဈေးကွက်တုံ့ပြန်မှုနှင့် လုပ်ငန်းဖော်ဆောင်မှုအခက်အခဲများကို ဖြေရှင်းပေးနိုင်ရန်အတွက် ပြောင်းလွယ်ပြင်လွယ်ရှိသည့် ဝန်ဆောင်မှုပေးခြင်း (Adaptive Service Provision) စသည့် စံနှုန်းသတ်မှတ်ချက်ထားရှိ၍ MSME လုပ်ငန်းကို အထောက်အကူပြုပေးရမည်ဖြစ်ကြောင်း။

လုပ်ငန်းကော်မတီအနေဖြင့် Agency အလိုက် ဘက်စုံကဏ္ဍစုံဖြည့်ဆည်းပေးရန် ယေဘုယျမှန်ကန်သော်လည်း လူသား အရင်းအမြစ်နှင့် ငွေကြေးအပါအဝင် သွင်းအားစုများကို အကန့်အသတ်ဖြင့်သာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်၍ အဓိက သွင်းအားစုများကို မှန်ကန်သောနေရာများတွင် မဟာဗျူဟာကျကျ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်လိုအပ်ကြောင်း၊ ယင်းလိုအပ်ချက်ကိုလည်း ပြည်တွင်းပြည်ပဈေးကွက်သုတေသနများ၊ MSME လုပ်ငန်းများအလိုက် စစ်တမ်းများကို စနစ်တကျအသုံးချပြီး လုပ်ငန်းမြှင့်တင်ရန်ကိစ္စ၊ ဝန်ဆောင်မှုပေးရန်ကိစ္စနှင့် လိုအပ်ချက်အရ လမ်းညွှန်တည့်မတ်ပေးရန် စသည့်ယန္တရားများကို Agency များက မှန်ကန်စွာရွေးချယ်ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း၊ ပြောင်းလွယ်ပြင်လွယ်ရှိသည့် ဝန်ဆောင်မှုပေးနိုင်ရေးအတွက် စီးပွားရေးကဏ္ဍ၏အခြေအနေ အရပ်ရပ်သည် အမြဲတစေအပြောင်းအလဲမြန်ဆန်ပြီး ကြိုတင်ခန့်မှန်းရန်ခက်ခဲခြင်း၊ နေရာဒေသနှင့် အချိန်ကာလပေါ်မူတည်ပြီး ပြောင်းလဲနိုင်ခြင်းတို့ကြောင့် Agency များကလည်း ပြောင်းလဲဖြစ်ပေါ်တတ်သည့် ဈေးကွက်တုံ့ပြန်မှုအရ အလားအလာရှိသော လုပ်ငန်းများ၌ ကြုံတွေ့ရသည့်အခက်အခဲများကို လိုအပ်သလို ပြောင်းလွယ်ပြင်လွယ် ကူညီလမ်းညွှန်ပေးနိုင်ရေးစီမံဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

Selective Intervention နှင့် Adaptive Service Provision ၏အဓိကလိုအပ်ချက်မှာ သတင်းအချက်အလက်များ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ရယူအသုံးပြုနိုင်ခြင်းကလည်း အရေးကြီးပြီး **စာမျက်နှာ ၂၀ သို့**



အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး (၂/ ၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

# မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် အကြိုဂုဏ်ပြု အင်ဂျင်နီယာပွဲတော်အခမ်းအနား မန္တလေးနည်းပညာတက္ကသိုလ်တွင် ကျင်းပ



**မန္တလေး အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် အကြိုဂုဏ်ပြု အင်ဂျင်နီယာပွဲတော် အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးနည်းပညာ တက္ကသိုလ်တွင် ကျင်းပရာ မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ် များမှ ပါမောက္ခချုပ်များ၊ နည်းပညာသိပ္ပံ နှင့် ကျောင်းများမှ ကျောင်းအုပ်ကြီး များ၊ ပါမောက္ခဌာနမှူးများနှင့် ဆရာ၊ ဆရာမများ၊ သုတေသနစာတမ်းရှင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးနည်းပညာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများက နိုင်ငံတော် အသစ်ရဲ့ ခွန်အားအသစ် သီချင်းဖြင့် သီဆို ဂုဏ်ပြု၍ အခမ်းအနားကိုဖွင့်လှစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ပြုလုပ်သည့် သိပ္ပံနှင့် အင်ဂျင်နီယာ ပညာရပ်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ၊ နည်းပညာပြပွဲနှင့် Science Battle ပြိုင်ပွဲ များကျင်းပပြီး မြန်မာနိုင်ငံအင်ဂျင်နီယာ ပညာရေး နှစ် ၁၀၀ ပြည့်ကို ကြိုဆိုဂုဏ်ပြု နိုင်ခြင်းသည် မန္တလေးနည်းပညာ တက္ကသိုလ်၏ အောင်မြင်မှုမှတ်တိုင်တစ်ခု ဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါ ကြောင်း၊ စာတမ်းဖတ်ပွဲတွင် ဘာသာရပ် ၁၀ ခုမှတင်သွင်းသော စာတမ်း ၄၉ စောင် အပြင် အခြားနည်းပညာတက္ကသိုလ်များ မှ တင်သွင်းလာသော စာတမ်းများ၊ နည်းပညာပြပွဲများ နည်းပညာအမျိုးအစား ၇၈ ခု ခင်းကျင်းပြသမှု၊ လူငယ်သိပ္ပံ ပညာရှင်များ၏ သုတေသနဆိုင်ရာ ဆွေးနွေးပွဲများနှင့် စာဖတ်အားမြှင့်တင်ရေး လူငယ်စာပေစကားဝိုင်းများလည်း ပါဝင် သည်ဟု သိရပါကြောင်း၊ သုတေသန လုပ်ငန်းများ ပိုမိုတိုးတက်လာစေရန်၊ နည်းပညာရပ်များ ပေါ်ပေါက်လာစေရန် နှင့် အင်ဂျင်နီယာစွမ်းအားဖြင့် အနာဂတ် ကောင်းများကို ပူးပေါင်းမြှင့်တင်သွား ကြရမည်ဖြစ်ပါကြောင်း စသည့်ဖြင့် ပြောကြားသည်။

ထို့နောက် သိပ္ပံနှင့် နည်းပညာဝန်ကြီး ဌာန ဒုတိယဝန်ကြီးက ဂုဏ်ပြုစကားများ ကိုလည်းကောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မြင့် နှင့် ပါမောက္ခချုပ် ဒေါက်တာသိန်းတန်တို့ က ဂုဏ်ပြုအမှတ်တရစကားများကိုလည်း ကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ နည်းပညာတက္ကသိုလ် နှင့် ကွန်ပျူတာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနမှ ဆောင်ရွက်ချက်များ၊ ဒေသအကျိုးပြု ဆောင်ရွက်ချက်များ၊ MTU Engineering Festival, 2024 အကြောင်းတို့ကိုလည်း ကောင်း ရှင်းလင်းတင်ပြကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီး ချုပ်၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ နိုင်ငံအင်ဂျင်နီယာပညာရေး နှစ် ၁၀၀ ပြည့် အကြိုဂုဏ်ပြု အင်ဂျင်နီယာပွဲတော်တွင် ကျောင်းသားကျောင်းသူများ၏ ဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ပြီး နည်း ပညာအမျိုးအစားအလိုက် ပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေး ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုနှင့်အညီ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၂၀ (ဂ)တွင် သတ်မှတ်ပြဋ္ဌာန်းချက်အရ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို နိုင်ငံတော်၏မတည်ထောက်ပံ့ငွေဖြင့် ထူထောင်ထားရှိပြီး အဆိုပါရန်ပုံငွေမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများသို့ သက်သာသောအတိုးနှုန်းဖြင့် မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ချေးငွေများ ထုတ်ချေးပေးလျက်ရှိပါသည်။

၂။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက် ရေးရန်ပုံငွေမှ ထုတ်ချေးသောချေးငွေကို ရယူလိုသူ MSME လုပ်ငန်းရှင်များ ချေးငွေ ရယူမှုပိုမိုအဆင်ပြေစေရန်အတွက် မြန်မာ့စီးပွားရေးဘဏ်အပြင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၅ ဘဏ်တွင်လည်း ချေးငွေများလျှောက်ထား နိုင်ပြီဖြစ်ပါသည်-

(က) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
(ခ) ကမ္ဘောဇရတနာဘဏ်လီမိတက်၊
(ဂ) ရွှေ(ကျေးလက်နှင့်မြို့ပြ)ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊
(ဃ) ပထမပုဂ္ဂလိကဘဏ်လီမိတက်၊
(င) ကမ္ဘောဇဘဏ်လီမိတက်၊
(စ) အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်လီမိတက်၊
(ဆ) မြန်မာ့အရှေ့တိုင်းဘဏ်လီမိတက်၊
(ဇ) မြန်မာ့ခရီးသွားဘဏ်လီမိတက်၊
(ဈ) မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊
(ည) သမဝါယမဘဏ်လီမိတက်၊
(ဋ) မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၊
(ဌ) မြန်မာမက်ထရိုဘဏ်လီမိတက်၊
(ဍ) ဧရာဝတီဘဏ်လီမိတက်၊
(ဎ) သတ္တုဖွံ့ဖြိုးရေးဘဏ်၊
(ဏ) ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်၊
(တ) ဧရာဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်လီမိတက်၊

၃။ သို့ဖြစ်ပါ၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် ချေးငွေလျှောက်ထားရာတွင် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီရုံးခွဲ များမှတစ်ဆင့် လျှောက်ထားနိုင်ပြီး နီးစပ်ရာMSME အေဂျင်စီရုံးခွဲများသို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

**စာမျက်နှာ ၁၉ မှအဆက်**

ရနိုင်သည့် သတင်းအချက်အလက်များကို လုပ်ငန်းကော်မတီယန္တရားက ဖွဲ့စည်းပေး ထားသည့် စစ်တမ်းကောက်ယူခြင်းနှင့် သုတေသနပြုလုပ်သည့် လုပ်ငန်းခွဲနှင့် စောင့်ကြည့်စစ်ဆေးသည့် လုပ်ငန်းခွဲများ ကို အထောက်အကူပြုပေးနိုင်မည်ဖြစ် ကြောင်း၊ အဆိုပါလုပ်ငန်းခွဲများ၏ အရည် အချင်းနှင့် လုပ်နိုင်စွမ်းအားကို လိုအပ်ချက် များနှင့်အညီ ကိုက်ညီအောင် လေ့ကျင့် သင်ကြားမှုများဖြင့် စနစ်တကျမြှင့်တင် ပေးကြရမည်ဖြစ်ကြောင်း။

လေ့ကျင့်သင်ကြားမှုတွင် မိမိတို့ယန္တရား ၏လိုအပ်ချက်အရ လေ့ကျင့်ပေးရမည့် မွမ်းမံသင်တန်းများရှိသကဲ့သို့ MSME လုပ်ငန်းများ လက်တွေ့လုပ်ကိုင်နေသော စက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံများမှ အခြေခံနှင့် ကျွမ်းကျင်လုပ်သားများတွင် လိုအပ်သည့် လုပ်ငန်းနှင့်ကိုက်ညီမည့် သင်တန်းများကိုလည်း လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း။

ထို့ပြင် ယခင်လုပ်ငန်းကော်မတီ အစည်းအဝေးများတွင် ဆွေးနွေးဆုံးဖြတ်ခဲ့ သည့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ပြည်ထောင်စုအဆင့် MSMEs အားပေး မြှင့်တင်ရေးအစီအစဉ် ရေးဆွဲထားရှိရန် လိုအပ်ပြီး OROP နှင့်ပတ်သက်၍ အမြဲ လေ့လာ သုံးသပ်နေရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းကော်မတီ ဦးဆောင်မှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် "ပြည်ထောင်စုအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲ" ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင် ရွက်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲ များ၊ အားသာချက်၊ အားနည်းချက်များကို လည်း ယခုအစည်းအဝေးတွင် ဆွေးနွေး ပေးစေလိုကြောင်း။

နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်စေရေး အတွက် နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက် ရှိပြီး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများ က မူဝါဒဆိုင်ရာလမ်းညွှန်မှာကြားချက်များ အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသ ဆိုင်ရာအစိုးရနှင့် အေဂျင်စီများ၊ ပုဂ္ဂလိက အသင်းအဖွဲ့များက တာဝန်ခံမှု၊ တာဝန်ယူမှု တို့ဖြင့် ထိထိရောက်ရောက် အကောင် အထည်ဖော်ဆောင်ရွက်ကာ MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်သွားကြရန်နှင့် ယနေ့အစည်း အဝေးကို တက်ရောက်လာကြသူများ အားလုံးက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး တွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပံ့ပိုးကူညီချိတ်ဆက်ဆောင်ရွက် ပေးရမည့်အချက်များကို လက်တွေ့ကျကျ ဝိုင်းဝန်းဆွေးနွေးပေးကြရန် လိုကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်း ရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်က လုပ်ငန်းကော်မတီ အစည်းအဝေး(၁/၂၀၂၄) အစည်းအဝေး ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အသေးစား၊ အငယ်စား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီသို့ တင်ပြမည့်အမှာစာများကို လုပ်ငန်း ကော်မတီအတွင်းရေးမှူး အေဂျင်စီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်၊ လုပ်ငန်းသုံးသပ်မှုအစီရင် ခံရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာ ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ အလုပ်သမားဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်တို့က ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စု ဝန်ကြီး ဦးဝင်းရှိန်နှင့် ဒေါက်တာ ချာလီသန်းတို့က နိုင်ငံတော်ဝန်ကြီးချုပ် ၏လမ်းညွှန်ချက်ဖြစ်သည့် ဝါ၊ ချည်ထည် နှင့် ဆီထွက်သီးနှံလုပ်ငန်းများ အကောင် အထည်ဖော်ဆောင်ရွက်နေမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး မူဝါဒ များချမှတ်ပြီး အကောင်အထည်ဖော်ဆောင် ရွက်နေမှု၊ နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒနှင့်အညီ ထုတ်ချေးထားသည့် ငွေကြေးဆိုင်ရာ အချက်အလက်များ၊ ငွေကြေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးအခြေခံတန်ဖိုးမြှင့် ထုတ်ကုန်များနှင့် OROP လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ဒုတိယ ဝန်ကြီးများနှင့် အသင်းအဖွဲ့များမှ ပညာရှင် များက ယခင်အစည်းအဝေးဆုံးဖြတ်ချက် များနှင့် လမ်းညွှန်ချက်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်လျက်ရှိမှု၊ ပြည်ပကုန်စည်ပြပွဲ များတွင် MSMEs ထုတ်ကုန်များ ပါဝင်ပြသ ခဲ့မှု၊ သက်မွေးသင်တန်းများ ဖွင့်လှစ် သင်ကြားပေးနေမှု၊ ပြည်တွင်းပြည်ပ စျေးကွက်သုတေသနလုပ်ငန်း ဖွံ့ဖြိုးရေး လုပ်ငန်းများ အားပေးဆောင်ရွက်လျက် ရှိမှု၊ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၊ မူဘောင်များနှင့်စပ်လျဉ်း ၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အသေးစား၊ အငယ်စား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ရှင်းလင်း ဆွေးနွေးတင်ပြချက်များကို ပေါင်းစပ် ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်း ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့် ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ဇေယျမင်္ဂလာကျောင်းတိုက်အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၈ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဇေယျမင်္ဂလာကျောင်းတိုက် ဆရာတော်အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ထူးခြားသည့် နေ့အပူချိန်များ (၁၀-၁၀-၂၀၂၄)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| မြင်းမူ | ၃၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် | မန္တလေး | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၃၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် | နေပြည်တော် | ၃၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် | ရန်ကုန် | ၃၃ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2024)

**"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့၊ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့"**

"Empowering the next generation for a resilient future"

**အောက်တိုဘာလ (၁၃) ရက်**

## ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး။

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး။

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းဆောင်ရွက်ရေး။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-


(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
(ခ) နိုင်ငံ့ဝန်ထမ်းများ။
(ဂ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# အကြမ်းဖက်သမားများထောင်ထားသည့် ဒေသန္တရလက်လုပ်တိုက်မိုင်းကြောင့် သံဃာတော်တစ်ပါး ထိခိုက်ဒဏ်ရာရရှိ

ဖာပွန်မြို့နယ် ရေပူကျေးရွာအနီး၌ အကြမ်းဖက်သမားများထောင်ထားသည့် ဒေသန္တရလက်လုပ်တိုက်မိုင်းတစ်လုံးအား တိုက်မိပေါက်ကွဲမှုကြောင့် သံဃာတော်တစ်ပါး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် နေရာပြပုံ






ဖာပွန်မြို့နယ် ရေပူကျေးရွာအနီး၌ အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်တိုက်မိုင်း တစ်လုံးအား တိုက်မိပေါက်ကွဲမှုကြောင့် သံဃာတော် တစ်ပါး ထိခိုက်ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် အောက်တိုဘာ ၁၀**

ကရင်ပြည်နယ် ဖာပွန်မြို့နယ် ကျွန်းတောကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးလျက်ရှိသည့် သံဃာတော်တစ်ပါးသည် အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်တိုက်မိုင်းကြီးအား တိုက်မိခဲ့ရာမှ ပေါက်ကွဲမှုဖြစ်ပွားပြီး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဖာပွန်မြို့နယ် ကျွန်းတောကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးလျက်ရှိသည့် ဆရာတော် ဘဒ္ဒန္တတေစနိ္တယသည် အောက်တိုဘာ ၉ ရက် မွန်းတည့် ၁၂ နာရီတွင် ရေပူကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ရာ ရေပူကျေးရွာ၏ အနောက်ဘက် မီတာ ၄၅၀ခန့်အကွာသို့အရောက် အကြမ်းဖက်သမားများထောင်ထားသည့် ဒေသန္တရ လက်လုပ်တိုက်မိုင်းကြီးအား တိုက်မိ၍ ပေါက်ကွဲမှုဖြစ်ပွားပြီး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါ မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည့် ဆရာတော်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကမမောင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း၊ အကြမ်းဖက်သမားများသည် အများပြည်သူ ဆက်သွယ်အသုံးပြုလျက်ရှိသည့် လမ်းကြောင်းများတွင် ယခုကဲ့သို့ မိုင်းထောင်မှုများကြောင့် ခရီးသွားလာရေးတွင် အခက်အခဲများဖြစ်ပေါ်စေသဖြင့် ယင်းလုပ်ရပ်များကို ဒေသခံပြည်သူများက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးနှင့်နယ်မြေစိုးမိုးရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများ အနေဖြင့် မလိုလားအပ်သောဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင် ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန် ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ) လျှောက်ထား ရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (OWIC) လျှောက်ထားရယူခြင်းတို့အားဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၀**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

# ငါန်းဇွန်မြို့နယ် ညောင်လေးပင်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ယာယီနေရပ်စွန့်ခွာသူ ဦးရေ ၁၀၀ ခန့်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းမှားများ လှုံ့ဆော်ဝါဒဖြန့်ဝေ

**နေပြည်တော် အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ညောင်လေးပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ယာယီနေရပ်စွန့်ခွာသူဦးရေ ၁၀၀ ခန့်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ PDF အမည်ခံအကြမ်းဖက်သမားများသည် ဒေသခံပြည်သူများအသွင်ဆောင်၍ မြို့ရွာများအတွင်း အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေခြင်းကြောင့် တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပူးပေါင်း၍ လှည့်ကင်းပတ်ကင်းများ ဆောင်ရွက်ခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိပြီး ယာယီနေရပ်စွန့်ခွာသူများကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တရားမဝင် ပြည်ဖျက်မီဒီယာများက လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေမည့် သတင်းတု၊ သတင်းမှားများနှင့် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရေးသားထားသည့် လုပ်ကြံသတင်းများကိုသာ ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “@yimyint123”TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်နေ ရီမြင့်အား မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် မဟာအောင်မြေမြို့နယ် အမှတ်(၇)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

## ပြင်သစ်နိုင်ငံတွင် ဟာရီကိန်းမုန်တိုင်းခရစ်ခ်ကြောင့် မိုးသည်းထန်စွာရွာသွန်းနေ



**ပဲရစ် အောက်တိုဘာ ၁၀**

ပြင်သစ်နိုင်ငံတွင် ဟာရီကိန်းမုန်တိုင်း ခရစ်ခ်ဝင်ရောက်တိုက်ခတ်ခဲ့မှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းနေကြောင်း ယနေ့သတင်းများအရ သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းနေစဉ်အတွင်း ပြင်သစ်မှာ လူတစ်ဦးသေဆုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ပြင်သစ်နိုင်ငံတောင်ပိုင်း ဆီတဲဆိပ်ကမ်းမြို့အနီး မုန်တိုင်းတိုက်ခတ်ပြီး လေပြင်းတိုက်ခတ်မှုကြောင့် လှေသုံးစင်းတိမ်းမှောက်ခဲ့ကာ အပျော်တမ်းသင်္ဘောသား တစ်ဦးသေဆုံးပြီး တစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ဆေးရုံသို့ပို့ဆောင်ထားကြောင်း ပြင်သစ်အာဏာပိုင်များက ပြောကြားသွားခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ဆက်စပ်ဖြစ်ပေါ်လာသော ရေကြီးရေလျှံမှုကြောင့် ပြင်သစ်နိုင်ငံတောင်ပိုင်းရှိ လူပေါင်း ၆၄၀၀၀ ခန့် ဘေးလွတ်ရာကိုရွှေ့ပြောင်းခဲ့ရကြောင်း၊ ရေလွှမ်းမိုးမှုကြောင့် နိုင်ငံအတွင်း လမ်းများပြတ်တောက်သွားခဲ့ရကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြင်သစ်နိုင်ငံ၏နေရာပေါင်း ၃၀ ကျော်တွင် ရေကြီးရေလျှံနိုင်ခြေ မြင့်မားနိုင်သည့်အတွက် လိမ္မော်ရောင် သတိပေးချက် ထုတ်ပြန်ထားကြောင်း၊ Pyrenees တောင်တန်းများတွင် လေတိုက်နှုန်းက တစ်နာရီလျှင် ကီလိုမီတာ ၁၂၀မှ ကီလိုမီတာ ၁၅၀ ထိရှိနိုင်ပြီး ပဲရစ်မြို့အနီးနေရာများတွင် မိုးရေသည် ၃ ဒသမ ၅ လက်မထိ ရွာသွန်းနိုင်သည့်အတွက် ရေကြီးမှုအန္တရာယ်ရှိသည်ဟု ပြည်သူများကို သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

## နှစ်ပေါင်း ၅၀ အတွင်း ကမ္ဘာ့တောရိုင်းတိရစ္ဆာန် အရေအတွက် ၇၃ ရာခိုင်နှုန်းကျဆင်း

**ဝါရှင်တန် အောက်တိုဘာ ၁၀**

ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ရန်ပုံငွေအဖွဲ့(WWF)၏ စစ်တမ်းကောက်ယူမှုအရ ကမ္ဘာတစ်ဝန်း နှစ်ပေါင်း ၅၀ အတွင်း တောရိုင်းတိရစ္ဆာန်အရေအတွက် ၇၃ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ယနေ့သတင်းများအရ သိရသည်။

WWF ၏ ကိန်းဂဏန်းများအရ တောရိုင်းတိရစ္ဆာန်များသည် အဓိကအားဖြင့် နေထိုင်ရာနေရာများ ဆုံးရှုံးခြင်းကြောင့် ကျဆင်းသွားခြင်း ဖြစ်ကြောင်း သိရသည်။

လူသားတို့၏ အလွန်အကျွံအမဲလိုက်ခြင်းနှင့် သစ်တောများ ခုတ်ထွင်ခြင်းတို့ကြောင့် တောရိုင်းတိရစ္ဆာန်ကောင်ရေနှင့် မျိုးစိတ်များ လျော့နည်းဆုံးရှုံးရခြင်းဖြစ်ကြောင်း WWF မှ ထုတ်ပြန်ခဲ့သည်။

ကောင်ရေကျဆင်းလာသော တိရစ္ဆာန်မျိုးစိတ်များတွင် အပူပိုင်းသစ်တောများတွင် ကျက်စားလျက်ရှိသော မျောက်ဝံများ၊ ဆင်များ၊ မဟာဘယ်ရီယာ သန္တာကျောက်တန်းကြီးမှ သန္တာကောင်များ၊ ရှားပါးပင်လယ်လိပ်များ၊ လင်းပိုင်များအပါအဝင် မျိုးစိတ်များစွာ၏ ကောင်ရေကျဆင်းလာကြောင်း ကမ္ဘာ့တောရိုင်းတိရစ္ဆာန်စောင့်ရှောက်ရေးအဖွဲ့၏ စာရင်းဇယားများအရ သိရသည်။

Living Planet အစီရင်ခံစာတွင် ကမ္ဘာလုံးဆိုင်ရာ တောရိုင်းတိရစ္ဆာန်ကောင်ရေသည် လွန်ခဲ့သည့်နှစ်ပေါင်း ၅၀ ကထက်ကောင်ရေ ၇၃ ရာခိုင်နှုန်းကျဆင်းသွားကြောင်း ဖော်ပြထားသည်။

Ref : Russia Today

Trs : KZ

## ဥဇဘက်ကစ္စတန်နိုင်ငံ တက်ရှ်ကင့်မြို့၏ လေထုညစ်ညမ်းမှုမြင့်မားသောနေရာတွင် မြို့နေလူဦးရေ ၈၃ ရာခိုင်နှုန်းကျော် နေထိုင်နေရ

**တက်ရှ်ကင့် အောက်တိုဘာ ၁၀**

ဥဇဘက်ကစ္စတန်နိုင်ငံ၏ မြို့တော် တက်ရှ်ကင့်မြို့တွင် နေထိုင်သော လူဦးရေ၏ ၈၃ ရာခိုင်နှုန်းကျော်သည် လေထုညစ်ညမ်းမှု မြင့်မားသောနေရာများတွင်နေထိုင်နေရကြောင်း ကမ္ဘာ့ဘဏ်နှင့် ဥဇဘက်ကစ္စတန် ဂေဟဗေဒ၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဝန်ကြီးဌာနတို့မှ မကြာခင်က ထုတ်ပြန်ထားသော အစီရင်ခံစာတစ်စောင်ကို ကိုးကား၍ ယနေ့သတင်းများအရ သိရသည်။

တက်ရှ်ကင့်မြို့၏ လေထုထဲရှိ PM 2.5 အမှုန်အမွှားပါဝင်မှုနှုန်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က သတ်မှတ်ထားသည့် ဘေးကင်းမှုအဆင့်ဖြစ်သော တစ်ကုဗမီတာလျှင် ငါးမိုက်ခရိုဂရမ်ထက် အဆများစွာကျော်လွန်လျက်ရှိပြီး တစ်ကုဗမီတာလျှင် ၃၈ ဒသမ ၈ မိုက်ခရိုဂရမ်ထိ ရောက်ရှိလျက်ရှိရာ လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ် အရွယ်မတိုင်မီသေဆုံးသူဦးရေ ၃၀၀၀ ခန့်ရှိကြောင်း၊ အဓိကအားဖြင့် လေဖြတ်ခြင်း၊ နှလုံးရောဂါနှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများကြောင့် ဖြစ်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရသည်။

တက်ရှ်ကင့်မြို့ မြို့တော်ဧရိယာ၏ ၃၉ ရာခိုင်နှုန်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသည့် PM 2.5 ပါဝင်မှုအဆင့်နှင့် ကိုက်ညီသောဧရိယာတွင်နေထိုင်သူများမှာ မြို့နေလူဦးရေ၏ ၁၇ ရာခိုင်နှုန်းသာ နေထိုင်ကြပြီး ကျန် ၈၃ ရာခိုင်နှုန်းမှာ လေထုညစ်ညမ်းမှုမြင့်မားသော ဇုန်တွင် နေထိုင်ကြကြောင်း သိရသည်။

တက်ရှ်ကင့်မြို့တွင် လေထုညစ်ညမ်းမှုကြောင့် စီးပွားရေးဆိုင်ရာဆုံးရှုံးမှုသည် နှစ်စဉ် အမေရိကန်ဒေါ်လာ ၄၈၈ ဒသမ ၄ သန်းခန့်ရှိနေပြီး နိုင်ငံ့ဂျီဒီပီ၏ သုည ဒသမ ၇ ရာခိုင်နှုန်းခန့်ရှိကြောင်း အဆိုပါအစီရင်ခံစာအရ သိရသည်။

Ref : Russia Today

Trs : AZH



## အီတလီနိုင်ငံမှ သဘာဝဘေးဒဏ်သင့် တောင်သူများအတွက် EU က ယူရို တစ်ဘီလီယံခွင့်ပြု

**ရောမ အောက်တိုဘာ ၁၀**

အီတလီနိုင်ငံ အမ်မီလီယာရိုမက်နာနယ်မြေ၊ တူစကန်နီနယ်မြေနှင့် မာချီနယ်မြေတို့တွင် ၂၀၂၃ ခုနှစ် မေလအတွင်း ဆိုးရွားသော ရေဘေးအန္တရာယ်၊ မြေပြိုကျမှုအန္တရာယ်တို့ဖြင့် ရင်ဆိုင်ခဲ့ရပြီးနောက် စိုက်ခင်းအမြောက်အမြားပျက်စီးကာ တောင်သူများ ဆုံးရှုံးနစ်နာမှုများဖြင့် ရင်ဆိုင်ခဲ့ရသဖြင့် တောင်သူများကို ထောက်ပံ့ပေးရေးအတွက် ဥရောပသမဂ္ဂအဖွဲ့အစည်း(EU)မှ တာဝန်ရှိသူများက ယူရို တစ်ဘီလီယံ ခွင့်ပြုလိုက်ကြောင်း အောက်တိုဘာ ၉ ရက်က တရားဝင်ထုတ်ပြန်ကြေညာသွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောင်သူများကို လျော်ကြေးငွေသဘောမျိုး ပေးအပ်သွားမည်ဖြစ်ပြီး ဥရောပသမဂ္ဂအဖွဲ့အစည်းက ၎င်းတို့၏ရန်ပုံငွေမှ သုံးစွဲသွားမည်ဖြစ်သည့်အတွက်ကြောင့် ရန်ပုံငွေသုံးစွဲခွင့်ဆိုင်ရာ ဥပဒေစည်းမျဉ်းများဖြင့် ကိုက်ညီသော တောင်သူများကို လျော်ကြေးငွေ ပေးအပ်သွားမည်ဖြစ်သည်ဟု ဥရောပသမဂ္ဂအဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့ပေးရာတွင်လည်း သဘာဝဘေးဒဏ်သင့်တောင်သူများအတွက် လျော်ကြေးငွေသဘော ထောက်ပံ့ပေးရေးအတွက် အီတလီစိုက်ပျိုးရေးဝန်ကြီးဌာနက စီမံချက်ရေးဆွဲထားပြီး ဥရောပသမဂ္ဂအဖွဲ့အစည်းက ၎င်းစီမံချက်အတိုင်းထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်သွားခဲ့သည်။

အဆိုပါစီမံချက်အရ တောင်သူများ၏ ပျက်စီးသွားသောစိုက်ပျိုးမြေများ ပြန်လည်ပြုပြင်မွမ်းမံပေးခြင်း၊ စိုက်ပျိုးကုန်ထုတ်လုပ်မှုကဏ္ဍပျက်စီးသွားမှုကို ပြန်လည်ထူထောင်ရန်အတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ပေးခြင်း၊ စိုက်ပျိုးရေးထွက်ကုန် ဈေးကွက်ရှာဖွေခြင်းနှင့်ပြုပြင်ခြင်းတို့အတွက် ရင်းနှီးမြှုပ်နှံပေးခြင်း၊ စိုက်ပျိုးရေးကဏ္ဍအတွက် လိုအပ်သော အခြေခံအဆောက်အအုံများ ပျက်စီးမှုကို ပြန်လည်ပြုပြင်မွမ်းမံပေးခြင်းတို့တွင် အဓိကပံ့ပိုးပေးသွားမည်ဖြစ်သည်ဟု ဥရောပသမဂ္ဂအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

## ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်ဝန်ကြီးချုပ်က အိန္ဒိယနိုင်ငံ၏မီးခိုးငွေ့များကို ထိန်းချုပ်ပေးနိုင်ရေး သံတမန်ရေးရာအရ တောင်းဆို

**အစ္စလာမ်မာဘတ် အောက်တိုဘာ ၁၀**

အိန္ဒိယနိုင်ငံသည် လေထုညစ်ညမ်းမှုနှုန်းမြင့်မားသည့် ကမ္ဘာ့နိုင်ငံစာရင်းတွင် ပါဝင်နေပြီး နိုင်ငံအတွင်း ပျံ့နှံ့နေသောမီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုနှုန်းမြင့်တက်နေကာ မီးခိုးငွေ့များသည် အိမ်နီးချင်းနိုင်ငံဖြစ်သည့် ပါကစ္စတန်နိုင်ငံအတွင်းသို့လည်း ရောက်ရှိ ပျံ့နှံ့နေခြင်းကြောင့် ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်မှ ပြည်နယ်ဝန်ကြီးချုပ် မာယမ်နာဝက်ဇ်ရှာရစ်ဖ်က မီးခိုးငွေ့များကို ထိန်းချုပ်ပေးနိုင်ရေးနှင့်ပတ်သက်ပြီး သံတမန်ရေးရာအရ အောက်တိုဘာ ၉ ရက်က တောင်းဆိုမှုပြုလုပ်သွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ပန်ဂျပ်ပြည်နယ်ဝန်ကြီးချုပ် မာယမ်နာဝက်ဇ်ရှာရစ်ဖ်က ရာသီဥတုသံတမန်ရေးရာ အဖြစ်ခေါင်းစဉ်တပ်သုံးစွဲသွားခဲ့ကြောင်း သိရသည်။

"မီးခိုးငွေ့တွေနဲ့ ပတ်သက်ပြီးတော့ အိန္ဒိယအာဏာပိုင်အဖွဲ့အစည်းနဲ့ စကားပြောသွားမယ်။ ဒါကို ရာသီဥတုသံတမန်ရေးရာလို့ ခေါ်ပါတယ်။ မီးခိုးငွေ့တွေနဲ့ ပတ်သက်ပြီးတော့ အိန္ဒိယနိုင်ငံနဲ့ အတူ ပူးပေါင်းဆောင်ရွက်သွားမှာလဲဖြစ်ပါတယ်"ဟု ပန်ဂျပ်ပြည်နယ်ဝန်ကြီးချုပ် မာယမ်နာဝက်ဇ်ရှာရစ်ဖ်က ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏မြို့တော် နယူးဒေလီမြို့နှင့် ပါကစ္စတန်နိုင်ငံ လာဟိုးမြို့တို့သည် ကမ္ဘာ့လေထုညစ်ညမ်းမှု အဆိုးရွားဆုံးသော မြို့တော်များအဖြစ်လည်း မှတ်တမ်းဝင်ထားပြီး အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နယ်စပ်တစ်လျှောက် ဒေသများတွင်လည်း လေထုညစ်ညမ်းမှုနှုန်း မြင့်မားလျက်ရှိကြောင်း၊ လက်ရှိတွင် ပန်ဂျပ်ပြည်နယ်ဝန်ကြီးချုပ် မာယမ်နာဝက်ဇ်ရှာရစ်ဖ်က အိန္ဒိယနိုင်ငံနှင့်ပူးပေါင်း၍ လေထုညစ်ညမ်းမှုတိုက်ဖျက်ရေးအစီအစဉ်ကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်အောင် ကြိုးစားသွားမည် ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ဝတ္ထုတိုကလျာ

# ဝဋ်နှင့်ကြမ္မာမလွတ်သာ

## ထွန်းလှိုင်(မြိုင်)



စနေနေ့မှာ ပြည်မြို့တီတွက်၊ ပေါက်ချောင်းမြို့တွေမှာလည်း နွားပွဲဈေးတွေရှိတာ ကြားမိသည်။ ဒါပေမဲ့ ဥက္ကံနွားပွဲဈေးလောက် မစည်လှ။ ဒီတစ်ပတ်စနေနေ့မှာ ဥက္ကံနွားပွဲဈေးကို ရောက်ခဲ့ပြန်ပြီ။

ကြည့်လေ။ ကျုပ်နှင့်အတူ သွားလာလှုပ်ရှားနေထိုင်ကြသည့် ကြီးကြီး၊ ငယ်ငယ်၊ ရွယ်ရွယ်၊ လတ်လတ်တို့ တစ်လမ်းလုံးပြည့် ရှောင်လို့ပင်မလွတ်။ ကျုပ်တောင် တိုးဝှေ့ပြီး မနည်းကြိုးစားလာခဲ့ရ၏။ ဈေးရောင်းဈေးဝယ်လည်းစုံနေသည်။ စားသောက်ဆိုင်မှာလည်းအပြည့်။ လမ်းလေး ဈေးထဲမှာလည်း တိုးမပေါက်။ အော်သူအော်၊ ခေါ်သူခေါ်၊ ငေါက်သူငေါက်၊ တစ်ယောက်တစ်ပေါက်ဖြင့် ကျုပ် အရင့်အရင်က နှစ်ခေါက်ရောက်ခဲ့ဖူးသည်။

ပထမအခေါက်ရောက်စဉ်က ကျုပ်အသက်သုံးနှစ်သား။ ကျုပ်ရဲ့ဥပဓိရုပ်နှင့် ဖွံ့ဖြိုးလာမည့်ခန္ဓာကိုယ်အချိုးအစားကိုကြည့်ပြီး အလုအယက်၊ အပြိုင်အဆိုင်နှစ်သက်သည့်အတွက် ရွှေနားကွင်းကျေးရွာကိုရောက်ခဲ့သည်။ အဲဒီရွာမှာတော့ စားလိုက်၊ အိပ်လိုက်၊ အရိပ်တကြည့်ကြည့်နှင့်နေရသည်။ မည်မည်ရရ ဘာမှမလုပ်ရ။ ညနေဘက် ရွာဘေးက ချောင်းထဲမှာ ရေချိုးဆင်းရတာ အပျော်ဆုံး။ နေဝင်မိုးချုပ် ရွာရိုးကိုးပေါက် လျှောက်လည်ရတာလည်း အလုပ်တစ်ခုပဲ ဖြစ်သည်။

တစ်ခါတလေ အစ်ကိုကြီးတွေမအားတဲ့အခါ ကူလုပ်ပေးရတာရှိတယ်လေ။ ဒါလည်း ငယ်သေးတယ်။ နုသေးတယ်။ ဘူးသီးနုနု အမွေးသတ်သလိုဖြစ်မှာပေါ့ဆိုပြီး ပင်ပင်ပန်းပန်းမလုပ်ရဘူး။ ဟန်ကျလိုက်တာ။ ဒီလိုနဲ့ ကျုပ်အသက်လေးနှစ်ကျော်ရောက်တော့ တော်တော်ချောတဲ့ကောင်ကွ။ အရွယ်နဲ့မလိုက်ထွားလိုက်တာတဲ့။ ချီးကျူးလိုက်တာ နှုတ်ဖျားက မချဘူးပေ့ါ။

ချီးမွမ်းလို့မှ မဆုံးသေး။ ဥက္ကံစနေနွားပွဲဈေးကို ဒုတိယအခေါက် ရောက်ခဲ့ပြန်ပြီ။ ဒီတစ်ကြိမ်တော့ ကျုပ်ကိုကြည့်လိုက်တာ အများသား။ ရှေ့က ကြည့်လိုက်၊ အနောက်က ကြည့်လိုက်၊ ဘေးက ကြည့်လိုက်၊ တီးတိုးပြောလိုက်ကြ၊ တိုင်ပင်လိုက်ကြ ကျုပ်ကလည်း ကြည့်ကောင်းတယ်လေ။ ကြည်လင်တောက်ပတဲ့မျက်လုံး၊ စိုပြည်နေတဲ့အသားအရေနဲ့အဆင်း၊ သန်မာထွားကြိုင်းတဲ့ ခန္ဓာကိုယ်အချိုးအဆစ်နဲ့ အရပ်မောင်း၊ သူ့နေရာနဲ့သူ မို့မောက်နေတဲ့အသားစိုင်တွေ၊ ငွားငွားစွင့်နေတဲ့ဦးခေါင်း၊ တုံးတိုက်တိုက် ကျားကိုက်ကိုက်လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ခွန်အားအပြည့်၊ ဒီတစ်ကြိမ်တော့ ပနီပင်ကျေးရွာ ရောက်ခဲ့ပါတော့တယ်။

ပနီပင်ကျေးရွာမှာတော့ ရွှေနားကွင်းကျေးရွာမှာလို အနေအထိုင်မချောင်တော့ဘူး။ မနက်မိုးလင်းတာနဲ့ အလုပ်လုပ်ရတာ။ တစ်ခါတလေ မွန်းတည့်လောက်ထိလုပ်ရတယ်။ ညနေပိုင်းလည်း အနားမပေးဘူး။ နေပူမရှောင် မိုးရွာမရှောင်လုပ်ရတာ။ စားရတော့ ဗိုက်ပြည့်ပြီးရောဆိုကာ အခြောက်တွေကျွေးကြသည်။ အစိုတောင် ရှာရတာပင်ပန်းတယ်ဆိုပြီး မသေရုံဘဲစားရသည်။ အလုပ်သာခိုင်းတာ အာဟာရဆိုလို့ ဘာတစ်ခုမှမပါ။ ကိုယ့်လုပ်စာတောင် ကိုယ်မစားရတဲ့ဘဝ။ နုံချာလှပါကလား။

အတူတွဲလုပ်တဲ့ အစ်ကိုကြီးဆိုရင် အသက်ကလေးရလာပြီလေ။ နည်းနည်းမှမညှာတာကြဘူး။ အာဟာရကလည်းနည်း။ အလုပ်ကလည်း ပင်ပန်းတော့ ခဏခဏမောတယ်။ အားဆေးတောင် မထိုးပေး။ အလုပ်ခိုင်းတဲ့အခါ "နုံလိုက်တာ၊ နှေးလိုက်တာ၊ ဘာလုပ်နေတာလဲ၊ မြန်မြန်သွားပါလား"ဆိုပြီး ကျုပ်နဲ့နှိုင်းပြီး အမီမလိုက်နိုင်လို့အရိုက်ခံရတော့ မျက်ရည်နဲ့မျက်ခွက် မစဲဘူး။ အစ်ကိုကြီးဘဝ သနားစရာ။ ဩော်... တစ်ချိန်ကျရင် ငါလည်းဒီလိုခံရမှာပဲလို့" တွေးမိတိုင်းမျက်ရည်ကျမိသည်။

ကျုပ်တို့ဘဝတွေကတော့ စပါးစိုက်လည်းပါ၊ ကြံစိုက်လည်းပါ၊ ပဲမျိုးစုံကြဲတော့မပြီးသေး။ အလှူပွဲ၊ ဘုရားပွဲ အိုး စုံလို့ပါ။ ငါမပါ ဘယ်ဟာမှ မပြီးဆိုသလိုပဲ လုပ်လိုက်ရတာ ဖက်ဖက်မောပါ။

ကျုပ်အစ်ကိုကြီး အသက်ကလေးရလာတော့ တောင်ပေါ်ကအပြန် လဲတော့တာပါပဲ။ အစားအသောက်ကပျက်၊ ပင်ပန်းတဲ့ဒဏ်နဲ့ မထနိုင်တော့ဘူးလေ။ အဲဒါနဲ့ ဆရာဝန်ခေါ်မပြဘဲ မထလို့ဆိုပြီး တုတ်နဲ့ရိုက်လိုက်၊ ကြိုးနဲ့ရိုက်လိုက်၊ ကန်လိုက်၊ ကြိမ်းဝါးလိုက်နဲ့ အစ်ကိုကြီးဘဝ မျက်ရည်ကျရတော့တယ်။ နေမကောင်းလို့ လှော့မလားအောက်မေ့တယ်။ ပိုဆိုးတော့တယ်။ အစ်ကိုကြီးအသားကို ပါးစပ်နဲ့ကိုက်လိုက်၊ ချိုးလိုက်၊ ဖွဲ့လိုက်ကြတာ ဘယ်လိုမှမရတော့ အဝတ်စပတ်ပြီးမီးရှို့တယ်လေ။ အစ်ကိုကြီးလည်းမတတ်သာတော့ နာနာနဲ့ ဝုန်းခနဲထလိုက်တော့ ဖုန်တွေကိုထသွားတာပဲ။ နည်းနည်းမှ ကိုယ်ချင်းစာနာစိတ်မရှိကြဘူး။ ကျေးဇူးတရားဆိုတာလည်း မသိ။ ရန်သူအမှတ်နဲ့ မညှာမတာလုပ်ချင်သလိုလုပ်လိုက်ကြတာ။ အစ်ကိုကြီးခမျာ ဘာမှမတတ်နိုင်။ အံကြိတ်ပြီး ခံလိုက်ရတော့တယ်။

ဝမ်းတွေ၊ ဆီးတွေချုပ်နေလို့ ငရုတ်သီး၊ ကြက်သွန်နီ၊ ဆား ရောထောင်းပြီးမျက်စဉ်းခတ်တယ်။ ဘာခံနိုင်မလဲ။ အစ်ကိုကြီးလည်း စပ်လွန်းလို့ ဆွေ့ဆွေ့ခုန် တွန့်တွန့်လူးနေတာဘဲ။ မကြာပါဘူး။ ချေးတွေရော၊ သေးတွေပါ ဒလဟောပါတော့တာပါပဲ။ ပြောလိုက်သေးတယ်။ ချီးတွေသေးတွေမပါရင် နောက်တစ်ခါ ထပ်ခတ်မယ်တဲ့။ ဒီလောက်နုတဲ့မျက်လုံးကို ငရုတ်သီး၊ ကြက်သွန်နီ၊ ဆားရော ထုထောင်းခတ်ရတယ်လို့ ဘယ်သမားတော်များ ညွှန်ခဲ့သလဲမသိ။ ငရုတ်သီးကိုင်တဲ့လက်နဲ့ သူတို့မျက်စိပွတ်မိတော့ "အမယ်လေး စပ်လိုက်တာ"တဲ့။ အော်လိုက်တာများ ရေနဲ့ အထပ်ထပ်အခါခါဆေးလိုက်ကြတာ။

နှစ်ရက်၊ သုံးရက်ကြာတော့ တောဘက်ကပြန်လာတဲ့အစ်ကိုကြီး ရပ်လည်းကတုန်ကယင်၊ သွားလည်းကတုန်ကယင်ဖြစ်နေပြီ။ ဒါနဲ့ ဆရာရမ်းကုနဲ့ကြုံလို့ အားဆေးဆိုလား တစ်ကြိမ်တော့ ထိုးပေးပါရဲ့။ ပိုက်ဆံကုန်မှာစိုးလို့ဆိုပြီး အပြည့်အဝထိုးမပေးဘူး။ အစာကောင်းကောင်း ကျွေးမလား၊ ကျွေးမလားဆိုပြီး အခြောက်ပဲ ရေဖျော်ကျွေးတယ်။ နေမကောင်းတုန်း မြိုးမြိုးမြက်မြက်ကလေးများ ကျွေးမလား၊ ကျွေးမလားဆိုပြီး မျှော်သာမျှော်ပေါ်မလာ။ တစ်နေ့လာလည်း အခြောက်၊ တစ်နေ့လာလည်း အခြောက်။ သူတို့ကျ တော့ အကြော်တစ်ဖုံ၊ အသားစုံ၊ ချိုချဉ်ဖန်ခါး စားလိုက်ကြတာ ဝတယ်မရှိဘူး။ ဒီလိုနဲ့ အစ်ကိုကြီးလည်း နာလန်ထလာတယ်။

မိုးဦးကျတော့ ကျုပ်တို့ညီအစ်ကို အလုပ်ရှုပ်ပြီပေ့ါ။ မိုးရွာလည်းလုပ်၊ နေပူလည်းလုပ် နားရတယ်ကို မရှိဘူး။ မိုးရွာတော့လည်းစို၊ မိုးဆက်တိုက်ရွာပြီဆို ပိုဆိုးသေး။ အမိုးအကာမရှိ။ ဒူးဆစ်ထိမြုပ်ထတဲ့ ဗွက်ထဲနေ၊ စားလည်းဗွက်ထဲ၊ အိပ်လည်းဒီဗွက်ထဲ။ ခြင်က ကိုက်၊ မှတ်က တွယ်နဲ့ အိပ်ရတယ်မရှိ။ တချို့တလေတော့ လုံလုံခြုံခြုံထားပါရဲ့။ ဒါလည်း နည်းပါတယ်။ သူတို့ကျတော့ မိုးစိုဖို့နေနေသာသာ ရောင်စုံထီးနဲ့မိုးကာ အနွေးထည်ခမောက်တွေနဲ့။ မအိပ်ခင်ကျတော့ ခြင်ဆေးခွေထွန်းလို့။

လုပ်ငန်းခွင်သိမ်းသွားတော့ နားရမလားအောက်မေ့တယ်။ တောင်ပေါ်တက် သစ်ခုတ်၊ ဝါးခုတ်သွားတော့ ပါသွားပြန်ရော။ အဲဒီကျမှ ပိုဆိုးတော့တယ်။ အစာလည်းကောင်းကောင်းမကျွေး။ ခြင်ကကိုက်၊ မှတ်ကတွယ်၊ အိပ်ရေးက ပျက်လိုက်သေး၊ လေးငါးဆယ်ရက်လောက် ဒုက္ခခံလိုက်ရပြီး အိမ်အပြန် မနိုင်ဝန်ထမ်းပြန်ရတယ်။ လမ်းက ကျဉ်းတွေ၊ ချိုင့်တွေနဲ့ အတက်အဆင်းများရတဲ့အထဲ ကျောက်ကထူသေး။ တစ်ခါတစ်ခါ ချောက်ထဲကျမလားလို့ စိုးရိမ်မကင်းဖြစ်မိသေးသည်။ ကျုပ်တို့မှာ ကောင်းကင်ကိုမျှော်ရည်တစ်ခါ အဝီစိကို ကြည့်ချည်တစ်လှည့်နဲ့ပဲ ခြေတွေကနာ၊ ပခုံးတွေကျိန်း၊ မီးများထတောက်မလားအောက်မေ့ရတယ်။ အိမ်ရောက်တော့ မထချင်တော့ဘူး။ ဒါပေမယ့် နားရမလားအောက်မေ့တယ်။ ဟိုရွာသွားဒီရွာသွား လုပ်ရသေးတယ်။ သူတို့အိပ်တော့ ခြင်ထောင်၊ ကျုပ်တို့လုပ်အားတွေနဲ့ ကောင်းစားနေလိုက်ကြတာ။ စာနာစိတ်လေးတောင်မထားဘူး။

နေပူလိုက်၊ မိုးရွာလိုက်၊ ဗွက်နစ်လိုက်နဲ့ ကျုပ်တို့ညီအစ်ကို ခွာတွေနာလာပြီ။ ပါးစပ်တွေ၊ လျှာတွေလည်း နာလာပြီ။ ဒါတောင် အနားမရသေးဘူး။ ဆေးလည်းကုမပေး။ မြန်မြန်ပျောက်အောင်ဆိုပြီး ကြားဖူးနားဝနှင့် နေချစ်ချစ်ပူတုန်း ခြေထောက်တွေကို သံပူနှစ်ထားသတဲ့။ ပူလိုက်တဲ့ဖြစ်ခြင်း။ နှစ်ရက်သုံးရက် ဝဋ်ခံလိုက်ရသေး။ မပျောက်တဲ့အပြင် ပိုဆိုးလာတယ်။ ဒီတော့ အလုပ်မလုပ်နိုင်တော့ဘူး။ အဲဒီကျမှ ကြုံလို့ဆိုပြီး ဆရာဝန်ပြကြည့်တယ်။ တော်ပါသေးရဲ့။ မောင်မင်းကြီးသား ဆရာဝန်ကယ်ပေလို့။ ဒီအတိုင်းထားရင် ခွာတွေကျွတ်ကုန်မယ်။ လျှာတွေအနာဖြစ်မယ်။ အနားပေးရမယ်။ အစာပျော့ပျော့ အာဟာရရှိတဲ့အစာကျွေးရမယ်တဲ့။ ပါးစပ်ထဲလည်း ကျောက်ချဉ်ရည်နဲ့ဆေးပေးတယ်။ ခြေထောက်တွေလည်း ဆေးမည်းမည်းလိမ်းပေးတယ်။ ဆေးကတ္တရာလို့ပြောသံကြားတယ်။ လေးငါးရက်လောက် လိမ်းပေး၊ ဆေးပေးရမယ်ပြောတယ်။ အခုမှ ကောင်းကောင်း နားရတယ်။ ဆန်ပြုတ်ဆိုတာ အခုမှပဲ မြင်ရသောက်ရတယ်။ အောင်မာ ပဲဖက်တွေတောင် ထည့်ချကျွေးလိုက်သေး။

တစ်နေ့နှစ်ခါလောက် ပျားရည်နဲ့ ဖီးကြမ်းငှက်ပျောသီးဖျော်ပြီး ခွံ့ပေးတယ်။ လိမ်းပေးတယ်။ ဟန်ကျလိုက်တာ။ မောင်မင်းကြီးသားဆရာဝန် ကျန်းမာပါစေ၊ ချမ်းသာပါစေ။ ဒီခွာနာလျှာနာရောဂါကို ဆရာဝန်နဲ့ကုတာတောင် လေးငါးရက်ခံရတယ်။ မကုရင်တော့ ဒုက္ခိတလုံးလုံးဖြစ်သွားနိုင်သည်။

ပြီးခဲ့တဲ့လတုန်းက တောင်ဘို့လကျေးရွာမှာ ကျုပ်သူငယ်ချင်းတွေ အဖျားကလည်းကြီး၊ လည်ပင်းကြီးတွေ ပါးချိတ်တွေရောင်၊ အသက်ရှုကျပ်၊ လျှာတွေထွက်ပြီး သေကုန်ကြသေးတယ်လို့ ကြားလိုက်တယ်။ ပိုက်ဆံကုန်မှာကြောက်လို့ဆိုပြီး ခေတ်မီဆေးဝါးတွေနဲ့ မကုကြဘူးလေ။ ဆေးမြီးတိုနဲ့ကုကြတာ။ ကူးစက်ပြီးသေသွားကြပါရောလား။ ပနီပင်ရွာအထိ ကူးစက်လာတယ်။ အဲဒါကြောင့် ဆရာဝန်တွေ ကြိုတင်ကာကွယ်ဆေးထိုးဖို့လာကြတယ်။ ရောဂါလေးမျိုးကာကွယ်ဆေးထိုးထားရင် အသက်အန္တရာယ်စိုးရိမ်ရတဲ့ရောဂါ မဖြစ်ဘူးတဲ့။ ဟောလိုက်ပြောလိုက်ရတဲ့ဆရာဝန် ပါးစပ်သာညောင်းလို့

စာမျက်နှာ ၂၅ သို့ ➤

➤ စာမျက်နှာ ၂၄ မှအဆက်

သွားတယ်။ မအားလို့ပါ။ အလုပ်ပျက်မှာစိုးလို့၊ နောက်တစ်ခါမှထိုးပါ့မယ်နဲ့ တစ်ယောက်တစ်မျိုး ဆင်ခြေပေးကြတာ။ နောက်ဆုံးတော့ ဖြစ်မှရောက်ရောပဲတဲ့။ မထိုးလိုက်ကြဘူး။

သူတို့ကျတော့ ခေါင်းလေးကိုက်၊ ဗိုက်ကလေးနာ၊ ကိုယ်လက်မအီမသာဖြစ်ရင် ဆရာဝန်ဆီသွားလို့။ ကျုပ်တို့ညီအစ်ကို ခန္ဓာကိုယ်ကလည်း ထွားကြိုင်းလို့လာတယ်။ တစ်နေ့တော့ ညဘက်ကျုပ်အနားယူချိန် ဝါးတားတားကြားလိုက်ရတယ်။

"ခုချိန်မှာ ဥက္ကံစနေနွားပွဲဈေးပို့လိုက်ရင်တော့ တွက်ခြေကိုက်မှာပဲ" တဲ့။ ကျုပ်အစ်ကိုကြီးကတော့အသက်ကြီးလို့ အရင်တစ်ပတ် စနေနေ့ကတည်းက ဥက္ကံစနေနွားပွဲဈေးကိုရောက်တာ။ အခုဆို ပြန်မလာပုံထောက်တော့ အသက်နဲ့ခန္ဓာကိုယ် မြဲပါ့မလားမသိဘူး။ ဒီတစ်ခါတော့ ငါ့အလှည့်ဖြစ်ပြီထင်တယ်။

ဒီလိုနဲ့ ကျုပ်တတိယအခေါက် ဥက္ကံစနေနွားပွဲဈေးရောက်ခဲ့ပြန်ပြီ။ အေးလေ သူတို့လို တီတီတာတာ၊ ပလီပလာတွေ မပြောတတ်ရှာလို့ ငုတ်တုတ်သာ၊ ပြန်လှန်ပြောမျှ ခံရတော့မှာပဲ။ ဥက္ကံစနေနွားပွဲဈေးရောက်တော့ ကျုပ်ကိုလာကြည့်တဲ့သူတွေ အများသားပဲ။ လိုင်စင်ဗီလည်းပါရဲ့။ ဝယ်ရောင်းပွဲစားလည်းပါရဲ့။ လယ်သမားကြီးတွေပါရဲ့။ အမယ် ဟိုဘက်က ကွာရာဘာနီဆိုလား ဝယ်တဲ့သူလည်းပါရဲ့။ လယ်သမားကြီးတွေဆီရောက်ရင်တော့ ကောင်းပါတယ်။ နွားပွဲစားတစ်သိုက်ထံမှ ပြောသံကြားနေရတယ်။

"တနင်္ဂနွေ ကြို့ပင်ကောက်၊ ပေါင်းတလည် နွားပွဲဈေး သွားဖြစ်သေးလား"

"တနင်္လာ ရွှေတောင်၊ ထန်းကုန်းနဲ့ မြောင်းတကာ နွားပွဲဈေး သွားလိုက်တယ်"

"အင်္ဂါ ဂုံညင်းတန်းနဲ့ အင်းမနွားပွဲဈေးလောက် အရောင်းအဝယ်မကောင်းပါဘူးကွာ"

"ဗုဒ္ဓဟူး ပေါင်းတည်နွားပွဲဈေးက အဝယ်နည်းတော့ ဈေးမကိုက်ဘူး"

"ကြာသပတေး လက်ပံတန်းနွားပွဲဈေးက မကိုက်ဘူးလား"

"သောကြာ ဇီးကုန်း၊ သာယာဝတီ နွားပွဲဈေးက နည်းနည်းကျုပ်တော့ ဝယ်မကောင်းဘူး"

"ဒါကြောင့် ဥက္ကံစနေနွားပွဲဈေး လာဝယ်တာကွ"ဆိုပဲ။

ဥက္ကံစနေနွားပွဲဈေးမှာ ကျုပ်ပတ်ဝန်းကျင်ကို ကြည့်လိုက်တယ်။ သက်တူရွယ်တူ၊ ကြီးကြီးငယ်ငယ်တွေလည်းပါတယ်။ နောက်ဘက်ကို သေသေချာချာကြည့်လိုက်တော့ ရင်နာစရာပါလား။ သားတွဲလောင်းမိခင်တွေပါလား။ ပုစုခရုတွေ တစ်ပုံကြီး။

သူတို့ထက်စာရင် ကျုပ်ကမှ ဆယ်နှစ်သားလောက်ဆိုတော့ တော်သေးတာပေါ့။ ရောင်းသူဝယ်သူတွေကတော့ ပွားပန်းခတ်လို့ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် စားလိုက်သောက်လိုက်ကြတာ။ ဇူဇကာပုဏ္ဏား ကျနေတာပဲ။ ကျုပ်တို့ကျတော့ ရေလေးတစ်ပေါက်တောင် တိုက်ဖော်မရဘူး။

နေလည်း အတော်မြင့်သွားပြီ။ ပတ်ဝန်းကျင်က အဖော်တွေလည်း မရှိသလောက်ဖြစ်ပြီ။ ပုစုခရုတွေလည်းမတွေ့ရတော့ဘူး။ အော်သူအော်၊ ငေါက်သူငေါက်၊ ရိုက်သူရိုက်နဲ့ခေါ်သွားကြတာ ဆူညံသွားတာပဲ။ မလိုက်ချင်လိုက်ချင်နဲ့ပါသွားကြတာ။ အချို့ကျတော့လည်း ယက်ကန်ယက်ကန်နဲ့ ပါသွားကြတယ်။ ဟော ဆရာတပည့်နှစ်ယောက် ကျုပ်ဆီကို ဦးတည်လာနေပြီ။

အရပ်ပုပု၊ အသားမည်းမည်း၊ နှာခေါင်းကချွန်ချွန်၊ ဗိုက်ကရွဲ့ရွဲ့ တကတဲ ဝတ်ထားလိုက်တဲ့အင်္ကျီက အကြောင်အကျား၊ လုံချည်က အကွက်ထောက်၊ စားထားလိုက်တာ ကွမ်းယာက မျောက်ဖင်နီ ရှုံးလောက်တယ်။ တပည့်မောင် အိတ်တောင်အနိုင်နိုင်သယ်နိုင်တယ်။ အရက်နံ့က တထောင်းထောင်း၊ တွဲမိလိုက်တဲ့ ဆရာတပည့်။ ကျုပ်နားရောက်ရော-

"ကြည့်ရတာ ပိဿာချိန် ၁၅၀ အထက်မှာ ရှိမယ်ထင်တယ်"

"ဒါဆို ၈၀ အသားလေးပေါ့ ဆရာ"

"အူကြီး၊ အူမ၊ ထပ်တစ်ရာက ခြောက်ပိဿာခွဲ ရှိနိုင်တယ်နော်"

"ဒါတင်ဘယ်ကမလဲ အဆုတ်၊ နှလုံး၊ အသည်း၊ သရက်ရွက်၊ လည်ချောင်းရိုးနက ခြောက်ပိဿာရမယ် ဆရာ"

"ခေါင်း၊ ဦးနှောက်၊ လျှာက သုံးပိဿာခွဲရှိမယ်"

"ဆရာရယ် သွေးခဲကလည်း အနည်းဆုံး ခြောက်ပိဿာလောက်ရမယ်"

"ခြေထောက်ရိုး သုံးပိဿာလောက်ကတော့ ခြံထဲက အလုပ်သမားတွေ ချက်ကျွေးရမယ်"

"ဒူးရိုး၊ ပေါင်ရိုး၊ မေးရိုး၊ ခေါင်းရိုး၊ ကျောရိုး၊ တင်ပါးဆုံရိုးတွေ လွှင့်မပစ်နဲ့နော်၊ အရိုးမှုန့်စက်ရုံက လာဝယ်လိမ့်မယ်"

"ဒါဆို မင်းတို့ပြောသလိုဆိုရင် စွန့်ပစ်ပစ္စည်း ၁၀ ပိဿာလောက်ပဲရှိမယ်"

"ဒါပေါ့ ဆရာရယ် ယူသာယူလိုက်ပါ မရှုံးစေရဘူး။ စိတ်ချ ဒိဋ္ဌမြတ်အောင် ဆရာ့တပည့်လုပ်ပေးမယ်"

ဇောက္ကန့ကျုပ်တော့ ပါတော့မယ်။ ပနီရွာမှာရှိစဉ်က ကျုပ်တို့တစ်တွေသူတို့စိတ်ကြိုက် နေ့မအား၊ ညမနားလုပ်ခဲ့တဲ့ ကျေးဇူးလေးတောင်မထောက်လို့ ဥက္ကံစနေနွားပွဲရောက်ခဲ့ရတာ။ တွေးကြည့်လိုက်ရင် ရင်နာစရာကောင်းလိုက်တာ။

ပနီပင်ရွာရှိစဉ်က ညဘက် အနားယူနေတုန်း ခေါင်းရင်းအိမ်က ဘကြီးတစ်ယောက်ရွတ်ဖတ်တဲ့ လယ်တီဆရာတော်ကြီး၏ မေတ္တာတချို့ကို သတိရမိတယ်။

"တို့တစ်တွေ ပခုံးမှာ၊ မီးဟုန်းဟုန်းတောက်၊ တို့အစွမ်းပင်၊ တို့အပင်ပန်းခံနိုင်လို့ ဆန်စပါး၊ ပြောင်း၊ နှမ်း၊ ဘူး၊ ခရမ်း၊ ပဲအမျိုးမျိုး မြေပြင်လုံးမောက်ဖြိုးအောင် တိုးတက်သည့်သဏ္ဌာန်နှင့် ကုံလုံကြအသီးသီး"

ကျုပ်တို့လုပ်အားတွေနဲ့သူဌေးဖြစ်၊ သုံးချင်တိုင်းသုံး၊ ဖြုန်းချင်တိုင်းဖြုန်းနေခဲ့ကြတာတွေတောင်မထောက်။ မြို့ကြီးသား၊ မြို့ကြီးသူများလို မော်တော်ကားမစီးနိုင်လို့ ခရီးတို့ရှည်စီးလိုက်ကြတော့ မယ်နှင့်မောင်တူယှဉ်ပြီး ချစ်ရည်တူနှစ်ကိုယ်တွဲလို့ ကျုပ်တို့ညီအစ်ကို လိုက်ပို့ခဲ့ကြတာ ယနေ့ထိ မမေ့သေးပါဘူး။

ဆရာတော်ကြီးရဲ့ မေတ္တာစာကို ဆက်ပြီးကြားယောင်နေမိတယ်။

"ကျောင်းကြီးဆောက်၊ ဘုရားရောက် တစ်တိုင်လုံးကြွယ်သည်မှာ ဘယ်သူ့တာအရင်းဟု စဉ်းစားဖွယ်မရှိထင် အလင်းသိပါလျက်နဲ့ သတိပင်မပေါ် ကျေးဇူးကိုမမျှော်"

ကျုပ်ကြားဖူးတာရှိတယ်။ ကျုပ်တို့ကို စီးပွားဘက် ကျေးဇူးရှိတယ်ဆိုပြီး ဘေးမဲ့လွှတ်တာရှိသလို သေတစ်ပန်သက်တစ်ဆုံး စောင့်ရှောက်ရတာလည်းရှိသတဲ့။ အခုခေတ်မှာတော့ တစ်ထောင်ကို တစ်ယောက်ရှိမှာပေါ့။ ကျုပ်ငယ်ငယ်ကဆို အမေ့နို့တောင် ဝအောင်မစို့လိုက်ရဘူး။ နွားနို့၊ မလိုင်၊ ဒိန်ချဉ်၊ ထောပတ်အမျိုးမျိုးပြုလုပ်ပြီး မိသားစုတစ်တွေ အမြိုင့်သားထိုင်စားခဲ့ကြတာ ယနေ့ထိမြင်ယောင်နေမိတယ်။ ပြီးတော့ ဆရာတော်ကြီးရဲ့ မေတ္တာစာရွတ်ဖတ်သံကို ကြားနေမိတယ်။

"စိတ်အချော်တိမ်းပါ၊ မိတ်မတော်စိမ်းကားလျက်၊ တို့အသား၊ တို့အသဲ၊ တို့အဆီရွှဲရွှဲကို ထမင်းအလယ် အနှင့်သားထည့်ပြီး ရယ်ကာပြုံးကာ အရသာခံစား၍ လင်မယားတွေမျိုကြသည် အမေမှာ မျိုနိုင်ပေသူတို့ကိုမျိုရက်ပေ့ သူ့ခံတွင်းတို့လုပ်၊ သည်ထမင်းကို တို့ဟင်းလျာအသားနှင့် စားကြသည့်အဖြစ်နဲ့ကို တို့အသည်း နာလိုက်တဲ့"ဆိုတဲ့ မေတ္တာစာများ မဖတ်မိရှော့လားမသိ။ ကျုပ်တို့အသားတွေကို စားရက်တယ်ဗျာ။ ကျုပ်တို့ရဲ့ နေခဲ့စဉ်မစင်ကိုတောင် မြေဩဇာဆိုပြီး လက်မလည်အောင် ရောင်းစားလိုက်၊ အိုးတွေဖုတ်လိုက်၊ ကျုပ်အသည်းတွေနာလွန်းလို့ ဆက်မတွေးချင်တော့ပါဘူး။

ကျုပ်ပြန်လမ်းမရှိတော့ဘူး။ ဆရာတပည့်နှစ်ဦး ငွေချေနေပြီ။ ကျုပ်သခင်ကတော့ ခပ်ပြုံးပြုံး။ ကျုပ်တို့ကတော့ မျက်ရည်စက်လက်။ အရောင်းအဝယ်ပြေစာတွေ၊ ထွက်ခွင့်လက်မှတ်တွေ တစ်ခါတည်းလုပ်ပေးဖို့ မှာနေပြီ။ တိုက်ကြီးလား၊ မြောင်းတကာလား၊ ရန်ကုန် ရွာသာကြီးလားမသိ။ ခေါ်ရာလိုက်ရတော့မှာပေါ့လေ။ ရန်ကုန်ဆိုရင်တော့ ကားနဲ့သွားရမယ်။ ဟော ပြောလို့မှ လက်စမသတ်သေးဘူး။ ကားပေါ်တင်ဖို့ ခေါ်နေပြီ။ ကားနားလည်းရောက်ရော မတက်ချင်တက်ချင်၊ ဖြစ်နေတဲ့ အဖော်တွေ၊ တွန်းထိုးရိုက်နှက်တင်နေကြတော့ ကားပေါ်ရောက်သွားကြတယ်။ ကျုပ်အလှည့်ရောက်ပြီ။ မလိုက်ချင်လို့ ခြေထောက်တွေကို မြေကြီးနဲ့ သံမှိုစွဲထားသလို အားထည့်ပြီးနေလိုက်တယ်။ ဖွတ်ဆွဲ၊ ဖွတ်မ၊ ဖွတ်တွန်းတင်နေကြပြီ။ ကျုပ်နှာခေါင်းပြတ်တော့မယ်။ လေးငါးယောက် ဆွဲမတင်လိုက်ကြတာ ယက်ကန်ယက်ကန်နဲ့ ကားပေါ်ရောက်ခဲ့ပြီ။

ကျပ်ကျပ်တည်းတည်း မဆန့်မပြတင်လိုက်ကြတာ ကျုပ်အပါအဝင် နှစ်ဆယ်၊ အစိတ်လောက်ရှိမယ်။ သူတို့ တွက်ခြေကိုက်နဲ့ကြည့်တယ်။

"ဒုံး"

တံခါးပိတ်သံ ကြားလိုက်တယ်။ ကားလည်း စထွက်ပြီ။ မောင်းလိုက်တဲ့ကား။ အတွေ့နဲ့ကားအရှောင်ဆိုရင် လဲမကျသွားအောင် အားထည့်ရတယ်။ သူငယ်ချင်းတစ်ယောက် ခြေကျိုးတယ်။ ကြားဖူးတယ်။

နောက်တစ်ခါ ဥက္ကံစနေနွားပွဲဈေးကို ပြန်ရောက်တော့မှာမဟုတ်တော့ပါ။ "သားဦးစနေ မီးလိုမွေ"တဲ့။ အခုတော့ အခုတော့ ကျုပ်တို့ဘဝတွေ မီးလိုမွေခဲ့ရပြီ။ စနေဆိုရင် မကြားချင်တော့ပါ။ ပြန်မရောက်ဖို့လည်း ဆုတောင်းမိတယ်။ နှုတ်ဆက်ခဲ့ပါတယ်။ ဥက္ကံစနေနွားပွဲဈေးရေ၊ ကားစီးရင်း ကျုပ်ညည်းတွားနေမိတယ်။ ဝဋ်ဆိုတာ ဒါပါလားလို့...။

## လက်တစ်စုံ

– လောကဝယ် ကူသောလက်
ဂုဏ်တိုးလျက် နာမည်ကျော်၊
ပေးမေတ္တာ ရောင်ပြန်ဟပ်
မြင့်မြတ်ထင်ပေါ်၊
ပေးကမ်းလျက် ရွှင်ပျော်ပျော်
ဘဝအဖော် သဒ္ဓါတရား၊
လောကီရယ် လောကုတ်
အားထုတ်ကြိုးစား။

– ဆင်းရဲသူ ဖေးကူထား
ကြင်နာသနား စိတ်စေတနာ၊
အကျိုးကို မမျှော်တွေး
ပေးကမ်းလက်ပါ၊
စိတ်ထားက မြေကြီးပမာ
ကရုဏာ မေတ္တာဖက်၊
အမုန်းတွေ ကင်းစေဝေး
အေးမြသောလက်။

– လူဖြစ်လာ ဘဝအတွက်
အနှစ်ရှာလျက် နေထိုင်မယ်၊
အကုသိုလ် ဒုစရိုက်များ
ရှောင်ရှားကြဉ်ဖယ်၊
လောဘ ဒေါသ မောဟပယ်
ရင်တွင်းဝယ် ငြိမ်းချမ်းအေး၊
ပေးကမ်းခြင်း လက်တစ်စုံသာ
ကျင့်ကြံကွဲ တို့ သူ ငါ
သင့်မေတ္တာ သုခတိုးလို့
ကောင်းကျိုးတွေပေး။ ။

ချစ်သက်(မြန်မာစာ)

## ပုသိမ်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ စပါး ၈၅၇၆၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ပုသိမ် အောက်တိုဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စပါး ၈၅၇၆၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စပါး ၉၁၃၄၆ ဧက စိုက်ပျိုးရန်လျာထားပြီး ဇူလိုင်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါး ၈၅၇၆၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပုသိမ်မြို့နယ်မှာ စပါး ဧက ၉၁၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိစပါးဧက ၈၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ စပါးတွေ အခက်အခဲမရှိလျာထားဧက အတိုင်း စိုက်ပျိုးနိုင်ဖို့အတွက် မွေ့စပါးတွေ သိမ်းဆည်းပြီးကတည်းက လိုအပ်တာတွေ ကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ စပါးတွေ စိုက်ပျိုးနိုင်ဖို့သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဓာတ်မြေဩဇာနဲ့ အခြားလိုအပ်တာတွေကိုလဲ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ကူညီပေးခဲ့ပါတယ်။ ဒါကြောင့် အခုလို စိုက်ပျိုးနိုင်တာပါ"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် စပါးများ ဖြစ်ထွန်းအောင်မြင်စေရန်၊ စပါးအရည်အသွေး ကောင်းမွန်စေရန်၊ စပါးအထွက်နှုန်း ကောင်းစေရန်၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရန်၊ ရွှေရောင်အန္တရာယ် ကာကွယ်စေရန် စသည့် အသိပညာပေးလုပ်ငန်းများကို စပါးများပြန်လည်ရိတ်သိမ်းချိန်ထိ နည်းပညာများဖြန့်ဝေဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်လင်း

# မြန်မာ့အနာဂတ်အတွက် ရွှေလက်ပိုင်ရှင်များ (၄)

လင်းလက်

**ပြန်လည်အကျိုးပြုရန်လို**

ငှက်များက တွေ့ရာသစ်ပင်ပေါ်တွင်နားပြီး ထိုသစ်ပင်၏အရိပ်တွင် ခိုကြသည်။ ထိုသစ်ပင်တွင်သီးသည့်အသီးကိုစားပြီး အချိန်တန်သည့်အခါ ထိုသစ်ပင်ကနေ ထွက်ခွာသွားကြသည်။ အဆိုးရွားဆုံးအနေဖြင့် ထိုသစ်ပင်၏ခြေရင်းတွင် မစင်စွန့်တတ်ကြသေးသည်။ အဟိတ်တိရစ္ဆာန်ဖြစ်သည့်အတွက် သူတို့ကို အရိပ်ခို၊ နားနေ၊ စားစရာများပေးသည့် သစ်ပင်ကို ချစ်ခင်ရကောင်းမှန်း၊ ပြန်လည်အကျိုးပြုရကောင်းမှန်း မသိရှာကြပေ။ ငှက်ကလေးများကို နားခိုမှေးစက်စရာနှင့် စားသောက်စရာ အစားအသောက်များကို ထာဝရပေးအပ်နေသည်မှာ သစ်ပင်တစ်ပင်၏တာဝန်ဟုပင် ဆိုနိုင်သည်။

လူ့ဘဝတွင် လူအဖြစ်ကို ရလာသူတိုင်းအတွက် မိမိမွေးဖွားရာနိုင်ငံက နေထိုင်စရာမြေ၊ အိုးအိမ်၊ စားသောက်စရာအစားအသောက်နှင့် ဝတ်ဆင်စရာအဝတ်အထည်တို့ကိုဖန်တီးပေးသည်။ တစ်သက်တာ ထာဝရ နေထိုင်ကျင်လည်ကျက်စားရာဖြစ်သည့် မိမိမွေးဖွားရင်သန်ကြီးပြင်းရာနိုင်ငံအတွက် ပြန်လည်အကျိုးပြုရမည်မှာ လူသားတို့၏တာဝန်ပင်ဖြစ်သည်။ မွေးဖွားချိန်မှ သေဆုံးချိန်ကာလအပိုင်းအခြားအတွင်း မိမိနိုင်ငံနှင့်လူမျိုးအတွက် ပြန်လည်အကျိုးပြုနိုင်ရန် မတတ်နိုင်လျှင်ပင် အကျိုးယုတ်စေသောအလုပ်တို့ကို မလုပ်မိရန်က အဓိကပင်ဖြစ်သည်။ ကျင်လည်ရာပတ်ဝန်းကျင်ကို အကျိုးမပြုဘဲ မိမိကိုယ်ကျိုးကိုသာကြည့်၍ လူမှုပတ်ဝန်းကျင်ကို အကျိုးယုတ်စေသောလုပ်ရပ်များကို လုပ်မိနေမည်ဆိုပါက မိမိနားခိုစားသောက်နေသော သစ်ပင်၏ခြေရင်းတွင် မစင်စွန့်တတ်သည့် အဟိတ်တိရစ္ဆာန်များနှင့်မခြား ဖြစ်သွားမည်ဖြစ်သည်။

**သစ်ပင်တစ်ပင်စိုက်ခဲ့ရန်လို**

လူ့ဘဝတွင် လူအဖြစ်နှင့် အသက်ရှင်သန်စဉ်ကာလအတွင်း လူသားဆန်စွာ၊ လူပီသစွာနေထိုင်နိုင်ရေးအတွက် မကောင်းမှုဟူသမျှ ပြုလုပ်ရမည်ကို ရှက်ခြင်းနှင့်ကြောက်ခြင်းဆိုသည့် ဟီရိဩတ္တပ္ပတရားများလက်ကိုင်ထားကြရန် လိုအပ်သည်။ လူ့ဘဝတွင် ရှင်သန်စဉ်ခဏ အများအကျိုးအတွက် ကိုယ်ကျိုးစွန့်လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိလျှင်တောင်မှ အနာဂတ်မျိုးဆက်သစ်များအကျိုးအတွက် သဘာဝပတ်ဝန်းကျင်ကို အကျိုးရှိစေမည့် သစ်ပင်တစ်ပင်စိုက်ခဲ့ရန်လိုသည်။ မိမိကျင်လည်ရာပတ်ဝန်းကျင်အတွက် ပေးဆပ်သင့်သည်များကို အချိန်ကိုက်ပေးဆပ်လုပ်ကိုင်တတ်သူများကြောင့် လူမှုပတ်ဝန်းကျင်က သာယာလှပနေရသည်။ အများအကျိုးအတွက် ပေးဆပ်တတ်သူများကိုလည်း လူမှုပတ်ဝန်းကျင်က ကြိုဆိုဂုဏ်ပြုနေကြမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။

လူမှုပတ်ဝန်းကျင်တွင် လိုအပ်ချက်များက ဒုနဲ့ဒေးပင်ဖြစ်သည်။ လိုအပ်သည့်နေရာတွင် မိမိတတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်ကြသူများ၏လုပ်အားတို့က မဖြစ်မနေလိုအပ်နေမည်မှာ အသေအချာပင်ဖြစ်သည်။ မြန်မာနိုင်ငံ သူ့ကျွန်ဘဝရောက်ခဲ့စဉ်က မြန်မာတစ်မျိုးသားလုံး၏လိုအပ်ချက်သည် သူ့ကျွန်ဘဝမှရုန်းထွက်၍ ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းဖြင့် လွတ်လပ်သည့်နိုင်ငံတော်အဖြစ်သို့ ပြန်လည်ရောက်ရှိရေးပင်ဖြစ်သည်။ ထိုလိုအပ်ချက်ကို အသက် ၃၀ ခန့်သာရှိခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် မျိုးချစ်အာဇာနည် လူငယ်တစ်စုက ဖြည့်တင်းပေးခဲ့သည်။

**လူငယ်များ၏စွမ်းအား**

မြန်မာတစ်မျိုးသားလုံးအတွက် သူ့ကျွန်မခံလိုသောမျိုးချစ်စိတ်ဓာတ်ဖြင့် နယ်ချဲ့အင်္ဂလိပ်တို့ကို တွန်းလှန်တိုက်ခိုက်ခဲ့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် မျိုးဆက်သစ်လူငယ်များ၊ ကျောင်းသားလူငယ်များက အမျိုးကိုထိပါက မချိအောင်နာတတ်သည့်စိတ်ဖြင့် အရိုးကြေကြေအရေခန်းခန်းသက်စွန့်ကြိုးပမ်းခဲ့ကြသဖြင့် ယနေ့အချိန်ထိ မြန်မာဆိုသောကမ္ဘာ့အလယ်တွင် လှပသာယာသည့် နိုင်ငံတစ်နိုင်ငံက ရှိနေရခြင်းပင်ဖြစ်သည်။ ထိုခေတ်ထိုအခါက မျိုးဆက်သစ်လူငယ်များ၏ ကြိုးစားအားထုတ်မှုနှင့် ပေးဆပ်ခဲ့မှုများ၏အသီးအပွင့်ကို ယနေ့အချိန်အခါတွင် ခံစားနေရခြင်းပင်ဖြစ်သည်။ ထိုအချိန်ကတည်းက ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် တပ်မတော်နှင့် မျိုးဆက်သစ်လူငယ်များအပါအဝင် ပြည်သူတစ်ရပ်လုံးက လက်တွဲထားခဲ့ကြသည်မှာ ယနေ့ထိပင်ဖြစ်သည်။ ထိုတွဲလက်များကို ပျက်စီးသွားအောင် မသမာသူများက ကြံစည်နေကြခြင်းပင်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်အပြီး စစ်အေးကာလကို ကျော်လွန်လာခဲ့သည့် ယနေ့နည်းပညာခေတ်တွင် ခေတ်သစ်ကိုလိုနီချဲ့ထွင်လိုကြသည့် နိုင်ငံကြီးများ၏အရိပ်အောက်သို့မကျရောက်စေရေး ဖွံ့ဖြိုးဆဲနိုင်ငံများက ကြိုးစားနေကြရသည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ခေတ်သစ်ကိုလိုနီများ၏ဒဏ်ကို ခေတ်အဆက်ဆက်ခံစားနေရသည့် နိုင်ငံတစ်နိုင်ငံဖြစ်နေသည်ကို သတိပြုသင့်သည်။ လွတ်လပ်ရေးရပြီးသည့်အချိန်တွင် တောင်တန်းပြည်မဆိုသည့်သွေးခွဲစကားကို အမွေထားခဲ့သည့် အင်္ဂလိပ်တို့၏ဆိုးမွေသည် ယနေ့အချိန်ထိ ပြည်တွင်းစစ်မီးကို မငြိမ်းအောင် ပြုလုပ်ထားနိုင်ခဲ့သည်။ အင်္ဂလိပ်တို့ကဲ့သို့ မြန်မာနိုင်ငံကိုကျူးကျော်ဝင်ရောက်တိုက်ခိုက်ရန်မတတ်နိုင်ကြတော့သည့် ယနေ့အချိန်အခါတွင် ခေတ်သစ်ကိုလိုနီနိုင်ငံများက မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ပြီး ပြည်တွင်းစစ်မီးဆက်လက်မွှေးနေကြသည်ကို သတိပြုမိကြရန်လိုသည်။

**ပြည်ပရန်စွယ်မှန်သမျှတွန်းလှန်ကြရန်လို**

မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးအတွက် သက်စွန့်တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများနှင့် ပြည်သူများကြား အထင်မှားအမြင်မှားဖြစ်လာအောင် အမျိုးမျိုးသွေးထိုးလှုံ့ဆော်နေမှုများကိုလည်း ယနေ့ထက်တိုင် ကြုံတွေ့နေရသည်။ စွမ်းရည်သုံးရပ်နှင့် ပြည့်စုံပြီးဖြစ်သည့် တပ်မတော်၏ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် ဖြစ်ပေါ်လာသမျှသောပြည်ပရန်စွယ်မှန်သမျှကို ကြံ့ကြံ့ခံရင်ဆိုင်နေသည့် စွမ်းဆောင်ရည်တို့ကြောင့်သာ ယနေ့အချိန်ထိ ပြည်ထောင်စုပြိုကွဲမည့်အရေးကို မဖြစ်အောင်ထိန်းသိမ်းထားနိုင်ခြင်းဖြစ်သည်။ ခေတ်အဆက်ဆက်တွင် အစိုးရအဆက်ဆက်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့သည်။ စီးပွားရေးပိတ်ဆို့မှုများကအစပြု၍ နိုင်ငံရေးအရ သိက္ခာတရားကင်းမဲ့စွာ ဝင်ရောက်စွက်ဖက်ခြင်းတို့ထိ ပြည်ပနိုင်ငံများ၏ မသမာမှုများကိုလည်း ယနေ့ထက်တိုင် ရင်ဆိုင်ဖြေရှင်းနေကြရသည်။

**❖ ပြည့်အင်အားသည် ပြည်တွင်း၌သာရှိသဖြင့် မိမိတို့ပြည်သူများအနေဖြင့် မျိုးချစ်စိတ်ဓာတ်စွမ်းအားကို လူငယ်များသို့ အမွေပေးသွားရန် တာဝန်ရှိသည်။ အနာဂတ်နိုင်ငံတော်ကို ပုံဖော်ဖန်တီးကြရန် အဓိကအခန်းကဏ္ဍက ပါဝင်လာနေပြီဖြစ်သည့် မျိုးဆက်သစ်လူငယ်များကို ပြည်သူ့စစ်မှုထမ်းဥပဒေက နိုင်ငံတော်ကာကွယ်ရေးစွမ်းအားတွင် ပါဝင်နိုင်ရန်အတွက် အခွင့်အလမ်းတစ်ခုကို ဖန်တီးပေးလိုက်ပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်း၍ ကာကွယ်ရေးစွမ်းအားဖြည့်တင်းသွားမည့်အစီအမံကို ပျက်စီးအောင် ပြည်ပနိုင်ငံများက အကြံပက်စက်စွာထိုးနှက်တိုက်ခိုက်ကြသည်။ ❖**

ပြည့်အင်အားသည် ပြည်တွင်း၌သာရှိသဖြင့် မိမိတို့ပြည်သူများအနေဖြင့် မျိုးချစ်စိတ်ဓာတ်စွမ်းအားကို လူငယ်များသို့အမွေပေးသွားရန် တာဝန်ရှိသည်။ အနာဂတ်နိုင်ငံတော်ကို ပုံဖော်ဖန်တီးကြရန် အဓိကအခန်းကဏ္ဍက ပါဝင်လာနေပြီဖြစ်သည့် မျိုးဆက်သစ်လူငယ်များကို ပြည်သူ့စစ်မှုထမ်းဥပဒေက နိုင်ငံတော်ကာကွယ်ရေးစွမ်းအားတွင် ပါဝင်နိုင်ရန်အတွက် အခွင့်အလမ်းတစ်ခုကို ဖန်တီးပေးလိုက်ပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်း၍ ကာကွယ်ရေးစွမ်းအားဖြည့်တင်းသွားမည့်အစီအမံကိုပျက်စီးအောင် ပြည်ပနိုင်ငံများက အကြံပက်စက်စွာ ထိုးနှက်တိုက်ခိုက်ကြသည်။

**သမိုင်းပေးတာဝန်ကျေပွန်ကြစေလို**

လိုအပ်သည့်အချိန်တွင် လိုအပ်သည့်နေရာမှနေ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်ကြရမည်မှာ မျိုးဆက်သစ်လူငယ်တိုင်း၏ သမိုင်းပေးတာဝန်ပင်ဖြစ်သည်။ လူ့ဘဝတွင် တာဝန်သိသော၊ တာဝန်ယူတတ်သောလူတစ်ဦးဖြစ်လာစေရေးအတွက် ကြိုးစားဆောင်ရွက်ကြရန် လိုအပ်သည်။ ခေတ်အဆက်ဆက်ထိန်းသိမ်းခဲ့သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုမပြိုကွဲရေးတို့ကို ဆက်လက်ထိန်းသိမ်းကြရမည်မှာ မျိုးဆက်သစ်လူငယ်များ၏ သမိုင်းပေးတာဝန်ပင်ဖြစ်သည်။ မိမိနိုင်ငံ၏ အနာဂတ်ကံကြမ္မာကို ပုံဖော်နိုင်စွမ်းနှင့် အခွင့်အလမ်းများက မိမိတို့၏လက်အတွင်းတွင်ရှိနေသည်ကို သတိပြုမိကြရန်လိုသည်။

မြင့်မြတ်သောလူကောင်းလူတော်တစ်ဦးဖြစ်စေရေးအတွက် စွန့်လွှတ်စွန့်စားဝံ့သည့် သတ္တိရှိရန်လိုပြီး စိတ်ဓာတ်ခွန်အားတို့က ခိုင်မာအားကောင်းနေရန်လိုသည်။ သို့မှသာ ယောကျ်ားကောင်း၊ ယောကျ်ားမြတ်တစ်ဦးအနေဖြင့် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ပခုံးပြောင်းထမ်းဆောင်နိုင်မည့် မျိုးဆက်သစ်လူငယ်များဖြစ်လာမည်ဖြစ်သည်။ အမျိုးဘာသာသာသနာကို အစဉ်ထာဝရထိန်းသိမ်းတတ်ပြီး မိမိနိုင်ငံ၏မြေကို တစ်လက်မခန့်မျှပင် ထိပါးဆုံးရှုံးခြင်းမခံရလေအောင် လိုအပ်သည့်နေရာမှနေ၍ ပါဝင်ဆောင်ရွက်လိုသည့်သတ္တိများရှိထားကြရန် တိုက်တွန်းလိုသည်။ လူငယ်များ၏ရင်တွင်း၌ ကိန်းအောင်းနေပြီးဖြစ်သည့် အမျိုးသားရေးစိတ်ဓာတ်များကို အရင်းတည်၍ ပြည်သူများ၏ရှေ့တွင် လူငယ်များက မားမားမတ်မတ်ရပ်တည်ကြရမည့် အချိန်အခါသို့ ရောက်ရှိလာပြီဖြစ်သည်။

**အစဉ်ထာဝရသာယာလှပဖို့ရည်**

မြန်မာနိုင်ငံသည် လက်ရှိအချိန်တွင် တိုးတက်မှုလမ်းကြောင်းပေါ်သို့ အားသွန်ခွန်စိုက်လျှောက်လှမ်းနေရသည့်အချိန်ကာလပင်ဖြစ်သည်။ ထိုကာလတွင် လိုအပ်ချက်များက များစွာရှိနေတတ်သည်။ စီးပွားရေးကို ကောင်းမွန်အောင်ကြိုးစားနေသည့်အချိန်တွင် စစ်ရေးနှင့် စီးပွားရေးအင်အား တောင့်တင်းခိုင်မာသည့်နိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှုများကို ပြန်လည်တွန်းလှန်နိုင်ရေး ကြိုးစားရသည်။ တန်ပြန်တိုက်ခိုက်နိုင်စွမ်းရှိသည့် စီးပွားရေးအင်အားစုကို ဖန်တီးပုံဖော်နေစဉ်တွင် တစ်ဖက်ကလည်း ပြည်ပရန်စွယ်ဟူသမျှကို တွန်းလှန်နိုင်သည့် ကာကွယ်ရေးစွမ်းအားကိုလည်း ဖြည့်တင်းနေရသည်။ ထိုအချိန်တွင် မျိုးဆက်သစ်လူငယ်များက ကျရာနေရာလိုအပ်သည့်နေရာသို့ပါဝင်ဖြည့်တင်းသွားကြရန် တိုက်တွန်းလိုသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် လိုအပ်ချက်ဟူသမျှကို အစိုးရနှင့်လက်တွဲ၍ ဖြည့်တင်းပေးကြရမည့် မျိုးဆက်သစ်လူငယ်များတွင် အမျိုးသားရေးစိတ်ဓာတ်များ အစဉ်ထာဝရနိုးကြားနေရန်လိုအပ်သကဲ့သို့ မနာလိုသူများ၏ သွေးခွဲစကားများကို လက်သင့်မခံမိကြရန်ကလည်း အထူးအရေးကြီးသည်။

ဒေသတွင်းနိုင်ငံကြီးများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက မြန်မာနိုင်ငံသည် သေးငယ်သော်လည်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ စည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် နိုင်ငံ၏ကာကွယ်ရေးအင်အားကို တောင့်တင်းခိုင်မာအောင်တည်ဆောက်ကြရမည်ဖြစ်သည်။

အခြားနိုင်ငံကြီးများက ထင်မြင်ယူဆကာ အမျိုးမျိုးထိုးနှက်နေကြသော်လည်း မိမိတို့ပြည်တွင်းရေးကို နိုင်အောင်ထိန်းထားနိုင်သမျှ မည်သူကမျှ ကျူးကျော်ရန်စလာရဲမည်မဟုတ်ပေ။ နိုင်ငံ၏လုံခြုံရေးကိုလည်း ပြည်သူ့စစ်မှုထမ်းမျိုးဆက်သစ်လူငယ်များက ကာကွယ်ပေးရန်အသင့်ဖြစ်နေကြပြီဖြစ်သည်။ မိမိတို့၏နိုင်ငံကို အစဉ်ထာဝရသာယာလှပနေစေရေးအတွက် လိုအပ်သည့်ကြိုးစားအားထုတ်မှုမှန်သမျှကို မျိုးဆက်သစ်လူငယ်များ ကြိုးစားဆောင်ရွက်ကြခြင်းဖြင့် မိမိတို့နိုင်ငံသည် အစဉ်ထာဝရ သာယာလှပနေမည်ဖြစ်ပါတော့သည်။

**ကိုးကား**

- နေ့စဉ်ထုတ်သတင်းစာများ

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့ အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၄၉၈၆၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၄၉၈၆၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၂၈၄၁၃ ဧက၊ မြင်းမူမြို့နယ်တွင် ၁၃၅၃၄ ဧကနှင့် မြောင်မြို့နယ်တွင် ၇၉၁၈ ဧက စုစုပေါင်း ၄၉၈၆၅ ဧက ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ကုလားပဲ ၄၉၈၆၅ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားပါမယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကိုတောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်သွားပါမယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

စစ်ကိုင်းခရိုင်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် ရေဆင်း ၈ နှင့်ရေဆင်း ၁၁ မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းခန့်ကုန်ကျကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲစိုက်ပျိုးရာတွင် ထရိုင်ကိုဒါးမား အကျိုးပြုမှိုများ ထည့်သွင်းသုံးစွဲစေရေး စည်းရုံးပညာပေးခြင်း လုပ်ငန်းများကို အကျိုးဆောင် တောင်သူများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဧရိယာအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်ကြောင်း၊ ကုလားပဲကို အဓိကသီးနှံအဖြစ် စိုက်ပျိုးသည့်အပြင် သီးထပ်သီးညှပ်အနေဖြင့်လည်း စိုက်ပျိုးကြကြောင်း သိရသည်။ (၂၀၆)

# ငပုတောမြို့နယ် ဒီပါလွင်ပြင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ငပုတော အောက်တိုဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ဒီပါလွင်ပြင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာဇော်မျိုး၊ ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာများက ယခုဘဏ္ဍာနှစ်တွင် ဒီပါလွင်ပြင်ကျေးရွာ၌ ရေပိုက်သွယ်တန်းခြင်း၊ ရေစုကန် တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီအောင်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ငပုတောမြို့နယ် ဒီပါလွင်ပြင်ကျေးရွာ၌ အရှည်ပေ ၇၂၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ရှစ်သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သံသာ**

# အနာဂတ်မှာကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့စွမ်းအားမြှင့်တင်စို့

**မောင်သောင်းဝင်း(တမန်ဟောင်း)**

နှစ်စဉ် အောက်တိုဘာ ၁၃ ရက်သည် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးမှု **လျှော့ချရေးနေ့ဖြစ်သည်။** ၁၉၈၉ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံက တရားဝင်သတ်မှတ်ကျင်းပခဲ့ခြင်းဖြစ်သည်။ ဘေးအန္တရာယ်ခံနိုင်ရည်ရှိသော လူ့အဖွဲ့အစည်းများနှင့် နိုင်ငံများကိုတည်ဆောက်ရာတွင် အစိုးရနှင့်ပြည်သူများ ပူးပေါင်းဆောင်ရွက်နိုင်ရန် ကျင်းပခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ်အတွက် ဆောင်ပုဒ်သည် "Empowering the next generation for a resilient future" "အနာဂတ်မှာကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့စွမ်းအားမြှင့်တင်စို့"ဖြစ်သည်။ လက်ရှိအချိန်တွင် ဂေဟာစနစ်ယိုယွင်းပျက်စီးလာမှုကြောင့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာလျက်ရှိသည်။ အနာဂတ်တွင် သဘာဝဘေးအန္တရာယ်ကြံ့ကြံ့ခံနိုင်ရေးအတွက် မျိုးဆက်သစ်တို့ စွမ်းအားကိုမြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်လာပြီဖြစ်သည်။

**သဘာဝဘေးအန္တရာယ်များ**

သက်ရှိများမှီတင်းနေထိုင်လျက်ရှိသည့် ကမ္ဘာမြေကြီး၌ သဘာဝအလျောက် ရုတ်တရက်ပြောင်းလဲဖြစ်ပေါ်လာသည့်ဖြစ်စဉ်တစ်ရပ်ကို သဘာဝဘေးအန္တရာယ်ဟုခေါ်သည်။ သဘာဝဘေးအန္တရာယ်သည် အချိန်မရွေး၊ နေရာဒေသမရွေး ဖြစ်နိုင်သည်။ မြေငလျင်လှုပ်ခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရေလျှံခြင်း၊ မြေပြိုခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ဆူနာမီလှိုင်းမြင့်တက်ခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ရောဂါအသစ်အဆန်းများကျရောက်ခြင်း၊ အပူလှိုင်းကျခြင်း၊ အအေးလှိုင်းဖြတ်ခြင်း စသည့်သဘာဝဘေးအန္တရာယ်များကြောင့် သေကျေထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားနိုင်သည်။ ကမ္ဘာတစ်ဝန်း၌ သဘာဝဘေးအန္တရာယ်ကျရောက်မှုသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုပြင်းထန်လာလျက်ရှိသည်။ မြေငလျင်လှုပ်ခတ်မှုများ၊ လေမုန်တိုင်းကြီးများ တိုက်ခတ်မှုများနှင့် အပူလှိုင်းဖြတ်မှုများသည် အကြိမ်ရေပိုမိုများပြားလာလျက်ရှိသည်။

ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲမှုနှင့်ဆက်စပ်သည့်ဘေးအန္တရာယ်များ ပိုမိုဖြစ်ပွားလာဖွယ်ရာရှိနေသည်။ ကမ္ဘာကြီးပူနွေးလာမှုနှင့် အယ်လ်နီညိုဖြစ်စဉ်များကြောင့် ရေနှင့်ဆက်နွယ်သည့်ဘေးအန္တရာယ်များ ပိုမိုဖြစ်ပွားလျက်ရှိသည်။ အင်အားပြင်းမုန်တိုင်းများ တိုက်ခတ်ခြင်း၊ ပုံမှန်မဟုတ်သော မိုးရွာသွန်းမှုဖြစ်စဉ်များပေါ်ပေါက်ခြင်းနှင့် ဆိုးရွားပြင်းထန်သည့် ရာသီဥတုဖြစ်စဉ်များဖြစ်ပေါ်ပြီး လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် ပုံမှန်ထက်ပိုမိုသည့်ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိသည်။

သဘာဝဘေးကျရောက်မှုများသည် ဖွံ့ဖြိုးဆဲနိုင်ငံ၊ ဆင်းရဲမှုနှုန်းများသည့်နိုင်ငံ၊ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေများသည့်နိုင်ငံ၊ ထိခိုက်လွယ်သူများဖြစ်သည့် ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ်များ၊ သက်ကြီးပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများကို ဆိုးကျိုးပိုပြီးခံစားရစေသည်။ သဘာဝဘေးအန္တရာယ်ကျရောက်မှုသည် ဆင်းရဲမှုကိုတွန်းပို့ပေးသကဲ့သို့ ဆင်းရဲမှုကြောင့်ပင် ဘေးဒဏ်ကို နှစ်ဆပိုမိုခံစားရနိုင်သည်ဆိုသည့် သံသရာစက်ဝန်းကိုဖြတ်နိုင်ရန်လိုသည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်များနှင့် ယှဉ်တွဲနေထိုင်နေရသည့် လူမှုအသိုက်အဝန်းများသည် ဖြစ်လာနိုင်သည့်ဘေးဒဏ်ကို ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်ရန်ကြိုတင်ပြင်ဆင်မှုများ အားကောင်းအောင်ခိုင်မာအောင်ဆောင်ရွက်သွားရန် လိုအပ်ပေသည်။

သဘာဝဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရန်သည် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်သည်။ အခြေခံအဆောက်အအုံများ ဆောက်လုပ်ရာတွင်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင်ဖြစ်စေ ဘေးအန္တရာယ်ဆိုင်ရာရှုထောင့်ကကြည့်ပြီး ရေရှည်ခိုင်ခံ့အောင် ထည့်သွင်းဆောင်ရွက်သွားရန်လိုအပ်ပေသည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် ဘေးဖြစ်ပွားနိုင်မှုအခြေအနေများ၊ ပြင်းအားများသည် ခန့်မှန်းနိုင်ရန်ခက်ခဲသည့်အတွက် ကြုံတွေ့လာခဲ့ပါက ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ကြိုတင်မျှော်မှန်းလုပ်ဆောင်ထားရန်လိုအပ်သည်။

**ဆိုးကျိုးများဖြစ်ပေါ်**

လူသားတို့၏အတောမသတ်နိုင်သောလောဘကြောင့် ကမ္ဘာကြီးသည် တဖြည်းဖြည်းကျန်းမာရေးချို့ယွင်းလာလျက်ရှိသည်။ သစ်တောသစ်ပင်များ




လွန်ကဲစွာခုတ်လှဲရောင်းချခြင်း၊ စက်မှုလုပ်ငန်းနှင့်လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် ရေသယံဇာတကို အကန့်အသတ်မဲ့ ထုတ်ယူသုံးစွဲလာခြင်း၊ မြေအောက်နှင့် ရေအောက်သယံဇာတများကို အပြိုင်အဆိုင် ထုတ်လုပ်ရောင်းချလာခြင်းနှင့်သို့လှောင်ခြင်း၊ စက်မှုလုပ်ငန်းများမှ စွန့်ပစ်ဓာတုဆေးရည်များကို မြစ်ချောင်း၊ အင်းအိုင်၊ ပင်လယ်သမုဒ္ဒရာအတွင်း တာဝန်မဲ့စွာစွန့်ပစ်ခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်လွန်ကဲစွာထုတ်လုပ်သည့်စက်ရုံ၊ အလုပ်ရုံများအပြိုင်အဆိုင်တည်ဆောက်လာခြင်းနှင့် အဖျက်စွမ်းအားပြင်းလက်နက်များကို ပင်လယ်သမုဒ္ဒရာအပါအဝင် မြေပေါ်မြေအောက်နေရာပေါင်းစုံ၌ စမ်းသပ်ပစ်ခတ်လာခြင်းတို့ကြောင့် ကမ္ဘာကြီးအပေါ်ဆိုးကျိုးများဖြစ်ပေါ်စေလျက်ရှိသည်။

**ထိခိုက်ဆုံးရှုံး**

မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ်ကို နှစ်စဉ်ကြုံတွေ့ရလျက်ရှိသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ရာသီဥတုဖောက်ပြန်မှုကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ပုံဖော်ဆောင်ရွက်လျက်ရှိသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံ၌ ရေကြီးရေလျှံမှုဖြစ်စဉ် ၁၄၄ ကြိမ်ကြုံတွေ့ခဲ့ရသဖြင့် လူနေအိမ်၂၇၉ လုံး ပျက်စီးဆုံးရှုံးခဲ့ရပြီး လူနှင့်တိရစ္ဆာန်များလည်း သေကျေထိခိုက်ခဲ့သည်။ ထို့ကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျှော့ချနိုင်ရေးအတွက် ဒေသခံများသည် သက်ဆိုင်ရာသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီများ၏ လမ်းညွှန်ချက်အတိုင်း လိုက်ပါလုပ်ဆောင်သင့်ပေသည်။

၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်များကြောင့် လူ ၈၆၀၀၀ ကျော်သေဆုံးခဲ့ပြီး ၎င်းတို့အနက် ၇၀ ရာခိုင်နှုန်းကျော်သည် မြေငလျင်ကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ်အတွင်း သဘာဝဘေးဒဏ်ကြောင့် စီးပွားရေးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃၈၀ ဘီလီယံကျော်ရှိသည်။

**ထိန်းသိမ်းစောင့်ရှောက်သင့်**

နှစ်စဉ်ကမ္ဘာတစ်ဝန်းတွင် ကျရောက်လျက်ရှိသည့် သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပွားခဲ့သော သေကျေဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးတို့သည် လွန်စွာပင် များပြားလျက်ရှိသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကမ္ဘာမြေကြီးကိုဆိုးရွားစွာထိခိုက်စေနိုင်မည့် လုပ်ရပ်မှန်သမျှကို ဆင်ခြင်ပြီး အချိန်မီ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်သွားရန် အရေးတကြီးလိုအပ်နေပြီဖြစ်သည်။ ထိုသို့ ကမ္ဘာကြီးကို အချိန်မီစောင့်ရှောက်ပြုပြင်ထိန်းသိမ်းမှုမရှိလျှင် အနာဂတ်တွင် လူသားများသည် အမျိုးမျိုးသော သဘာဝဘေးအန္တရာယ်များနှင့် မလွဲမသွေရင်ဆိုင်ကြရမည်မှာ ဧကန်မုချပင်ဖြစ်သည်။

**ကိုင်တွယ်ဖြေရှင်းပေးသင့်**

ထို့ကြောင့် သဘာဝဘေးအန္တရာယ်ပေါင်းစုံကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် မဟာဗျူဟာချမှတ်ထားသင့်ပေသည်။ ဘေးအန္တရာယ်မဖြစ်ပေါ်မီစနစ်တကျကြိုတင်ပြင်ဆင်မှုပြုလုပ်ထားခြင်း၊ သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းထားရှိခြင်း၊ ရှာဖွေကယ်ဆယ်ရေးနှင့် အကူအညီပေးရေးလုပ်ငန်းများ အလျင်မြန်ပြုလုပ်ခြင်း၊ လူဦးရေစာရင်းပြုစုခြင်း၊ သဘာဝဘေးအန္တရာယ်ခံစားရသူများအတွက် လိုအပ်ချက်များ တွက်ချက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခြင်း၊ စားနပ်ရိက္ခာ အစရှိသည့်အခြေခံလိုအပ်ချက်များ ထောက်ပံ့ဖြန့်ဖြူးပေးခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဘေးဒဏ်သင့်ပြည်သူများ ဝင်ငွေရရှိရေးပံ့ပိုးကူညီပေးခြင်း၊ စိတ်ဓာတ်မြှင့်တင်ပေးခြင်း၊ ဘဏ္ဍာငွေရရှိမှုနှင့်ခွဲဝေသုံးစွဲမှုစာရင်းပြုစုခြင်း၊ သတင်းထုတ်ပြန်မှုများ ပြုလုပ်ပေးခြင်း၊ လမ်း၊ တံတားများ၊ လျှပ်စစ်ဓာတ်အားနှင့်တယ်လီဖုန်းကွန်ရက်များ၊ ရေပိုက်လိုင်းနှင့် အိမ်သာစနစ်များ ပြန်လည်တည်ဆောက်ပေးခြင်းတို့ကို အရှိန်အဟုန်မြှင့်လုပ်ဆောင်သွားရန် လိုအပ်သည်။

**အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့စွမ်းအားမြှင့်တင်စို့**

ဆိုရလျှင် သဘာဝဘေးအန္တရာယ်များသည် ကလေးငယ်များ၏အနာဂတ်သာယာဝပြောမှုအပေါ် သက်ရောက်မှုဖြစ်ပေါ်လျက်ရှိသည်။ ကလေးငယ်များနှင့် လူငယ်များကို သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးရန် လိုအပ်သည်။ စာသင်ကျောင်းများ၌ သဘာဝဘေးအန္တရာယ်ကာကွယ်သည့်ယဉ်ကျေးမှု အလေ့အထမြှင့်တင်ပေးခြင်းသည် လူငယ်များကို ၎င်းတို့ရင်ဆိုင်ရမည့် ဘေးအန္တရာယ်ကို နားလည်သဘောပေါက်စေပြီး တုံ့ပြန်နိုင်ရေးလုပ်ပိုင်ခွင့်ပေးရာ၌ အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။

သဘာဝဘေးအန္တရာယ်ကာကွယ်ရာတွင် တစ်ဦးတစ်ယောက်မျှမကျန်စေရန် လူငယ်များအနေဖြင့်လည်း ကြိုတင်သတိပေးမှုစနစ်များကို သိရှိထားသင့်ပေသည်။ ကလေးငယ်များနှင့် လူငယ်များအတွက် ကြိုတင်ပြင်ဆင်မှုတည်ဆောက်ထားခြင်းသည် မိသားစုအားလုံးနှင့် လူမှုအသိုက်အဝန်းများကို ကာကွယ်ရာ၌ အထောက်အကူပြုစေမည်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများအနေဖြင့် လူငယ်ဗဟိုပြုသည့် သဘာဝဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာမူဝါဒများ ချမှတ်သွားရန်လိုအပ်သည်။ ဆိုလိုသည်မှာ ထိခိုက်လွယ်အုပ်စုများနှင့် ကလေးငယ်များ၏ စိတ်ကူးစိတ်သန်းများကို သဘာဝဘေးအန္တရာယ်နှင့်ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ စီမံကိန်းများတွင် ထည့်သွင်းဆောင်ရွက်ပြီး ၎င်းတို့၏ အကောင်အထည်ဖော်ဆောင်ရွက်မှုတွင် အရင်းအမြစ်များ ထောက်ပံ့ပေးသွားရန်ပင်ဖြစ်သည်။

ထို့ပြင် စာသင်ကျောင်းများသည် ဘေးကင်းလုံခြုံမှုရှိသောနေရာများဖြစ်သင့်ပြီး ကလေးများနှင့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများကို ဘေးအန္တရာယ်အားလုံးမှ ကာကွယ်စောင့်ရှောက်နိုင်ရမည်ဖြစ်သည်။ စာသင်ကျောင်းများ ဘေးကင်းလုံခြုံမှုဆိုင်ရာပြီးပြည့်စုံသောမူဘောင်သည် အစိုးရများက ကလေးငယ်များနှင့် စာသင်ကျောင်းများကို ဘေးအန္တရာယ်အားလုံးမှ ကာကွယ်ရန်အတွက် နည်းလမ်းတစ်ရပ်ကမ်းလှမ်းပေးသွားမည်ဖြစ်သည်။

စင်စစ်အားဖြင့် ကလေးငယ်များနှင့် လူငယ်များသည် စာသင်ကျောင်းများတွင် စဉ်ဆက်မပြတ်ပညာသင်ယူနိုင်ရေးအတွက် ဘေးကင်းမှု၊ လုံခြုံမှုနှင့် ကာကွယ်စောင့်ရှောက်မှုအခွင့်အလမ်းများရှိရမည်ဖြစ်ပြီး ၎င်းတို့အနာဂတ်အပေါ် သက်ရောက်မှုရှိသောဆုံးဖြတ်ချက်များတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုရမည်ဖြစ်သည်။ ဆိုရလျှင် ၂၀၀၀ ပြည့်နှစ်ကတည်းက ကလေးငယ် သန်း ၁၀၀၀ ကျော်သည် သဘာဝဘေးအန္တရာယ်များကြောင့် အသက်အန္တရာယ်ခြိမ်းခြောက်ခံရလျက်ရှိပြီး စာသင်ကျောင်းပေါင်း ၈၀၀၀၀ ကျော်ပျက်စီးခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် အစိုးရအနေဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် သက်ရောက်မှုများကို လျှော့ချနိုင်ရေးအတွက် အနာဂတ်တွင် ကြံ့ကြံ့ခံနိုင်ရန် မျိုးဆက်သစ်တို့၏စွမ်းအားများကို မြှင့်တင်သွားရန်လိုအပ်ပေသည်။

**ကိုးကား**

- International Day for Disaster Risk Reduction | IDDRR (undrr.org)

# ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပြိုင်ပွဲမှာ အသင်းလိုက်ကစားအားကောင်းနေတဲ့ ခရိုအေးရှားအသင်း၊ ဆွစ်ဇာလန်အသင်းနဲ့ စပိန်အသင်းတို့ကို အားပေးရမှာပါ



ဒီတစ်ပတ် နိုင်ငံတကာပြိုင်ပွဲကာလမှာတော့ ဥရောပဇုန်က နေးရှင်းလိဂ်ပြိုင်ပွဲ၊ အာရှဇုန်က ကမ္ဘာ့ဖလားခြေစစ်ပွဲ၊ အာဖရိကဇုန်က နေးရှင်းလိဂ်ပြိုင်ပွဲ၊ တောင်အမေရိကဇုန်နဲ့ မြောက်အမေရိကဇုန်က ကမ္ဘာ့ဖလားခြေစစ်ပွဲတွေ ကစားမှာဖြစ်လို့ ပွဲကောင်းတွေအားပေးရအုံးမှာဖြစ်ပါတယ်။ နိုင်ငံအသင်းတွေဟာ ကလပ်အသင်းတွေလောက် တိုက်စစ်ဖွင့်ကစားလေ့မရှိဘဲ အသင်းလိုက်ကစားအားကိုသာအားထားပြီးဘောလုံးပိုင်ဆိုင်မှု အသားပေးကစားနေလို့ ရဂိုး၊ ပေးဂိုးနည်းပေမဲ့ ကစားသမားတွေရဲ့ အစွမ်းကုန်ကစားတဲ့စိတ်ကြောင့် ပြိုင်ဆိုင်မှုပြင်းထန်နေတာကို တွေ့မှာပါ။ လာမဲ့စနေညမှာတော့ ကစားသမားစုဖွဲ့မှုနဲ့ အသင်းလိုက်ကစားအားကောင်းနေတဲ့ အသင်းတွေကိုပဲ ဆက်လက်အားပေးရမှာဖြစ်ပါတယ်။

## ခရိုအေးရှားအသင်း အနိုင်ရမှာပါ

စနေညမှာကစားမဲ့ ယူအီးအက်ဖ်အေနေးရှင်းလိဂ် အုပ်စုပွဲစဉ်ထဲက အကြိုက်တွေ့မိတာကတော့ ခရိုအေးရှားနဲ့ စကော့တလန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ နေးရှင်းလိဂ် (A) အုပ်စု (၁) မှာပိုလန်၊ ပေါ်တူဂီတို့နဲ့ ကစားခဲ့ရတာဖြစ်ပါတယ်။ ခရိုအေးရှားကတော့ အုပ်စုနှစ်ပွဲကစားအပြီးမှာတစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်နဲ့ ရမှတ် လေးမှတ်ရခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့်(၂) မှာရှိနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ပေါ်တူဂီအသင်းနဲ့ ပွဲစဉ်မှာတစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် ဖိအားပေးမှုတွေလုပ်နိုင်ခဲ့ပြီး ဘောလုံးပိုင်ဆိုင်မှုနဲ့ ဂိုးပေါက် ခြိမ်းခြောက်မှုကွာခြားချက်မရှိပေမဲ့ ပွဲအစမှာခံစစ်ကစားပုံအားနည်းသွားတာကြောင့် နှစ်ဂိုးဆက်တိုက်ပေးလိုက်ရပြီးပွဲချိန် ၄၁ မိနစ်မှာချေပဂိုးပြန်ရလိုက်လို့ နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ရတာဖြစ်ပါတယ်။ ဒုတိယပွဲမှာတော့ ပိုလန်လိုခြေစွမ်းပိုင်းတည်ငြိမ်ဖို့ ရုန်းကန်နေရတဲ့ အသင်းကိုဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ကစားခဲ့ပေမဲ့ တိုက်စစ်ကစားသမားတွေအဆုံးသတ်အားနည်းမှုနဲ့ စကော်ရက်စကီးခြေစွမ်းပြမှုကြောင့် မိုဒရစ် အလွတ်ကန်ဘောကနေရရှိတဲ့ သွင်းဂိုးတစ်ဂိုးနဲ့သာကပ်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အခုအိမ်ကွင်း ပွဲမှာစကော့တလန်လို ခံစစ်အားနည်းတဲ့အသင်းကို တိုက်စစ်ကစားအားမြှင့်တင်ကစားနိုင်ရင်တော့ နိုင်ပွဲရဖို့များပါတယ်။

နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေတဲ့ စကော့တလန်အသင်းဟာ အခုပြိုင်ပွဲမှာနှစ်ပွဲကစားအပြီး နိုင်ပွဲမရသေးတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာအုပ်စုအဖွင့်ပွဲစဉ်မှာပိုလန်အသင်းကို ဖိအားပေးကစားနိုင်ပေမဲ့ ခံစစ်ကပိုလန်ရဲ့ တောင်ပံတိုက်စစ်ကိုထိန်းချုပ်နိုင်ခြင်းမရှိလို့ ဦးဆောင်ဂိုးတွေပေးလိုက်ရတာဖြစ်ပါတယ်။ အသင်းအနေနဲ့ ချေပဂိုးရရှိဖို့ကြိုးစားလို့ ဒုတိယပိုင်းပွဲချိန်မှာ ချေပဂိုးပြန်ရခဲ့ပေမဲ့ နာကျင်အချိန်ပိုမှာဦးဆောင်ဂိုးပေးလိုက်ရလို့ ရှုံးသွားခဲ့တာကို တွေ့ရမှာပါ။ ဒုတိယပွဲမှာတော့ ပေါ်တူဂီအသင်းကို တန်ပြန်တိုက်စစ်နဲ့ ကစားပြီး ပွဲချိန်ခုနစ်မိနစ်မှာ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပြိုင်ပွဲကိုထိန်းချုပ်ကစားခဲ့ပေမဲ့ ကစားအားစုဖွဲ့မှု အားနည်းချက်က ပေါ်တူဂီတိုက်စစ်ကိုထိန်းမရဘဲ ဂိုးတွေပေးလိုက်ရတာဖြစ်ပါတယ်။ လက်ရှိစကော့တလန်အသင်းရဲ့ကစားပုံဟာ တန်ပြန်တိုက်စစ်ကောင်းပေမဲ့ ခရိုအေးရှားအသင်းလို ခံစစ်တည်ငြိမ်ပြီး နောက်ဆုံး အိမ်ကွင်းငါးပွဲဆက် ရှုံးပွဲမရှိသေးတဲ့ အသင်းကိုတော့ တုံ့ပြန်ဖို့ ခက်ခဲနိုင်လို့ အဘက်ဘက်ကအသာရနေတဲ့ အိမ်ရှင်ခရိုအေးရှားအသင်းပဲ အနိုင်ရမှာပါ။

**ခရိုအေးရှားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စပိန် | ၃ | - | ၀ | ခရိုအေးရှား |
| ခရိုအေးရှား | ၂ | - | ၂ | အယ်ဘေးနီးယား |
| ခရိုအေးရှား | ၁ | - | ၁ | အီတလီ |
| ပေါ်တူဂီ | ၂ | - | ၁ | ခရိုအေးရှား |
| ခရိုအေးရှား | ၁ | - | ၀ | ပိုလန် |

**စကော့တလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျာမနီ | ၅ | - | ၁ | စကော့တလန် |
| စကော့တလန် | ၁ | - | ၁ | ဆွစ်ဇာလန် |
| စကော့တလန် | ၀ | - | ၁ | ဟန်ဂေရီ |
| စကော့တလန် | ၂ | - | ၃ | ပိုလန် |
| ပေါ်တူဂီ | ၂ | - | ၁ | စကော့တလန် |

## ဆွစ်ဇာလန်အသင်း ရလဒ်ကောင်းမှာပါ

ယူအီးအက်ဖ်အေနေးရှင်းလိဂ် အုပ်စုပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတာကတော့ ဆားဘီးယားနဲ့ ဆွစ်ဇာလန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းနောက်ဆုံးတွေ့ဆုံခဲ့တာကတော့ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စုအဆင့်မှာဖြစ်ပြီး ဆွစ်ဇာလန်အသင်းက ဆားဘီးယားအသင်းကို သုံးဂိုးနှစ်ဂိုးနဲ့ အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ အခုပြိုင်ပွဲမှာတော့ ဆားဘီးယားအသင်းရဲ့ ကစားသမားစုဖွဲ့မှုက အားနည်းသွားခဲ့တာကြောင့် တိုက်စစ်ကဂိုးရဖို့ ခက်ခဲနေတာကိုတွေ့ရမှာပါ။ ပြီးခဲ့တဲ့ နှစ်ပွဲမှာတော့ စပိန်လိုတိုက်စစ်အားကောင်းတဲ့ အသင်းကို ဂိုးမရှိသရေကစားနိုင်တဲ့ ခံစစ်ကစားပုံကချီးကျူးစရာဖြစ်ပေမဲ့ ဒိန်းမတ်အသင်းကို အဝေးကွင်းသွားရောက်ယှဉ်ပြိုင်ခဲ့ရာမှာတော့ နှစ်ဂိုးပြတ်နဲ့ ရှုံးခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲတွေမှာ တိုက်စစ်ကဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ နောက်ဆုံး ကစားခဲ့တဲ့ ငါးပွဲဆက်မှာ တစ်ဂိုးသာ သွင်းယူခဲ့တာကြောင့် အခုပွဲမှာလဲဆွစ်ဇာလန်အသင်းကို ပွဲချိန်ပြည့်ဖိအားပေးဖို့ခက်ခဲမှာပါ။

ဆွစ်ဇာလန်အသင်းဟာ ကစားသမားစုဖွဲ့မှုအလယ်အလတ်အဆင့်သာရှိပေမဲ့ အသင်းလိုက် ကစားအားကောင်းတာကြောင့် အဓိကပြိုင်ပွဲတွေမှာ ရလဒ်ကောင်းနေတာကိုတွေ့ရမှာပါ။ အခုအုပ်စုမှာတော့ အဖွင့်ပွဲမှာ ဒိန်းမတ်ကိုနှစ်ဂိုးပြတ်ရှုံးခဲ့တဲ့အပြင် ဒုတိယပွဲမှာလဲစပိန်အသင်းကိုလေးဂိုးထိပေးလိုက်ရတဲ့ ခံစစ်ကြောင်းကသတိထားစရာဖြစ်နေပါတယ်။ သူတို့အသင်းဟာနေးရှင်းလိဂ်ပြိုင်ပွဲမှာ အောင်မြင်မှုမရသေးပေမဲ့ လိဂ်(A) ကိုတက်ရောက်ခဲ့ပြီးနောက်ပိုင်းတန်းဆင်းခဲ့ရခြင်းမရှိပါဘူး။ ဒါကြောင့် အခုပွဲမှာလဲ ဆားဘီးယားလို ခံစစ်အားနည်းနေတဲ့ အသင်းကို ဖိအားပေးကစားနိုင်မှသာ အုပ်စုတတိယနေရာကိုရယူနိုင်မှာဖြစ်ပါတယ်။ သူတို့အသင်းနည်းပြကတော့ကလပ်အသင်းတွေမှာ ခြေစွမ်းပြနေတဲ့ အမ်ဘိုလို၊ အန်ဒိုရီ၊ ဇာကာရီးယား၊ ရှာကာ၊ ရိုဒရီဂွက်ဇ်၊ အာကန်ဂျီတို့လို ကစားသမားတွေနဲ့ စုဖွဲ့ထားတာကြောင့် ဗလာဟိုဗစ်၊ တာဒစ်၊ ဂျီဗစ်တို့ မပါနိုင်တဲ့ ဆားဘီးယားအသင်း ယှဉ်ကစားဖို့ မဖြစ်နိုင်လို့ အဝေးကွင်းကရမှတ်ရှာဖွေရမဲ့ ဆွစ်ဇာလန်အသင်း ရလဒ်ကောင်းမှာပါ။

**ဆားဘီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆားဘီးယား | ၀ | - | ၁ | အင်္ဂလန် |
| ဆလိုဗက်ကီးယား | ၁ | - | ၁ | ဆားဘီးယား |
| ဒိန်းမတ် | ၀ | - | ၀ | ဆားဘီးယား |
| ဆားဘီးယား | ၀ | - | ၀ | စပိန် |
| ဒိန်းမတ် | ၂ | - | ၀ | ဆားဘီးယား |

**ဆွစ်ဇာလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆွစ်ဇာလန် | ၁ | - | ၁ | ဂျာမနီ |
| ဆွစ်ဇာလန် | ၂ | - | ၀ | အီတလီ |
| အင်္ဂလန် | ၁ | - | ၁ | ဆွစ်ဇာလန် |
| ဒိန်းမတ် | ၂ | - | ၀ | ဆွစ်ဇာလန် |
| ဆွစ်ဇာလန် | ၁ | - | ၄ | စပိန် |

## စပိန်အသင်းအနိုင်ရမှာပါ

ယူအီးအက်ဖ်အေနေးရှင်းလိဂ်အုပ်စုအဆင့်မှာနောက်ထပ်အကြိုက်တွေ့တာကတော့ စပိန်အသင်းနဲ့ ဒိန်းမတ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ စပိန်အသင်းဟာနည်းပြဒီလာဖူအန်တီလက်ထက်မှာ လူငယ်ကစားသမားတွေနဲ့ ခြေစွမ်းပြသနိုင်ခဲ့တာကြောင့် ပြီးခဲ့တဲ့ ယူရို ၂၀၂၄ မှာ ဆုဖလားရယူနိုင်တဲ့ထိ အောင်မြင်မှုရခဲ့တာကိုတွေ့ရမှာပါ။ အခုပြိုင်ပွဲမှာလဲအုပ်စုအဖွင့်ပွဲမှာ ဆားဘီးယားအသင်းကို အဝေးကွင်းကနေဂိုးသွင်းနိုင်ခြင်းမရှိလို့ သရေရလဒ်သာကစားနိုင်ခဲ့ပေမဲ့ ဒုတိယပွဲမှာတော့ ဆွစ်ဇာလန်အသင်းကို လေးဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲမှာတောင်ပံတိုက်စစ်တွေကောင်းခဲ့တာကြောင့် ကွင်းလယ်ကစားသမား တွေနေရာလွတ်ရခဲ့ပြီး ဦးဆောင်ဂိုးနှစ်ဂိုးဆက်တိုက်ရရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ခံစစ်ကစားသမား နော်မန်း အနီကတ်နဲ့ထုတ်ပယ်ခံရပြီး နောက်ပိုင်းဆွစ်ဇာလန်ကို ခံစစ်အားပြုကစားခဲ့ရတာဖြစ်ပါတယ်။ ဒါပေမဲ့ ယာမယ်၊ နစ်ဂိုးဝီလျံ၊ အိုမိုတို့ တိုက်စစ်အတွဲကတန်ပြန်တိုက်စစ်ကောင်းခဲ့တာကြောင့် ဦးဆောင်ဂိုးတွေ ဆက်တိုက်ရရှိခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာလဲ အိမ်ကွင်းကိုးပွဲဆက် ရှုံးပွဲမရှိသေးဘဲ ပုံစံကောင်းရရှိနေတာကြောင့် ဒိန်းမတ်ကိုပွဲချိန်ပြည့် ဖိအားပေးနိုင်မှာ သေချာပါတယ်။

ဒိန်းမတ်အသင်းဟာ နေးရှင်းလိဂ်ပြိုင်ပွဲမှာ အောင်မြင်မှုမရသေးဘဲ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာတော့ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ လက်ရှိသူတို့အသင်းဟာတိုက်စစ်မှာဟိုက်လန်း၊ ဂျိုးနက်ဝင်း၊ ပေါ်လူဆန်တို့လို ကစားသမားတွေပိုင်ဆိုင်ထားသလိုခံစစ်မှာလဲအန်ဒါဆန်၊ ဗက်စတာဂတ် ၊ ခရစ်စတန်ဆန် တို့ရှိနေတာကြောင့် အသင်းလိုက်ကစားအားကောင်းနေတာကိုတွေ့ရမှာပါ။ ပြီးခဲ့တဲ့ နှစ်ပွဲမှာလဲ ဆွစ်ဇာလန်ကို နှစ်ဂိုးပြတ်၊ ဆားဘီးယားကိုနှစ်ဂိုးပြတ်နဲ့ ပေးဂိုးမရှိအနိုင်ရခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်မှာ ဦးဆောင်နေတာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းဟာစပိန်လိုကမ္ဘာ့အဆင့် ကစားသမားတွေပိုင်ဆိုင်ထားတဲ့အသင်းကို ထိန်းချုပ်ကစားနိုင်ဖို့ အခက်တွေ့မှာဖြစ်သလို ကွင်းလယ်ကစားအားမှာလဲစပိန်က အကောင်းဆုံးအခြေအနေမှာရှိနေတာကိုသတိပြုရမှာပါ။ ဒိန်းမတ်ဟာခြေရည်တူအသင်းတွေကိုသာ ဖိအားပေးနိုင်ပေမဲ့ တိုက်စစ်အားကောင်းတဲ့အသင်းတွေနဲ့ဆို ခံစစ်အားပြုကစားခဲ့ရလို့ တိုက်စစ်ကဂိုးရဖို့ရုန်းကန်ခဲ့ရတာကိုတွေ့ရမှာပါ။ အခုပွဲမှာလဲစပိန်လို တိုက်စစ်ကောင်းတဲ့အသင်းကို အဓိကခံစစ်ကစားသမား အန်ဒါဆန်မပါနိုင်တဲ့ ဒိန်းမတ်ခံစစ်ကြောင်းကို ထိန်းချုပ်ဖို့မဖြစ်နိုင်သလို အကျောပေးမှုကလဲတစ်ဂိုးနဲ့နိုင်ရင် တစ်ဝက်လောက်ဆုံးရှုံးမဲ့အခြေအနေဖြစ်နေလို့ အနည်းဆုံးတစ်ဂိုးအထက်သွင်းယူပြီး အိမ်ရှင်အသင်းဖြစ်တဲ့ စပိန်အသင်း အနိုင်ရမှာဖြစ်ပါတယ်။

**စပိန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စပိန် | ၂ | - | ၁ | ဂျာမနီ |
| စပိန် | ၂ | - | ၁ | ပြင်သစ် |
| စပိန် | ၂ | - | ၁ | အင်္ဂလန် |
| ဆားဘီးယား | ၀ | - | ၀ | စပိန် |
| ဆွစ်ဇာလန် | ၁ | - | ၄ | စပိန် |

**ဒိန်းမတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဒိန်းမတ် | ၁ | - | ၁ | အင်္ဂလန် |
| ဒိန်းမတ် | ၀ | - | ၀ | ဆားဘီးယား |
| ဂျာမနီ | ၂ | - | ၀ | ဒိန်းမတ် |
| ဒိန်းမတ် | ၂ | - | ၀ | ဆွစ်ဇာလန် |
| ဒိန်းမတ် | ၂ | - | ၀ | ဆားဘီးယား |

# 5 Digits အောင်ဘာလေအွန်လိုင်းထီ လာတော့မည် ကံထူးရှင်ကြီးဖြစ်တော့မည်




- ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့မှစတင်၍ အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးဖြင့် ရောင်းချသွား မည်ဖြစ်ပြီး ထီလက်မှတ်တစ်စောင် တန်ဖိုးမှာ ကျပ် ၁၀၀၀ ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံးပါ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၉)ရက် နေ့အထိသာ နောက်ဆုံးရောင်းချပေးမည်ဖြစ်ပါသည်။
- ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့တွင် ဖွင့်လှစ်သော (၆၇)ကြိမ်မြောက် အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံးပါ အောင်ဘာ လေအွန်လိုင်းသိန်း ဆုထီစနစ်၏ ထီပေါက်စဉ်အား အသစ်ဆောင်ရွက်ထားသည့် အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံး အောင်ဘာလေ အွန်လိုင်းထီစနစ်တွင် ဆက်လက်ကြည့်ရှုနိုင်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား (၁)လလျှင် (၂)ကြိမ် ရောင်းချပေးမည် ဖြစ်ပြီး ရောင်းချမည့်ကာလ များမှာ လတစ်လ၏ (၁)ရက်နေ့မှ (၁၄)ရက်နေ့အထိ (၁)ကြိမ် နှင့် (၁၆)ရက်နေ့မှ လကုန်ရက် မတိုင်မီ (၁) ရက် အလိုအထိ (၁) ကြိမ် စုစုပေါင်း (၂) ကြိမ်ဖြစ်ပါ သည်။ လတစ်လ၏ ပထမအကြိမ်အတွက် ထီဖွင့်ပွဲအား လစဉ် (၁၆)ရက်နေ့ နှင့် ဒုတိယအကြိမ် အတွက် ထီဖွင့်ပွဲအား နောက်လ၏ (၂)ရက် နေ့တွင် ပုံမှန် ဖွင့်လှစ် ပေးသွားမည်ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ အောင်ဘာလေအွန်လိုင်းသိန်းဆုထီတွင် **Jackpot** ဆု၊ ယူနစ်ဆုနှင့် နစ်သိမ့်ဆု များဖြင့် ထီဆုများ ဖွင့်လှစ် ပေးမည် ဖြစ်ပါသည်။
- **Jackpot** ဆု၏ ထီလက်မှတ်ကံထူးရှင်အား (၃) ကြိမ်တိတိ ဖွင့်လှစ်ရွေးချယ်ပေးမည်ဖြစ်ပြီး (၃)ကြိမ် အတွင်းပေါက်မဲ နံပါတ် ထွက်ပေါ်လာပါက **Jackpot** ဆုကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။ (၃) ကြိမ်အတွင်း ပေါက်မဲနံပါတ် မထွက်ပေါ် ပါက **Jackpot** ဆုအတွက် ထီဆုငွေအား နောက်တစ်ကြိမ် ထီဖွင့်ပွဲတွင် ပေါင်းထည့်ပေးသွားမည် ဖြစ်ပါသဖြင့် ဆတိုးရရှိနိုင် သည့် ထီဆုကြီး အမျိုးအစားဖြစ်ပါသည်။ **Jackpot** ဆု အတွက် ကံထူးရှင် မထွက် ပေါ်လာသေးသော **Jackpot** ထီ ဆုငွေများအား အများဆုံး (၆)ကြိမ် (၃လ) အထိဆောင်ရွက် ပေးသွားမည် ဖြစ်ပါသည်။ (၆)ကြိမ်မြောက် တွင် **Jackpot** ထီဆုကြီးအား (၃) ကြိမ် မဟုတ်ပဲပေါက်မဲနံပါတ် ထွက်ပေါ်လာသည်အထိ ဖွင့်လှစ်ရွေးချယ်ပေးသွားမည်ဖြစ်ပါသည်။
- ယူနစ်ဆုနှင့် နစ်သိမ့်ဆုများကို ပေါက်မဲနံပါတ် မထွက်ပေါ်လာမချင်း ဖွင့်လှစ်ပေးသွားမှာဖြစ်ပြီး ယူနစ် ရသလောက်ဖွင့်လှစ်ပေးသွားမည် ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီကို ယခင် **Aung Bar Lay** အက်ပလီကေးရှင်း တွင်ပင် ဝယ်ယူကံစမ်းနိုင်ပါသည်။
- **Aung Bar Lay** အက်ပလီကေးရှင်းကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်နေ့တွင် **Version** အသစ်မြှင့်တင်မှု စတင် ဆောင်ရွက်နိုင်ပြီဖြစ်ပြီး ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့မှ စတင်၍ ထီလက်မှတ်ကို ဝယ်ယူကံစမ်း နိုင်မည်ဖြစ်ပါသည်။
- ထီလက်မှတ် ငွေပေးချေခြင်း နှင့် ထီဆုငွေထုတ်ယူခြင်းများသည် ယခင် အောင်ဘာလေအွန်လိုင်း သိန်းဆုထီစနစ် (အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံး) အတိုင်း ဖြစ်ပါသည်။

**၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့မှ စတင်ပြီး ကံစမ်းနိုင်တော့မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။**


# ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၆၅၀၇ ဧက စိုက်ပျိုးပြီးစီး



**ငပုတော အောက်တိုဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၆၅၀၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာထွန်းက ပြောပြ၍ သိရသည်။

ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၆၅၀၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ငရုတ်ကောင်းမြို့အတွင်း သီးနှံစုံ ၁၆၅၀၇ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနှစ် မိုးသီးနှံတွေထဲမှာ မိုးစပါးကို အများဆုံး စိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ မိုးသီးနှံတွေအားလုံး စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာတွေ ပို့ချဆောင်ရွက်နေပါတယ်။ စိုက်ပျိုးတဲ့သီးနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ သီးနှံတွေ အခက်အခဲမရှိ စိုက်ပျိုးဖို့အတွက် မစိုက်မီအချိန်ကနေ စိုက်ပျိုးပြီးတဲ့အချိန်ထိ တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဒါကြောင့် အခုလို လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ခဲ့တာပါ"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာထွန်းက ပြောပြသည်။

ငရုတ်ကောင်းမြို့၌ စိုက်ပျိုးပြီးစီးသည့် မိုးသီးနှံစုံ ၁၆၅၀၇ ဧကတွင် စပါး ၁၄၀၂၃ ဧက၊ မြေပဲ ၅၆၂ ဧက၊ နှမ်း ၅၁ ဧက၊ ဖူးစားပြောင်း ၂၄၇ ဧက၊ ကြံ ၄၁ ဧက၊ ပဲစင်းငုံ ၉၁ ဧက၊ ငရုတ် ဧက ၃၀၊ ကွမ်း ၃၂ ဧက၊ ပီလောပီနံ ဧက ၄၅၀၊ ပန်းအမျိုးမျိုး ဧက ၂၀၊ ဟင်းသီးဟင်းရွက် ၈၇၁ ဧက၊ ပိန်း ၈၉ ဧကဖြစ်ကြောင်း သိရသည်။

အဆိုပါ မိုးသီးနှံများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် မျိုးစေ့များ၊ သွင်းအားစုများနှင့် အခြားလိုအပ်သည့်အရာများကို စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဥတ္တရသီရိမြို့နယ် ဝက်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် အောက်တိုဘာ ၁၀**

နေပြည်တော် ပြည်ထောင်စုနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မောင်းရမ်းကျေးရွာအုပ်စု ဝက်စုကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်နှင့် ဝန်ထမ်းများက ဝက်စုကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာကာ ကျေးလက်ဒေသ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စီမံကိန်းမှရရှိလာမည့်အကျိုးကျေးဇူးများ၊ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ အရင်း၊အတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ဝက်စုကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၉ ဒသမ ၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဝက်စုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၉ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေဖတ်ကြစို့**

ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား . . .
ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
- ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
- ငွေသွင်းငွေထုတ်ခြင်း / ငွေလွှဲခြင်း
- Skynet Bill Payment ပေးသွင်းခြင်း
- Gift Card ပေးခြင်း
- Internet Bill ပေးဆောင်ခြင်း
- E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
- လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
- ပြည်ပ ငွေလွှဲ (ထိုင်း)
- ဈေးဝယ်ခြင်း

Customs Duty MMM Service

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း-၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း-၀၉ ၃၁၀၀ ၁၅၃၆



## တန်ဖိုးမြှင့်စားသောက်ကုန်(Bakery)ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်လှစ်ပို့ချမည်

| | |
|---|---|
| ရည်ရွယ်ချက် | - ဆန်၊ ပဲ၊ ပြောင်းနှင့် ဂျုံများကိုအခြေခံ၍တန်ဖိုးမြှင့်စားသောက်ကုန်များအဖြစ် ကျန်းမာရေးနှင့်ညီညွတ်စွာ ထုတ်လုပ်တတ်စေရန် |
| သင်တန်းကာလ | - ၂၁-၁၀-၂၀၂၄ ရက်နေ့မှ ၂၅-၁၀-၂၀၂၄ ရက်နေ့ အထိ |
| သင်တန်းချိန် | - နံနက် ၀၉:၀၀ နာရီမှ ၁၆:၃၀ နာရီထိ |
| ဖွင့်လှစ်မည့်နေရာ | - ၈၂ လမ်း × ၂၅ လမ်းထောင့်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး |
| ပို့ချမည့်ဘာသာရပ်များ | - Bakery အမျိုးမျိုးထုတ်လုပ်နည်း |
| သင်တန်းကြေး | - သင်တန်းကြေးအခမဲ့ |
| သင်တန်းပို့ချမည့်ဆရာများ | - မန္တလေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှနည်းပြများနှင့် ကျွမ်းကျင်ပညာရှင်များကိုယ်တိုင် ပို့ချပါမည်။ |

သင်တန်းပြီးဆုံးသည်နှင့် စီးပွားဖြစ်ထုတ်လုပ်ရောင်းချနိုင်သည်အထိ သင်ကြားပေးမည်ဖြစ်ပြီး ဤဌာနမှ လိုအပ်သော အကြံဉာဏ်များနှင့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပါမည်။

ဆက်သွယ်စာရင်းပေးရန်

**မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

**၈၂ လမ်း × ၂၅ လမ်းထောင့်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**

**၀၂-၄၀၃၉၆၀၉ ၊ ၀၉-၉၆၀၀၃၀၉၈၂၊ ၀၉-၉၅၇၄၈၅၉၀၄၊**

**★ ★ ★ သင်တန်းဆင်းလက်မှတ်ပေးအပ်ပါမည်။**

**သင်တန်းသားဦးရေ(၂၀)ဦးထိသာ ကန့်သတ်ထားပါသည်။ ★ ★ ★**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အကွက် (၆၈၀)၊ မောရဂီဝါ ရပ်ကွက်နေ (ဘ) ဦးရဲသိန်းထွန်း (၉/ခအဇ(နိုင်)၀၀၂၃၁၅)၏ သမီး မခင်နှင်းယုထွန်း နှင့် မမေဘရီယာထွန်း သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။ **မခင်နှင်းယုထွန်း (ခ) မမေဘရီယာထွန်း (၉/ခအဇ(နိုင်)၀၇၆၁၂၂)**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**အဖိုးတန် ရေချိုကို ချွေတာပါ**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP)ကို အသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာန အသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ် ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

"အဂတိလိုက်စားမှုတားဆီးဖို့ " 1111 " ကိုဖြေကြားစို့"

"ဝန်ဆောင်မှုများကောင်းစေရေး " 1111 " ကိုဖြေကြားပေး"

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ပညာတတ်နိုင်ငံသားများ အများဆုံးရှိနေသည့် နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုအမြင့်ဆုံးနိုင်ငံကြီးများအဖြစ် ရပ်တည်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်...

❖ "ပညာတတ်" နိုင်ငံသားများဆိုသည်မှာ "အရည်အချင်း"ကို ဆိုလိုပြီး "အများဆုံး"ရှိသည်ဆိုသည်မှာ "အရေအတွက်"ကို ဆိုလို...

❖ မိမိတို့နိုင်ငံသည်လည်း အရည်အချင်းရှိသည့် ပညာတတ်များ အရေအတွက်အများကြီးရှိသည့် နိုင်ငံဖြစ်လာရန်လိုအပ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး(၂/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား






အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး(၂/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၁၀

အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး(၂/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာ စကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံနှင့် ဒေါက်တာ မျိုးသိန်းကျော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယ ဝန်ကြီးများ၊ စာမျက်နှာ ၁၉ ကော်လံ ၁ ☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563